# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ဝါဆိုလကွယ် ၊ ကြာသပတေးနေ့ ၊ (24-7-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၈၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တပ်မတော်စစ်ကြောင်းများက သပိတ်ကျင်းမြို့ကို ပြန်လည်ထိန်းချုပ်



နေပြည်တော် ဇူလိုင် ၂၃

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် သပိတ်ကျင်းမြို့နယ်အတွင်းရှိ သပိတ်ကျင်းမြို့သည် မန္တလေးတိုင်းဒေသကြီး၏မြောက်ဘက်အကျဆုံးမြို့နယ်ဖြစ်သည်။ကချင်ပြည်နယ်၊စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့ရှိ မြို့များနှင့် နယ်နိမိတ်ချင်းထိစပ်နေပြီး ဧရာဝတီမြစ်၏အရှေ့ဘက်ကမ်းပေါ်၌ရှိသော သဘော်ဆိပ်မြို့လည်းဖြစ်သည်။သပိတ်ကျင်းမြို့သည် မန္တလေးမြို့နှင့်ရေကြောင်းအားဖြင့် ၇၇ မိုင်ခန့်သာဝေးကွာပြီး မန္တလေး၊ ဗန်းမော်၊ မြစ်ကြီးနား အစုန်-အဆန် သွားလာနေသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့မှ သင်္ဘောကြီးများနှင့် မန္တလေးနှင့် သပိတ်ကျင်း အစုန်-အဆန်သွားလာနေသည့် ကူးတို့သင်္ဘောငယ်များလည်းရှိသဖြင့် ရေကြောင်းသွားလာရေးနှင့် ကုန်သွယ်မှုကောင်းမွန်သည့် မြို့တစ်မြို့ဖြစ်သည်။ ကုန်းလမ်းကြောင်းအနေဖြင့် မိုးကုတ်မြို့နှင့် မိုင် ၄၀ ခန့်၊ မန္တလေးမြို့နှင့် မိုင် ၆၀ ခန့်ဝေးပြီး ယင်းမှတစ်ဆင့် မိုးမိတ်၊ ဗန်းမော်၊ မြစ်ကြီးနား စသည့် ကချင်ပြည်နယ်ဘက်သို့လည်းကောင်း၊ ကျောက်မဲ၊ သီပေါ စသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့လည်းကောင်း၊

စာမျက်နှာ ၁၆ ကော်လံ ၁

တပ်မတော်စစ်ကြောင်းများက TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များထံမှ သိမ်းဆည်းရရှိခဲ့သည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

## မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့် ဒေသအလိုက် နေရာကွက်၍ မိုးကြီးမည်

နေပြည်တော် ဇူလိုင် ၂၃

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံအရှေ့ပိုင်းနယ်စပ်ဒေသများကို ဖြတ်ကျော်နေသော လေဖိအားနည်းဆဲလ်၏ အရှိန်ကြောင့်လည်းကောင်း၊ ဇူလိုင် ၂၄ ရက်တွင် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ ဖြစ်ပေါ်လာနိုင်မည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့ညမှ ဇူလိုင် ၂၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊

စာမျက်နှာ ၂၀ ကော်လံ ၂




ရတနာပုံ
၂၀၂၅ ခုနှစ် ဇူလိုင် ၂၄ ရက်
အယ်ဒီတာ့အာဘော်

## နောင်ချိုဒေသခံကျောင်းသားများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ယူနိုင်ရေး

တပ်မတော်အနေဖြင့် ပြည်သူလူထုအေးချမ်းပျော်ရွှင်စွာ နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်သမားများကို အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးဖြင့် မဆုတ်မနစ်အသက်ကိုပင် ပဓာနမထားဘဲ ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁၆ ရက်ကစ၍ နောင်ချိုမြို့ကို အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ ယခုကဲ့သို့ နောင်ချိုမြို့ကို ပြန်လည်ထိန်းချုပ်ကာ အောင်ပွဲဆင်နိုင်ခဲ့ပြီးနောက် နိုင်ငံတော်ဝန်ကြီးချုပ်၏ ပထမဆုံးလမ်းညွှန်မှာကြားမှုသည် ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အတွက် အတန်းပညာတတ်မြောက်မှသာ အတတ်ပညာကို သင်ယူတတ်မြောက်နိုင်မည်ဖြစ်သည့်အတွက် ပညာတတ်များပေါ်များစေရန် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးဖြစ်ရာ ဇူလိုင် ၂၂ ရက်ကစ၍ နောင်ချိုမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်နှံမှုလက်ခံနေပြီဖြစ်ပါသည်။

ပညာရေးသည် နိုင်ငံတစ်နိုင်ငံ၊ လူမှုအဖွဲ့အစည်းတစ်ခု၏ အရေးအပါဆုံးသော ကဏ္ဍတွင် ရှိနေပါသည်။ ကျောင်းများသည် ပညာရေးကို အကောင်အထည်ဖော်သည့်နေရာဖြစ်ပြီး ကလေးများကို စာသင်ပေးရုံသက်သက်မဟုတ်၊ စာသာမက လူကိုပါ တန်ဖိုးမြင့်မားလာအောင် သင်ကြားပေးသည့်နေရာဖြစ်သည်။ မွေးကတည်းကပါလာသော လူ့အရည်အသွေးများကို ဆရာ၊ ဆရာမကောင်းများက ကျောင်းသား၊ ကျောင်းသူများ၏ အရည်အသွေးများ၊ စွမ်းရည်များ၊ ထူးချွန်ပြောင်လက်လာစေရန်၊ မိသားစုအတွက်သာမက နိုင်ငံတော်အတွက် တန်ဖိုးမြင့်လူသားတို့ဖြစ်လာစေရန် လေ့ကျင့်ပေးနိုင်သည့် နေရာသည် ကျောင်းများသာဖြစ်သည့်အတွက် နောင်ချိုဒေသခံမိဘပြည်သူများက မိမိတို့၏သားသမီးများ၏ အနာဂတ်ဘဝခရီးသာယာဖြောင့်ဖြူးရေးရှေးရှုကာ ကျောင်းအပ်နှံလျက်ရှိကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ဇူလိုင် ၂၁ ရက်က နောင်ချိုမြို့ မြို့နယ်ခန်းမ၌ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံစဉ် **"မိမိတို့နိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း ကျောင်းများအမြန်ဆုံးဖွင့်လှစ်နိုင်ရေးနှင့်ဇူလိုင် ၂၂ ရက်မှစ၍ ကျောင်းအပ်နှံနိုင်မှု စတင်လက်ခံရန် စီစဉ်ထားပြီးဖြစ်သကဲ့သို့ မိမိအနေဖြင့် မေတ္တာရပ်ခံလိုသည်မှာ မိမိတို့၏အနာဂတ် နိုင်ငံတော်ကို ဦးဆောင်နိုင်သည့် မျိုးဆက်သစ်ရင်သွေးငယ်များကို စာသင်ကျောင်းများသို့ မဖြစ်မနေ ပညာသင်ကြားနိုင်ရေး စေလွှတ်ပေးရန်ဖြစ်ကြောင်း၊ ပညာသင်ကြားပေးကြရမည့် ဆရာ၊ ဆရာမများကလည်း ကျောင်းဖွင့်ချိန်နောက်ကျခဲ့သည့်အတွက် ကျောင်းသင်ခန်းစာများကို ကျောင်းပိတ်ရက်အချို့မှရယူ၍ သင်ခန်းစာအကုန်သင်ကြားပေးစေလိုပါကြောင်းနှင့် တတ်မြောက်အောင်လည်း သင်ကြားပေးရန် တိုက်တွန်းလိုပါကြောင်း"** စသည်ဖြင့် ပြောကြားခဲ့သည်။

ယနေ့အချိန်တွင် နိုင်ငံတွင်း၌ ပညာမဲ့လူရမ်းကား အကြမ်းဖက်သမားများသည် နိုင်ငံ၏ပညာရေးကို နည်းအမျိုးမျိုးဖြင့် ဖျက်ဆီး၊ တားဆီး၊ ခြိမ်းခြောက်မှုများကို မိုက်မဲယုတ်ကမ်းစွာ ဆောင်ရွက်လျက်ရှိကြသည်။ သို့သော်လည်း မိမိတို့၏ရင်သွေးရတနာများကို မွေးရာပါ လူ့အရည်အသွေးများ ထက်မြက်စေပြီး လူ့တန်ဖိုးများမြင့်တက်လာကာ ငြိမ်းချမ်းမှုကို မြတ်နိုးတည်ဆောက်မည့် ပညာပြည့်ဝနှလုံးလှသူများဖြစ်လာစေရန် စုစုဝေးဝေး လေ့ကျင့်သင်ကြားပေးသည့်နေရာသည် ကျောင်းများသာလျှင်ဖြစ်ကြောင်း မိဘပြည်သူအပေါင်းက နားလည်ထားပြီးဖြစ်ပါသည်။ ထို့ကြောင့် နောင်ချိုဒေသခံ တိုင်းရင်းသားမျိုးဆက်သစ်မောင်မယ် ကျောင်းသား၊ ကျောင်းသူများ၏ အေးချမ်းပျော်ရွှင်စွာ ပညာသင်ယူခွင့် မထိခိုက်မဆုံးရှုံးစေရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မိဘ၊ ဆရာအပေါင်းက ဝိုင်းဝန်းကြိုးပမ်းဖော်ဆောင်ပေးကြပါရန် တိုက်တွန်းရေးသားအပ်ပါသည်။

## ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောစပါးများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ရွှေဘို ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောစပါးများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၀၀၂၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများကို ယခုနှစ် မေလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၅ ဒသမ ၄၆ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီပဲယင်းမြို့နယ်မှာ ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီက စပါး ၂၀၀၂၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နွေစပါးခင်းတွေ လက်ရှိအချိန်မှာ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ နွေစပါးစိုက် တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးနဲ့ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် နွေစပါးစိုက်တောင်သူများကို တစ်ဧကအထွက်နှုန်း တိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တောင်သူပညာပေးသင်တန်းနှင့် ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

## ဇလွန်မြို့နယ်တွင် နာနတ်သီးများ အရောင်းအဝယ်ကောင်းမွန်နေ



**ဇလွန် ဇူလိုင် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် ဒေသထွက် နာနတ်သီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ် ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြသည်။

ဇလွန်မြို့နယ်တွင် ယခုအချိန်သည် ဒေသထွက် နာနတ်သီးများ ထွက်ရှိပြီး ဇူလိုင်လ ပထမပတ်မှ ယနေ့တိုင် နာနတ်သီးများ ဝယ်လိုအားကောင်းလာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် ထွက်ရှိသည့် နာနတ်သီးများ တစ်ရက်လျှင် အလုံးရေ ၃၅၀၀၀ မှ ၄၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ဇလွန်မြို့နယ်က ထွက်ရှိတဲ့ နာနတ်သီးတွေ အဝယ်လိုက်ပြီး အရောင်းအဝယ် ကောင်းမွန်နေပါတယ်။ လက်ရှိဒေသမှာ မိသားစုဝင်ငွေတိုးစေမဲ့သီးနှံအဖြစ် စိုက်ပျိုးထားတဲ့ နာနတ်သီးတွေပေါ်ချိန်ဖြစ်ပါတယ်။ နာနတ်သီးတွေကို ဒေသဈေးကွက်နဲ့ အခြားဒေသတွေက အဝယ်များနေပါတယ်။ ဒေသထွက် နာနတ်သီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်ပါတယ်"ဟု ဇလွန်မြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြသည်။

ဇလွန်မြို့နယ်တွင် စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ်ကောင်းမွန်နေသည့် နာနတ်သီး အလုံးရေ ၁၀၀ လျှင် အရွယ်အစားပေါ်မူတည်ပြီး ငွေကျပ် ၁၃၀၀၀၀ မှ ၁၈၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသထွက် နာနတ်သီးများနှင့် အခြားကုန်စိမ်းများကို ပုသိမ်၊ ပန်းတနော်၊ ဟင်္သာတ စသည့်ဒေသများသို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း ဇလွန်မြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသူထံမှ သိရသည်။

**ကျော်ကျော်လင်း**

## သာစည်မြို့နယ် ဘုန်းတလုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဇူလိုင် ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ မန်ကျည်းခွကျေးရွာအုပ်စု ဘုန်းတလုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ဇူလိုင် ၂၂ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ဘုန်းတလုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၉ ဒသမ ၉သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဘုန်းတလုတ်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၉ ဦးကို ငွေကျပ် ၂၁ ဒသမ ၀၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၆ ဒသမ ၇၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၇၃ ဦးကို ငွေကျပ် ၂၂ ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၅ ဦးကို ရန်ပုံငွေကျပ် ၄၉ ဒသမ ၉ သန်းထုတ်ချေးပေးထားကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သရက်မြို့နယ် ပြရေ-ပုထိုး ကျေးရွာချင်းဆက်လမ်းပေါ်တွင် ရေကျော်တည်ဆောက်နေမှုလုပ်ငန်း စစ်ဆေး

**သရက် ဇူလိုင် ၂၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ပြရေ-ပုထိုး ကျေးရွာချင်းဆက်လမ်းပေါ်တွင် ရေကျော်တည်ဆောက်နေမှုလုပ်ငန်းအခြေအနေကို ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသက်အောင်သန့်၊ သရက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန မြို့နယ်တာဝန်ခံ အင်ဂျင်နီယာ ဒေါ်မေမီမီမင်းမြတ်နှင့် တာဝန်ရှိသူများက ပြရေ-ပုထိုး ကျေးရွာချင်းဆက်လမ်းပေါ်တွင် ရေကျော်တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသက်အောင်သန့်က ပြရေကျေးရွာနှင့် ပုထိုးကျေးရွာတို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့သည်။

ပြရေ-ပုထိုး ကျေးရွာချင်းဆက်လမ်းပေါ်၌ အရှည်ပေ ၁၂၀ ရှိရေကျော်တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေကျပ် ၁၁၇ ဒသမ ၂၄ သန်းဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဇွန်လစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သရက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

**ဆက်လူ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ဦးမြင့်နိုင်-ဒေါ်ခင်ရွှေ အာရှနိုင်အင်တာပရိုက်စ်ကုမ္ပဏီလီမိတက် မိသားစုက လျှောက်ကြောင့်ပျက်စီးနေသော အဆောက်အအုံများပြုပြင်ရန်အတွက် ငွေကျပ် ၁၀၀၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် ဦးစိုးလင်းနှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၈၂၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မင်းကင်း ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၈၂၄ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၅၂၉ ကေ၊ ဖူးစားပြောင်း ၃၃၀၁ ကေ စုစုပေါင်း ကေ ၃၈၃၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၂၈၃ ကေ၊ ဖူးစားပြောင်း ၂၅၄၁ ကေ စုစုပေါင်း၂၈၂၄ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ကေ ၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၂၈၂၄ ကေ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှား ရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေး ဆောင်ရွက်ပေးနေပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် ပြောင်းသီးနှံစိုက်ပျိုးရာတွင် တစ်ကေစိုက်ပျိုးပါက ငွေကျပ်ငါးသိန်း ကုန်ကျစရိတ်ရှိပြီး အစေ့ထုတ်ပြောင်း တစ်ကေလျှင် တင်း ၅၀ ကျော်ထွက်ရှိပြီး ဖူးစားပြောင်း တစ်ကေလျှင် ပြောင်းအဖူးရေ ၁၅၀၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။

ပြောင်းသီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံနိုင်မည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ပြောင်းသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဝမ်းတွင်းမြို့နယ် အောင်သာ(တ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝမ်းတွင်း ဇူလိုင် ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောင်သာ(တ) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၆၁ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အောင်သာ(တ)ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်း သူ ၉၂ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၆၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း သွေးခုံး ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဇူလိုင် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း သွေးခုံးပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြူကြူက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ဒေသထွက်ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး မေလအတွင်းက သွေးခုံးပိဿာချိန် ၇၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း သွေးခုံးပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် သွေးခုံး ၁၀ ပိဿာလျှင် ငွေကျပ် ၁၅၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဇွန်လအတွင်းမှာ သွေးခုံးတွေကို ရန်ကုန်ဈေးကွက်ထဲ တင်ပို့အားကောင်းခဲ့ပါတယ်။ ဒီဒေသကထွက်ရှိတဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချခဲ့တာပါ။ ပြည်တွင်းမှာကို သွေးခုံးက ဝယ်လိုအားကောင်းနေတဲ့ အခြေအနေရှိနေပါတယ်။ ဇွန်လအတွင်း သွေးခုံးပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဒေသကထွက်ရှိတဲ့ ရေထွက်ကုန်တွေက သန့်ရှင်းလတ်ဆတ်မှုလဲရှိပါတယ်။ လက်ရှိမှာလဲ သွေးခုံးတွေအပါအဝင် ဒေသထွက်ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်"ဟု ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြူကြူက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒေသထွက် ရေထွက်ကုန် သွေးခုံးများ တင်ပို့ရောင်းချနိုင်သည့်အတွက် ရေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ အရောင်းအဝယ်ပြုလုပ်သူများ အဆင်ပြေလျက်ရှိကြောင်း၊ အဆိုပါဒေသမှ ရန်ကုန်ဈေးကွက်သို့ သွေးခုံးများအပါအဝင် အခြားရေထွက်ကုန်နှင့် လယ်ယာထွက်ကုန်များလည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ရာဇိန္ဒရာဇဝရမဏ္ဍနီကျမ်း

**ဗိုလ်ရှိတ်(ရတနာပူရ)**

မုံရွေးဆရာတော်သည် မြန်မာစာပေသမိုင်းတွင် အလွန်ထင်ရှားသော၊ ကျော်ကြားတော်မူသော ဆရာတော်ကြီးဖြစ်သည်။ ပျို့၊ ကဗျာ၊ လင်္ကာများကို ပြုစုခဲ့သည်။ သမန္တစက္ခုဒီပနီကျမ်း၊ မေတ္တာစာများ၊ မှတ်စုများကိုလည်း ရေးသားပြုစုခဲ့သည်။ ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်တွင် မှန်နန်းမဟာရာဇဝင်တော်ကြီးပြုစုရေးအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ စေတီတော်များ၏ သမိုင်းနှင့်မင်းစဉ်မင်းဆက်များကို အကျဉ်းမျှသိစေရန် စေတိယကထာရာဇဝင်ချုပ်ကိုလည်း ရေးသားပြုစုခဲ့သည်။ မုံရွေးဆရာတော်ကြီးပြုစုသောကျမ်းများတွင် အထူးထင်ရှားသောကျမ်းတစ်စောင်မှာ "ရာဇိန္ဒရာဇဝရမဏ္ဍနီကျမ်း" ဖြစ်သည်။ ကျမ်း၏အဓိပ္ပာယ်မှာ "မင်းတကာမင်းတို့ထက်မြတ်သော မင်းမြတ်၏အဆင်တန်ဆာ"ဟူ၍ ဖြစ်ပေသည်။

ဤကျမ်း၏အမည်ကို မုံရွေးဆရာတော်ကြီးကိုယ်တိုင်က အတွဲတစ်တွဲပြီးလျှင် "ဣန္ဒဝဇိရာဘိလင်္ကာရသီရိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ဘဝရှင်ဆရာတော် အရိယဝံသအာဒိစ္စရံသီ ပုဂ္ဂိုလ်ထေရ်မြတ် ကြပ်မတ်ရုံးစုအပ်သော ရာဇိန္ဒရာဇဝရမဏ္ဍနီမည်သော မဟာရာဇဝင်ကျော်"ဟူ၍ အမည်ပေးထားသဖြင့် ပါဠိလို ရာဇိန္ဒရာဇဝရမဏ္ဍနီ၊ မြန်မာလိုအားဖြင့် မဟာရာဇဝင်ကျမ်းဟုခေါ်ကြောင်း သိရသည်။

ဤကျမ်းသည် မြန်မာရာဇဝင်ကို အပြည့်စုံဆုံးရေးထားသောကျမ်းပင်ဖြစ်သည်။ မုံရွေးဆရာတော်ကြီးပြုစုထားသည်ကို အစွဲပြုပြီး "မုံရွေးရာဇဝင်ကျော်"ဟု ခေါ်ကြသည်။ မုံရွေးဆရာတော်သည် မှန်နန်းမဟာရာဇဝင်တော်ကြီး ပြုစုရေးအဖွဲ့တွင် ပါဝင်သော်လည်း မုံရွေးရာဇဝင်ကျော်ကို အဘယ်ကြောင့် ထပ်မံ၍ရေးသနည်း။ ထိုအချက်ကို ဆရာကြီးဒေါက်တာတိုးလှက "ဆရာတော်သည် ရာဇဝင်ဗဟုသုတပြည့်စုံကြွယ်ဝပြီး ဒေသသမိုင်း အထူးသဖြင့် အလုံနယ်သမိုင်းကျွမ်းသည်ဖြစ်သောကြောင့် ထိုအကြောင်းတို့ကိုပါ ထည့်သွင်းရေးသားခဲ့သည်။ သို့သော် အဖွဲ့ဝင်များက မင်းကို ဗဟိုပြုရေးသားခြင်းကိုသာ လိုလားကြသဖြင့် ဆရာတော်ရေးသားချက်တချို့တို့ကို ဖြုတ်ပယ်ခဲ့ခြင်းကြောင့်ဟု ထင်မြင်မိပါသည်။ သို့မဟုတ် အများရေးသားကြသည်များတွင် ပြည်သူ့အကြောင်းမပါသဖြင့် ဖြည့်သွင်းရေးသားလိုသောကြောင့်ဟု ထင်နိုင်စရာရှိပါသည်"ဟု သုံးသပ်ထားပေသည်။

မှန်နန်းမဟာရာဇဝင်တော်ကြီး ရေးရာတွင် "ငါ့အကြိုက်မရေးရ၊ အများအကြိုက်ရေးရသည်။ ယခု ငါ့အကြိုက်ငါရေးမည်"ဟုဆိုကာ မိမိစိတ်ကြိုက် မုံရွေးရာဇဝင်ကျော်ကို ရေးသားပြုစုခဲ့ခြင်းဖြစ်သည်။

မုံရွေးရာဇဝင်ကျော်၌ မှန်နန်းမဟာရာဇဝင်တော်ကြီးတွင်မပါသည့် ခေတ်ပြိုင်မှတ်တမ်းများစွာတွေ့ရသည်။ အထူးသဖြင့် မုံရွာနယ်၊ မုံရွေးနယ်သမိုင်းကို ပို၍တိတိကျကျရေးထား၏။ သူ့မြို့၊ သူ့ရွာ၊ သူ့ဒေသအကြောင်းကို စိတ်ကြိုက်ရေးလို၍ မုံရွေးရာဇဝင်ကျော်ကို ထပ်မံရေးသားခြင်းဖြစ်သည်ဟု သိနိုင်ပါသည်။ မုံရွေးရာဇဝင်ကျော် ရှေ့ပိုင်းအကြောင်းအရာများသည် မှန်နန်းမဟာရာဇဝင်တော်ကြီးနှင့် မခြားလှသော်လည်း ညောင်ရမ်းခေတ်နှောင်းပိုင်းနှင့် ကုန်းဘောင်ခေတ်ကာလများသည် မှန်နန်းမဟာရာဇဝင်တော်ကြီးထက် ပို၍စုံလင်စွာရေးသားထားပေသည်။ ဥပမာအားဖြင့် ညောင်ရမ်းခေတ်နှောင်းပိုင်းနှင့် ကုန်းဘောင်ခေတ်ဦး စာဆိုတော်များအကြောင်းကို အောက်ပါအတိုင်း မှတ်တမ်းတင်ထား၏။

"ထိုဟံသာဝတီရောက် မင်းတရားကား အလွန်ပညာရှိတော်မူ၏။ ပညာရှိကိုလည်း ချီးမြှင့်တော်မူလေ့ရှိသောကြောင့် ပညာရှိလည်းများ၏။ ကိုယ်တိုင်လည်း "ပုဂ္ဂိုလ်ခြောက်မည်"ချီသောရတုစသည်တို့ကို ဆိုတော်မူ၏။ ကိုယ်၏အမတ် မြင်းခွာစားမင်းရာဇာလည်း "အောင်ပန်းညွန့်ရှည်"ချီ ဂိုဏ်းလင်္ကာ၊ "ထောက်ရှာဖွေနှည်"ချီသောရတု၊ "အောင်မြေရွှေပြည်"ချီသောရတု၊ နန်းဖွင့်မော်ကွန်း၊ တပ်ကြီးဘွဲ့မော်ကွန်း၊ ဟိတကာရီပျို့တို့ကိုဆို၏။ နန်းတော်သစ်ရပ်နေ ဆီသည်ရွာစားမောင်ရည် "သာစွလေ"ချီသော ဆဲ့နှစ်ရာသီလူးတားကို ဆို၏။ မြေနန်းကျောင်းတိုက် ညောင်ပင်ကျောင်းနေ ရှင်ပဏ္ဍိတလည်း "လုစ္စတိပလုစ္စတိတိလောကော"ချီသော ရတုလူးတားကို ဟံသာဝတီရောက်မှဆို၏။ ရွှေစေတီတိုက် ရှင်ပညာစက္ကလည်း ဥမ္မာဒန္တီစသောပျို့ကိုဆို၏။ ပဒေသရာဇာလည်း မနော်ဟရီပျို့၊ ကုမ္မာဘယပျို့၊ မနိခက်ပျို့၊ သူဇာပျို့၊ ကျေးဇူးတော်ပျို့၊ မင်းနန်ပျို့၊ ယသောဓရာပျို့၊ ဆန္ဒပျို့၊ သိင်္ဂါဝတ္ထုဟောင်း စသည်တို့ကိုဆို၏။ ပဒေသရာဇာကား မင်းတို့နှင့်တကွ အောက်သို့ပါသည်။ သန်လျင်သို့ရောက်မှ နာ၍လွန်သည်။ မြင်းခွာစားကား ပဲကူးသို့ပါသည်။ ပဲကူးကသည် ရတနာသိင်္ဃ သို့ ရောက်ပြန်သည်။ အင်ရုံစားလည်း ပဲကူးပါပင်။ နောက်အောင်တော်မူလျှင်ရတနာသိင်္ဃသို့ရောက်ပြန်သည်။ ရတနာသိင်္ဃသို့ရောက်မှ အလောင်းမင်းတရားက တိုက်တွန်းတော်မူ၍ မင်းစည်နန်းသုံးစာတမ်းကို လျှောက်ရသည်။ မုံရွေးဇာတိ မောင်နေကား သက္ကရာဇ် တထောင့်ရှစ်ဆယ့်ငါးခု ဝါဆိုလတွင် ဖွားသည်။ အသက်နှစ်ဆယ်ပြည့် သက္ကရာဇ်တထောင့်တရာ့ငါးခုတွင် မင်းတရားကြီးက စစ်ကိုင်းဘုရင်သားတော်ကြီး သီရိမဟာသုဓမ္မရာဇာ အကြီးတော်အရာနှင့်အပ်လိုက်၍ တောင်တွင်းရွာကို သနားတော်မူလိုက်သည်။ ရန္တကျော်(စွာ)ဟူသောအမည်၊ သားတော်မရှိနောက် ပျံချီကျော်ထင်ဟူသောအမည်နှင့် ဒဝယ်ဆောင်တော်မှာမြဲစွဲရသည်။ အဝတိမ်းယိမ်းလျှင် ရပ်ရွာမှာနေသည်။ သက္ကရာဇ်တထောင့်တရာ့တဆယ့်ငါးခု အလောင်းမင်းတရားခေါ်တော်မူ၍ ရတနာသိင်္ဃကုန်းဘောင်ပြည်သို့ ရောက်သည်။ လက်ဝဲသုန္ဒရ၊ နောက်ဟံသာဝတီနန်းတော်တွင် လက်ဝဲနော်ရထာ၊ ကန်တွင်းစေတီတော်ဒါယကာ လက်ထက် စည်သူကျော်ထင်၊ နောက်ရှင်ဖြူရှင် လက်ထက် နေမျိုးသီရိဇေယျကျော်ထင် အတွင်းဝန်ခန့်သည်။ နောက်နေမျိုးမဟာကျော်ထင်၊ နောက်နေမျိုးမဟာသင်္ခယာကျော်ထင်၊ မြောက်ဘက်တိုက်ဝန်ခန့်သည်။ မင်္ဂလာရွှေဘုံငါးထပ် ဒါယကာ လက်ထက် မင်းကြီးနေမျိုးမဟာကျော်ထင်၊ အမရပူရမြို့တည်မင်းတရားလက်ထက် အတွင်းဝန်မဟာသီဟသူရခံသည်။ ရွှေထီးရွှေနန်းအဆက်ဆက် ပညာရှိအရာနှင့် မြဲစွဲထမ်းရွက်ရသည်။ ဤသို့သော အရည်အသွေးရှိသောသူတို့ကိုလည်း အသီးသီးချီးမြှင့်တော်မူသည်"

**ပေမူမှ ပုံနှိပ်မူသို့**

မုံရွေးရာဇဝင်ကျော်ပေမူမှာ ၁၁ ကြောင်းရေးပေဖြစ်ပြီး အင်္ဂါ ၁၂၀ ကျော်ရှိသည်။ ပေထုပ်ရေမှာ လေးထုပ်ရှိသည်။ မုံရွေးဆရာတော်သည် ဤရာဇဝင်ကျော်ကို အင်းဝမြို့ မင်္ဂလာဘုံသာကျောင်း၌ သီတင်းသုံးစဉ် ရေးသားပြုစုခဲ့သည်ဟုသိရသည်။ ချောင်းဦးမောင်စန္ဒာ၏မှတ်တမ်းအရ မုံရွေးရာဇဝင်ကျော်သည် မှန်နန်းမဟာရာဇဝင်တော်ကြီးထက်ပင် ပေထုပ်ရေပိုသည်ဟုဆိုရပေမည်။ မှန်နန်းမဟာရာဇဝင်တော်ကြီးသည် ၁၀ ကြောင်းရေးပေဖြစ်ပြီး အထုပ်အားဖြင့် သုံးထုပ်ရှိသည်။ မုံရွေးရာဇဝင်ကျော်မှာ ၁၀ ကြောင်းရေးပေဖြစ်ပြီး အထုပ်အားဖြင့် လေးထုပ်ရှိသည်ဟု ဆိုထား၏။

> **❖ကျမ်း၏အမည်ကို မုံရွေးဆရာတော်ကြီးကိုယ်တိုင်က အတွဲတစ်တွဲပြီးလျှင် "ဣန္ဒဝဇိရာဘိလင်္ကာရသီရိဓဇမဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ်တော်ရ ဘဝရှင်ဆရာတော် အရိယဝံသအာဒိစ္စရံသီ ပုဂ္ဂိုလ်ထေရ်မြတ် ကြပ်မတ်ရုံးစုအပ်သော ရာဇိန္ဒရာဇဝရမဏ္ဍနီမည်သော မဟာရာဇဝင်ကျော်"ဟူ၍အမည်ပေးထားသဖြင့် ပါဠိလို ရာဇိန္ဒရာဇဝရမဏ္ဍနီ၊ မြန်မာလိုအားဖြင့် မဟာရာဇဝင်ကျမ်းဟုခေါ်ကြောင်း သိရသည်။ ❖**

မုံရွေးရာဇဝင်ကျော်သည် တစ်ချိန်က ပုံနှိပ်မူဖြင့် မရှိခဲ့ပေ။ တက္ကသိုလ်များဗဟိုစာကြည့်တိုက်တွင် ပေမူဖြင့်သာ ရှိနေခဲ့သည်။ မုံရွေးရာဇဝင်ကျော်ရှိသည့်အကြောင်းကို ဆရာကြီးမြန်မာဂုဏ်ကျော်မြင့်၏ စာပေတာဝန်၊ ဆရာမကြီးဒေါက်တာရီရီ၏ မြန်မာနိုင်ငံအခြေအနေစာအုပ်တို့ကိုဖတ်ရှု၍သာ သိခဲ့ရပါသည်။ ထို့နောက်တွင် မုံရွေးရာဇဝင်ကျော် လက်ရေးမူကို ဆရာကြီးတမ္ပဝတီဦးဝင်းမောင်ထံမှ ငှားယူဖတ်ရှုခဲ့ပါသည်။ ဆရာကြီး၏လက်ရေးမူမှာ အဆုံးထိမပါပါ။ ပထမအင်းဝခေတ်ဦးပိုင်းထိသာ ပါရှိသည်။

ထိုကဲ့သို့ ရှားပါး၍တိမ်မြုပ်နေသော မုံရွေးရာဇဝင်ကျော်ကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် ပန်းရွှေပြည်စာအုပ်တိုက်က ပုံနှိပ်ထုတ်ဝေခဲ့သည်။ ပေမူမှ ပထမဆုံးပုံနှိပ်မူသို့ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ပန်းရွှေပြည်စာအုပ်တိုက်က မုံရွေးရာဇဝင်ကျော်ကို ပထမအုပ်၊ ဒုတိယအုပ်ဟူ၍ ထုတ်ဝေခဲ့သည်။ တတိယအုပ်ကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှ ထုတ်ဝေနိုင်ခဲ့သည်။

**မုံရွေးရာဇဝင်ကျော်ပထမအုပ်**

ပန်းရွှေပြည်စာအုပ်တိုက်က ထုတ်ဝေထားသော မုံရွေးရာဇဝင်ကျော် ပထမအုပ်တွင် ကျမ်းဦးစကား၊ ကမ္ဘာတည်ဟန်အကြောင်းများမှစ၍ ပထမအင်းဝမင်းဆက် သတိုးမင်းစောလက်ထက်တိုင် ဖော်ပြထား၏။ ပေမူအတွဲရေအားဖြင့် ပြောရမည်ဆိုလျှင် ပေပထမထုပ် ပထမပိုင်းမှစ၍ နဝမအပိုင်းထိ ဖော်ပြထား၏။

**ဒုတိယအုပ်**

ဒုတိယအုပ်တွင် တောင်ငူမြို့နှင့် တောင်ငူမင်းဆက်များမှစ၍ ညောင်ရမ်းခေတ် ပြည်မင်းလက်ထက်တိုင်ဖော်ပြထား၏။ ပေမူအတွဲရေအားဖြင့် ဒသမပိုင်းမှစ၍ အဋ္ဌာရသမပိုင်(၁၈)ထိ ဖော်ပြထား၏။ ပေထုပ်ရေအားဖြင့် ဒုတိယထုပ်အပြီးထိပါ၏။

**တတိယအုပ်**

မုံရွေးရာဇဝင်ကျော်တတိယအုပ်တွင် ပြည်မင်းလက်ထက် ယိုးဒယားတို့ ကျူးကျော်လာသည့်အကြောင်းမှစ၍ နှောင်တော်ကြီး ဒီပဲယင်းမင်းလက်ထက် လယ်တွင်းဒေသတွင် မင်းခေါင်နော်ရထာကျဆုံးသည့်အခန်းထိပါရှိသည်။ အပိုင်း ၁၉ မှ အပိုင်း ၂၇ ထိပါသည်။ ဤစာအုပ်တွင် မှန်နန်းမဟာရာဇဝင်တော်ကြီးနှင့်မတူသော ဖြည့်စွက်ချက်များစွာပါ၏။ ညောင်ရမ်းခေတ်နှောင်းပိုင်းနှင့် ကုန်းဘောင်ခေတ်အတွက် အထူးအားထားရသောအပိုင်းဖြစ်သည်။

**စတုတ္ထအုပ်**

မုံရွေးရာဇဝင်ကျော် စတုတ္ထအုပ်ကို ပန်းရွှေပြည်စာအုပ်တိုက်က ၂၀၂၂ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ "မုံရွေးရာဇဝင်ကျော် စတုတ္ထအုပ် (နောက်ဆုံးအုပ်)" ဟူ၍ မျက်နှာဖုံးတွင် ပါရှိသည်။ ဤစာအုပ်တွင် မုံရွေးရာဇဝင်ကျော်အပြင် မုံရွေးဆရာတော်ကြီးပြုစုသော စေတိယကထာရာဇဝင်ချုပ်ကိုပါ နောက်ဆက်တွဲအဖြစ် ဖော်ပြထားသည်ကို တွေ့ရသည်။ ထုတ်ဝေသူ၏ စေတနာဟု ဆိုရမည်ဖြစ်သည်။

စတုတ္ထအုပ်တွင် နှောင်တော်ကြီး ဒီပဲယင်းမင်းက မင်းခေါင်နော်ရထာကိုနှိမ်နင်းပြီး ၁၁၂၂ ခုနှစ် ပြာသိုလပြည့်ကျော် ၁၀ ရက် ဗုဒ္ဓဟူးနေ့ (၁၇၆၁ ခုနှစ် ဇန်နဝါရီ ၁ ရက်)တွင် ရတနာသိင်္ဃမြို့သို့ ပြန်ရောက်သည့်အချိန်မှစတင်ထားပြီး ဘကြီးတော်စစ်ကိုင်းမင်းလက်ထက် တရုတ်ပြည်သို့သွားသော သံအဖွဲ့များ အင်းဝမြို့သို့ ပြန်ရောက်သည့်အခန်းတွင် အဆုံးသတ်ထားသည်။ အတွဲအားဖြင့် အတွဲ ၂၈ မှ အတွဲ ၃၅ ထိ ပါရှိသည်။ နှောင်တော်ကြီး ဒီပဲယင်းမင်းသည် မင်းခေါင်နော်ရထာခေါ် ငတွန်ပုန်ကန်မှုကို နှိမ်နင်းပြီး) ရတနာသိင်္ဃမြို့သို့ ပြန်ရောက်သည့်အခန်းမှ စတင်ထားပြီး ဘကြီးတော်စစ်ကိုင်းမင်းလက်ထက် တရုတ်ပြည်သို့သွားသည့် သံအဖွဲ့ အင်းဝမြို့သို့ ပြန်ရောက်သောအခါတွင် ထိုသံအဖွဲ့ဝင်များကို ဘွဲ့တံဆိပ်များပေးသည့်အခန်း၌ အဆုံးသတ်ထားသည်။

ဤတွင် သတိပြုစရာအချက်တစ်ချက်ကို ဆိုပါဦးမည်။ မုံရွေးရာဇဝင်ကျော်သည် အစအဆုံးအတွဲပေါင်း ၃၅ တွဲရှိရာတွင် အတွဲတိုင်း အတွဲတိုင်းတွင် နိဂုံးစကားများပါရှိသော်လည်း အတွဲ ၃၅ ဖြစ်သည့် နောက်ဆုံးအတွဲတွင် နိဂုံးစာသားမပါရှိပေ။ အတွဲ ၃၅ သည် နောက်ဆုံးအပိုင်းဖြစ်သောကြောင့် ကျမ်းပြီးနိဂုံးပါရှိရမည်ဖြစ်သည်။ သို့သော် ဤစာအုပ်မူ၌ မပါရှိပေ။ ထိုအကြောင်းကို မုံရွေးရာဇဝင်ကျော် တည်းဖြတ်ထုတ်ဝေသူ ကိုရွှေသိမ်းမင်းက "မုံရွေးမဟာရာဇဝင်ကျော် ပေကူးလက်ရေးမူ၌ ဤမျှအထိသာပါပါသည်။ အပိုင်း ၃၅ ပြီးကြောင်း မပါသဖြင့် မပြည့်စုံသေးဟုယူဆရမည်လား၊ အပိုင်း ၃၅ ပြီးပါလျက် အပိုင်း ၃၅ ပြီးကြောင်းကိုပင် ထည့်မကူးမိသည်လား သို့တည်းမဟုတ် ကျမ်းပြုဆရာတော်သည် အကြောင်းကြောင်းကြောင့် ဤကျမ်းကို ဆက်မရေးဖြစ်တော့သည်လား မသိချေ"ဟု မှတ်ချက်ပြုထားသည်။ မုံရွေးရာဇဝင်ကျော် ကျမ်းပြီးနိဂုံးပါမပါနှင့် စပ်လျဉ်း၍ ချောင်းဦးမြို့နယ် မုံရွေးရွာ ဇေတဝန်ကျောင်းတော်ရှိ မုံရွေးရာဇဝင်ကျော်ပေမူကို ကိုယ်တိုင်ကြည့်ခဲ့ဖူးသူ ဆရာပုရိသထံ လှမ်းမေးရာတွင် ကျမ်းပြီးနိဂုံးပါရှိကြောင်း ဆရာက ပြောပါသည်။ ဆရာ့၏အဆိုအရ မုံရွေးရာဇဝင်ကျော်သည် ကျမ်းပြီးနိဂုံးပါရှိသည်ဟုဆိုရမည်ဖြစ်သည်။ ယခု စာအုပ်မူမှာ ကျမ်းပြီးနိဂုံးမပါသောမူဟူ၍သာ ဆိုရပါမည်။

**နိဂုံးသုံးသပ်ချက်**

ယခုပုံနှိပ်မူဖြင့် ရိုက်နှိပ်ထားသော ပထမအုပ်နှင့် ဒုတိယအုပ်တွင်ပါဝင်သည့်အပိုင်းများသည် မှန်နန်းမဟာရာဇဝင်တော်ကြီးပါ အကြောင်းအရာများနှင့် မထူးခြားလှပေ။ ခေတ်ပြိုင်မှတ်တမ်းအနေဖြင့် တန်ဖိုးထားလေ့လာရမည့် အပိုင်းများမှာ ညောင်ရမ်းခေတ်နှောင်းပိုင်းနှင့် ကုန်းဘောင်ခေတ်ကာလ အကြောင်းအရာများပင်ဖြစ်သည်။ ထိုအပိုင်းများကို မုံရွေး ဆရာတော်သည် သူ၏ စိတ်ကြိုက်ကိုယ်တွေ့များထည့်သွင်းရေးသားခဲ့သဖြင့် ခေတ်ပြိုင်မှတ်တမ်းတစ်ခုအနေဖြင့် တန်ဖိုးများစွာရှိ၏။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၇၅၈၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကျွန်းလှ ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၇၅၈၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၄၀၉၇ ကေ စိုက်ပျိုးရန် လျာထားပြီး အဆိုပါမိုးစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇူလိုင်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၅၈၂ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ စပါးကေ ၃၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၇၅၈၂ ကေ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးတွေစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် မိုးစပါးများ အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်နေကြောင်း၊ စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ သဘာဝမြေဩဇာနှင့် ပိုးသတ်ဆေးများပြုလုပ်သုံးစွဲတတ်စေရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် စိုက်ပျိုးထားသော စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း စသည့် လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ရာ စပါးကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

(၂၀၆)

## မြန်မာ့အစွမ်း

\- မြန်မာ့အကျိုး သယ်ပိုးကြပါ
လူငယ်မျိုးဆက် တိုးတက်စေဖို့ရာ
စာပေပညာ သင်ကာဆည်းပူး
ကမ္ဘာ့အလယ် ဂုဏ်မငယ်
ရှုဖွယ်မြင့်မြတ် တင့်ထူးသည်တည့်လေး။

\- တိုင်းပြည်ကျေးဇူး ဆပ်ဖူးစေချင်
ဘာသာမျိုးချစ် တွေးစစ်မှတ်တမ်းတင်
တို့ပြည်တစ်ခွင် တီထွင်ကြိုးစား
စက်မှုပညာ လေ့လာကာ
မြန်မာလူမျိုး စွမ်းအားသည်တည့်လေး။

\- မြန်မာ့စိတ်ထား ရိုးသားဖြူဖြူ
သာကီနွယ်မျိုး ကောင်းကျိုးထမ်းရွက်ယူ
အောင်လံလွှင့်ထူ မွေးကြူသတင်း
အဆင့်တန်းမီ တို့ဂုဏ်ရည်
မြန်ပြည်အောင်ပန်း ဂုဏ်သင်းသည်တည့်လေး။

\- ကြိုးစားဆွေရင်း သွေးချင်းစုံရယ်
ဉလည်းမကွဲ ယှဉ်တွဲနေထိုင်မယ်
အဖျက်ရန်စွယ် တွန်းပယ်ဖယ်ရှား
နိုင်ငံစွမ်းအင် တို့မြင့်တင်
ဂုဏ်အင်မညှိုး ခွန်အားသည်တည့်လေး။

\- ကြိုးစားအစဉ်သာ မြန်မာစွမ်းပေါ့တည်။
\- တိုးပွားပညာ မင်္ဂလာလွှမ်းတော့သည်။ ။

**မောင်မျိုးချစ်(အညာမြေ)**

## မင်းလှမြို့နယ် လွင်ပြင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်း စစ်ဆေး

**မင်းလှ ဇူလိုင် ၂၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လွင်ပြင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) ဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်၊ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းနှင့် ဝန်ထမ်းများက လွင်ပြင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ လွင်ပြင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၉ ဦးကို ငွေကျပ် ၂၉ ဒသမ ၁၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၁၃၀ ကို ငွေကျပ် ၁၁ ဒသမ ၇ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူသုံးဦးကို ငွေကျပ် သုည ဒသမ ၁၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၄၂ ဦးကို VRFP စီမံကိန်းရန်ပုံငွေ ကျပ် ၄၁ သန်း ထုတ်ချေးပေးထားပြီး လုပ်ငန်းများလည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။


**အေးမြတ်**

### ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



### ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်



အိမ်တွင်း ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများပြုလုပ်ပါ။ အာဟာရပြည့်ဝစေမည့် အစားအစာများ စားသောက်ပါ။ ကောင်းစွာအိပ်စက်အနားယူပါ။

## နိုင်ငံတကာ သတင်းများ

# ရာထူးမှနုတ်ထွက်မည့်သတင်းများကို ဂျပန်ဝန်ကြီးချုပ် အီရှီဘာ ငြင်းဆို

**တိုကျို ဇူလိုင် ၂၃**

အထက်လွှတ်တော်ရွေးကောက်ပွဲ၌ လက်ရှိအာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ ရှုံးနိမ့်ခဲ့ရပြီးနောက် ရာထူးမှနုတ်ထွက်ပေးရန် ဂျပန်ဝန်ကြီးချုပ် အီရှီဘာက စီစဉ်ထားကြောင်း ဂျပန်ပြည်တွင်းမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ဂျပန်မီဒီယာများ၏အဆိုအရ ဝန်ကြီးချုပ် အီရှီဘာအနေဖြင့် လာမည့်ဩဂုတ်လကုန်ပိုင်းတွင် ရာထူးမှနုတ်ထွက်ပေးရန် စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် ဝန်ကြီးချုပ်ရာထူးမှနုတ်ထွက်ပေးရန် စီစဉ်ထားသည်ဆိုသော ဂျပန်မီဒီယာများ၏ သတင်းများကို အသက် ၆၈ နှစ်အရွယ် ဂျပန်ဝန်ကြီးချုပ် အီရှီဘာက ငြင်းပယ်ထားသည်။ ပြည်တွင်း မီဒီယာများက ဖော်ပြနေသည့် အဆိုပါသတင်းမှာ အခြေအမြစ်မရှိကြောင်း ဂျပန်ဝန်ကြီးချုပ်အီရှီဘာက ပြောကြားထားသည်။

ဝန်ကြီးချုပ် အီရှီဘာသည် ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင်အဖြစ် ရွေးချယ်ခံခဲ့ရပြီးနောက် ဂျပန်ဝန်ကြီးချုပ်ရာထူးကို စတင်ရယူခဲ့သည်။

ဇူလိုင် ၂၀ ရက်တွင် ကျင်းပခဲ့သည့် ဂျပန်အထက်လွှတ်တော်ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် အီရှီဘာ၏ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီမှာလွှတ်တော်ကို အမတ်နေရာအများစုဖြင့် ထိန်းချုပ်ထားနိုင်စွမ်း လက်လွှတ်ဆုံးရှုံးခဲ့ရကြောင်း သိရသည်။ **Ref : Xinhua**

**Trs : KKO**

# ဇင်ဘာဘွေ၌ ယာဉ်မတော်တဆမှုဖြစ်ပွား လူပေါင်း ၁၇ ဦး သေဆုံး

**ဟာရာရီ ဇူလိုင် ၂၃**

ဇင်ဘာဘွေနိုင်ငံ အရှေ့မြောက်ပိုင်း၌ မီနီဘတ်စ်တစ်စီးနှင့် ကုန်တင်ယာဉ်တစ်စီးတို့ ဇူလိုင် ၂၂ ရက်တွင် ခေါင်းချင်းဆိုင်ဝင်တိုက်ခဲ့ရာ လူပေါင်း ၁၇ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

အဆိုပါ ယာဉ်တိုက်မှုဖြစ်စဉ်သည် ဟာရာရီမြို့ အရှေ့တောင်ဘက် ၁၅ ဒသမ ၅ မိုင်ခန့် အကွာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဇင်ဘာဘွေရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ဖြစ်စဉ်မှာ အရှိန်မထိန်းနိုင်သည့် ကုန်တင်ယာဉ်သည် ဆန့်ကျင်ဘက်လမ်းကြောပေါ်သို့ ရောက်ရှိသွားပြီးနောက် မီနီဘတ်စ်တစ်စီးနှင့် ဝင်တိုက်ခဲ့ခြင်းဖြစ်ကြောင်း ဇင်ဘာဘွေရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

မီနီဘတ်စ်ယာဉ်ကို ဝင်မတိုက်မီ ကုန်တင်ယာဉ်သည် လမ်းသွားလမ်းလာနှစ်ဦးကိုလည်း ဝင်တိုက်ခဲ့ကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယာဉ်တိုက်မှုအတွင်း မီနီဘတ်စ်ပေါ်လိုက်ပါလာသည့် ခရီးသည် ၁၇ ဦးအနက် ၁၅ ဦးနှင့်လမ်းသွားလမ်းလာနှစ်ဦး သေဆုံးခဲ့ရသည်။

မော်တော်ယာဉ်များကို အရှိန်ဖြင့်မောင်းနှင်မှု၊ လမ်းများဆိုးရွားမှုတို့ကြောင့် ယာဉ်မတော်တဆမှုများ ဇင်ဘာဘွေနိုင်ငံ၌ အဖြစ်များတတ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**



# တရုတ်သမ္မတရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးရေးအတွက် တရုတ်သို့သွားရောက်နိုင်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်ပြောကြား



**ဝါရှင်တန် ဇူလိုင် ၂၃**

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးရေးအတွက် မကြာမီကာလအတွင်း မိမိအနေဖြင့် တရုတ်နိုင်ငံသို့ သွားရောက်ဖွယ်ရှိကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာနှင့် အိမ်ဖြူတော်၌ တွေ့ဆုံဆွေးနွေးပြီးနောက် သတင်းထောက်များနှင့်တွေ့ဆုံစဉ် တရုတ်ခရီးစဉ်နှင့် ပတ်သက်၍ အဆိုပါအတိုင်း ထုတ်ဖော်ပြောကြားထားခြင်း ဖြစ်ကြောင်း သိရသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်က တရုတ်နိုင်ငံသို့လာရောက်ရန် မိမိကိုဖိတ်ကြားထားရာ မိမိအနေဖြင့်လည်း မကြာမီကာလအတွင်း တရုတ်နိုင်ငံသို့ သွားရောက်နိုင်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

ယင်းအပြင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်မိမိတို့ကြား ပုဂ္ဂိုလ်ရေးဆက်ဆံမှုမှာ အားကောင်းခိုင်မာနေဆဲဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

အကယ်၍ ခရီးစဉ်ဖြစ်မြောက်ခဲ့ပါက ယင်းခရီးစဉ်သည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အတွက် သမ္မတရာထူးကို ဒုတိယအကြိမ်ရယူပြီးနောက်ပိုင်း ပထမဆုံးတရုတ်ခရီးစဉ် ဖြစ်လာလိမ့်မည်ဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့သည် တောင်ကိုရီးယားနိုင်ငံ၌ ယခုနှစ်အတွင်း ကျင်းပမည့် အာရှ-ပစိဖိတ် ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အေပက်) ထိပ်သီးညီလာခံတွင်လည်း သီးခြားတွေ့ဆုံနိုင်ခြေရှိကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# ဇူလိုင်မုန်တိုင်းအမည်ရှိ စစ်ရေးလေ့ကျင့်မှု ရုရှားရေတပ်စတင်

**မော်စကို ဇူလိုင် ၂၃**

ရုရှားရေတပ်သည် စစ်ရေယာဉ်အစီး ၁၅၀ ကျော်နှင့် တပ်ဖွဲ့ဝင် ၁၅၀၀၀တို့ ပါဝင်သော အဓိကစစ်ရေးလေ့ကျင့်မှုတစ်ခုကို ယနေ့တွင် စတင်ပြုလုပ်နေကြောင်း သိရသည်။

အဆိုပါရေတပ်စစ်ရေးလေ့ကျင့်မှုများကို ပစိဖိတ်သမုဒ္ဒရာ၊ အာတိတ်သမုဒ္ဒရာ၊ ဘောလ်တစ်ပင်လယ်နှင့် ကတ်စပီယံပင်လယ်ဒေသများ၌ ပြုလုပ်နေခြင်းဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဇူလိုင်မုန်တိုင်းဟူ၍ အမည်ပေးထားသည့် အဆိုပါရေတပ်စစ်ရေးလေ့ကျင့်မှုကို ယနေ့မှ ဇူလိုင် ၂၇ ရက်ထိ ပြုလုပ်မည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



ဇူလိုင်မုန်တိုင်းရေတပ်စစ်ရေးလေ့ကျင့်မှုများအတွင်း ပုံမှန်မဟုတ်သည့် စစ်ဆင်ရေးများအတွက် ရုရှားရေတပ်၏ အသင့်အနေအထားပြင်ဆင်ထားနိုင်မှုကို ဆန်းစစ်မည်ဖြစ်ကြောင်း ရုရှားတပ်မတော် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဇူလိုင်မုန်တိုင်းရေတပ်စစ်ရေးလေ့ကျင့်မှုတွင် စစ်လေယာဉ် ၁၂၀ ကျော်နှင့် ကမ်းရိုးတန်းအခြေစိုက်ဒုံးကျည်စနစ်၁၀ ခုတို့လည်း ပါဝင်ကြောင်း သိရသည်။

ရုရှားနိုင်ငံသည် တရုတ်နှင့် အမေရိကန်နိုင်ငံတို့ပြီးလျှင် ကမ္ဘာပေါ်၌ တတိယမြောက်ရေတပ်အင်အားအကြီးမားဆုံး နိုင်ငံဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# တရုတ်နိုင်ငံသားများအတွက် ခရီးသွားဗီဇာများ အိန္ဒိယသံရုံး ပြန်လည်ထုတ်ပေးမည်

**ပေကျင်း ဇူလိုင် ၂၃**

လာမည့်ဇူလိုင် ၂၄ ရက်(ယနေ့)မှစ၍ တရုတ်နိုင်ငံသားများအတွက် ခရီးသွားဗီဇာများကို အိန္ဒိယနိုင်ငံက ပြန်လည်စတင်ထုတ်ပေးမည်ဖြစ်ကြောင်း တရုတ်နိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ငါးနှစ်ကြာမျှတင်းမာခဲ့ရသော နှစ်နိုင်ငံဆက်ဆံရေးကို ပြန်လည်ပြင်ဆင်ရေးအတွက် တရုတ်နှင့်အိန္ဒိယတို့က ကြိုးပမ်းနေစဉ် တရုတ်နိုင်ငံသားများအတွက် ခရီးသွားဗီဇာများ ပြန်ထုတ်ပေးရန် အိန္ဒိယနိုင်ငံက စီစဉ်ထားခြင်းဖြစ်သည်။

၂၀၂၀ ပြည့်နှစ်အတွင်း ပိုင်ဆိုင်ခွင့်အငြင်းပွား ဟိမဝန္တာနယ်စပ်တစ်နေရာ၌ နှစ်ဖက်တပ်များကြား ပဋိပက္ခတစ်ရပ် ပေါ်ပေါက်ခဲ့ရပြီးနောက် တရုတ်နှင့် အိန္ဒိယတို့ကြား နှစ်နိုင်ငံဆက်ဆံရေး တင်းမာခဲ့ရသည်။

အဆိုပါ ဟိမဝန္တာနယ်စပ်ပဋိပက္ခအတွင်း တရုတ်တပ်ဖွဲ့ဝင်လေးဦးနှင့် အိန္ဒိယတပ်ဖွဲ့ဝင် ၂၀ သေဆုံးခဲ့ရသည်။

အဆိုပါဖြစ်ရပ်ကို တုံ့ပြန်သည့်အနေဖြင့် အိန္ဒိယနိုင်ငံသည် တရုတ် ရင်းနှီးမြှုပ်နှံမှုများကို ကန့်သတ်ခဲ့ပြီး တရုတ်အပလီကေးရှင်းများကိုလည်း ပိတ်ပင်ခဲ့သည်။

သို့ရာတွင် နောက်ပိုင်း၌ တရုတ်နှင့်အိန္ဒိယနှစ်နိုင်ငံဆက်ဆံရေးမှာ ပြန်လည်တိုးတက်ကောင်းမွန်လာခဲ့ပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် တရုတ်သမ္မတရှီကျင့်ဖျင်နှင့် အိန္ဒိယဝန်ကြီးချုပ်မိုဒီတို့ ရုရှား၌ တွေ့ဆုံဆွေးနွေးနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## တောင်ကိုရီးယားနိုင်ငံက ၂၀၄၅ ခုနှစ်တွင် လကမ္ဘာပေါ်၌ အခြေစိုက်စခန်းတစ်ခု တည်ဆောက်ရန် ရည်ရွယ်ထား



**ဆိုးလ် ဇူလိုင် ၂၃**

တောင်ကိုရီးယားနိုင်ငံသည် ၂၀၄၅ ခုနှစ်တွင် လကမ္ဘာပေါ်၌ အခြေစိုက်စခန်းတစ်ခု တည်ဆောက်ရန် ရည်ရွယ်ထားကြောင်း ဇူလိုင် ၂၂ ရက် သတင်းများအရ သိရသည်။

၂၀၄၅ ခုနှစ်အရောက်တွင် လပေါ်၌ အခြေစိုက်စခန်းတည်ဆောက်ရေးအစီအစဉ်လမ်းပြမြေပုံကို ကိုရီးယားအာကာသအေဂျင်စီ (ကာဆာ)က ထုတ်ပြန်ထားကြောင်း သိရသည်။

ကာဆာအနေဖြင့် လကမ္ဘာစူးစမ်းလေ့လာရေး လုပ်ငန်းများအတွက် လဆင်းယာဉ်နှင့်လမျက်နှာပြင်လေ့လာရေး ယာဉ်များကို ပြည်တွင်းမှာပင် တည်ဆောက်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် ကာဆာသည် လကမ္ဘာစူးစမ်းလေ့လာရေးအစီအစဉ်တွင်ပါဝင်သည့် အချို့သုတေသနလုပ်ငန်းများကို စတင်နေပြီဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံသည် လကမ္ဘာစူးစမ်းလေ့လာရေးမစ်ရှင်များနှင့်ပတ်သက်၍ အတွေ့အကြုံများရှိထားသည့် နိုင်ငံဖြစ်ကြောင်း သိရသည်။

၂၀၂၂ ခုနှစ် ဩဂုတ်လက တောင်ကိုရီးယားနိုင်ငံသည် ၎င်း၏ ပထမဆုံးလကမ္ဘာလေ့လာရေးအာကာသယာဉ်ဖြစ်သည့် ဒါနူရီအမည်ရှိ အာကာသယာဉ်ကို လွှတ်တင်ခဲ့ရာ ၎င်းအာကာသယာဉ်သည် လက်ရှိအချိန်ထိ လကမ္ဘာကို စူးစမ်းလေ့လာနေဆဲဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## Space-X ကုမ္ပဏီက ဂြိုဟ်တုနှစ်စင်းလွှတ်တင်မည့်အစီအစဉ်ကို မလွှတ်တင်မီ စက္ကန့်အနည်းငယ်မျှအလိုတွင် ဖျက်သိမ်းခဲ့ရ

**ဝါရှင်တန် ဇူလိုင် ၂၃**





အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် ဇူလိုင် ၂၁ ရက်က ဂြိုဟ်တုနှစ်စင်းလွှတ်တင်မည့်အစီအစဉ်ကို မလွှတ်တင်မီ စက္ကန့်အနည်းငယ်မျှ အလိုတွင် ဖျက်သိမ်းခဲ့ရကြောင်း ဇူလိုင် ၂၂ ရက် သတင်းများအရ သိရသည်။

Space-X ကုမ္ပဏီသည် SES 03b m POWER အမည်ရှိ ဆက်သွယ်ရေးဂြိုဟ်တု နှစ်စင်းကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်အာကာသစခန်းမှတစ်ဆင့် ဇူလိုင် ၂၁ ရက်က ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် အထက်ပါမစ်ရှင်ကို မလွှတ်တင်မီ ၁၁ စက္ကန့်အလိုတွင် ကြေညာခြင်းမရှိသည့် အကြောင်းတရားတစ်ရပ်ကြောင့် Space-X ကုမ္ပဏီက ဖျက်သိမ်းခဲ့ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် လက်ရှိအချိန်ထိ SES 03b m POWER မစ်ရှင် လွှတ်တင်ရေးအစီအစဉ်ဖျက်သိမ်းခဲ့ရသည့် အကြောင်းတရားကို ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

SES 03b mPOWER ဆက်သွယ်ရေး ဂြိုဟ်တုနှစ်စင်းသည် လူဇင်ဘတ်နိုင်ငံ အခြေစိုက် SES mPOWER ကုမ္ပဏီ၏ ဆက်သွယ်ရေး ဂြိုဟ်တုများဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## တာရိုဆောရပ်စ် ခေါ် ကမ္ဘာဦးမိုးပျံတွားသွားသတ္တဝါများ စားသုံးတတ်သည့်အစားအစာများကို သိပ္ပံပညာရှင်များ ဖော်ထုတ်နိုင်ခဲ့

**ပေကျင်း ဇူလိုင် ၂၃**

တရုတ်နိုင်ငံ၌ တူးဖော်တွေ့ရှိခဲ့ရသည့် ကျောက်ဖြစ်ရုပ်ကြွင်း အထောက်အထားများအရ တာရိုဆောရပ်စ် ခေါ် ကမ္ဘာဦးမိုးပျံတွားသွားသတ္တဝါများ စားသုံးတတ်သည့်အစားအစာများကို သိပ္ပံပညာရှင်များက ဖော်ထုတ်နိုင်ခဲ့ကြောင်း ဇူလိုင် ၂၂ ရက် သတင်းများအရ သိရသည်။

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း၌ တာရိုဆောရပ်စ်မျိုးစိတ်သစ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို တရုတ်နှင့် ဘရာဇီးသိပ္ပံပညာရှင်များက တူးဖော်တွေ့ရှိထားကြောင်း သိရသည်။

Sinopterus atavismus ဟူ၍ အမည်ပေးထားသည့် အဆိုပါ တာရိုဆောရပ်စ် ကျောက်ဖြစ်ရုပ်ကြွင်း၏ အစာအိမ်ထဲ၌ Phyto-liths ခေါ် တွင်းထွက်ဓာတ်တစ်မျိုး ပါဝင်လျက်ရှိရာ အဆိုပါတာရိုဆောရပ်စ်အနေဖြင့် အပင်များကို စားသုံးထားသည့် သဘောဖြစ်ကြောင်း သိရသည်။

ထို့ပြင် Sinopterus atavismus တာရိုဆောရပ်စ် အစာအိမ်ထဲ၌ သလင်းကျောက် ပုံဆောင်ခဲများလည်းရှိနေသည်ဖြစ်ရာ တာရိုဆောရပ်စ်များအနေဖြင့် အစာကို ခြေဖျက်ရာတွင် အထောက်အကူရရေးအတွက် မျိုထားသည့်သဘောဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ယနေ့ခေတ် ငှက်များသည်လည်း အစာခြေဖျက်ရာတွင် အထောက်အကူ ရရေးအတွက် ကျောက်ခဲကျောက်စများကို မျိုချလေ့ရှိကြောင်း သိရသည်။

တာရိုဆောရပ်စ်များသည် ထရိုင်အားဆစ် ဘူမိခေတ်နှောင်းပိုင်းတွင် စတင်ပေါ်ထွက်လာပြီး ခရီတေးရှီးယပ်စ်ဘူမိခေတ်နှောင်းပိုင်းထိ ကမ္ဘာပေါ်၌ ဒိုင်နိုဆောသတ္တဝါများနှင့်အတူ ရှင်သန်ခဲ့ကြကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## သက်ကြီးပိုင်းများ ဂီတတူရိယာတစ်မျိုးကိုသင်ကြားပါက ဦးနှောက်ကျန်းမာရေးအတွက် အကျိုးရှိ

**ပေကျင်း ဇူလိုင် ၂၃**

သက်ကြီးပိုင်းများအနေဖြင့် ဂီတတူရိယာ တစ်မျိုးမျိုးကို လေ့လာသင်ကြားပါက ဦးနှောက်ကျန်းမာရေးအတွက် အကျိုးကျေးဇူးရှိကြောင်း သုတေသနပညာရှင်များက ဇူလိုင် ၂၂ ရက်တွင် ပြောကြားသည်။

တရုတ်နှင့် ကနေဒါသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဂီတတူရိယာများတီးခတ်လေ့ကျင့်သူ သက်ကြီးပိုင်းများ၏ ဦးနှောက်ကျန်းမာရေးမှာ ပုံမှန်ထက် ပိုကောင်းနေတတ်ကြောင်း သိရသည်။

ထို့ပြင် ဂီတတူရိယာတီးခတ်မှု၏ အထက်ပါအကျိုးကျေးဇူးကို ဂီတတူရိယာများကို နှစ်ပေါင်းများစွာ တီးခတ်ခဲ့သူများသာမက အသက်ကြီးမှ ဂီတတူရိယာစတင်လေ့လာသူများလည်း ရယူခံစားနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသနပညာရှင်များသည် ဂီတတူရိယာများကို နှစ်ပေါင်းများစွာတီးခတ်ခဲ့သူနှင့် မတီးခတ်သူများပါဝင်သော အသက် ၆၅ နှစ်အထက် သက်ကြီးပိုင်းများ၏ ဦးနှောက်ကို သံလိုက်လှိုင်းပုံရိပ်ဖော်စနစ်(MRI)ဖြင့် ဓာတ်မှန်ရိုက်ကူး၍ ဦးနှောက်အတွင်း သွေးစီးဆင်းမှုပုံစံကို တိုင်းတာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ ဂီတတူရိယာများကို နှစ်ပေါင်းများစွာတီးခတ်ခဲ့သော သက်ကြီးပိုင်းများ၏ ဦးနှောက်ကျန်းမာရေးမှာ ပုံမှန်ထက် ပိုကောင်းနေသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Xinhua News

Trs : KKO

## ရုံးပတီသီးစားသုံးမှုက အဝလွန်မှုကြောင့် ပေါ်ထွက်လာသည့် ဆိုးကျိုးများမှ ဦးနှောက်ကို ကာကွယ်ပေးနိုင်ဖွယ်ရှိ

**လန်ဒန် ဇူလိုင် ၂၃**

ရုံးပတီသီးစားသုံးမှုသည် အဝလွန်မှုကြောင့် ပေါ်ထွက်လာသည့် ဆိုးကျိုးများမှ ဦးနှောက်ကို ကာကွယ်ပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ဇူလိုင် ၂၂ ရက်တွင် ပြောကြားသည်။

ဓာတ်ခွဲခန်းအတွင်း ကြွက်များဖြင့်စမ်းသပ်ခဲ့သော လက်တွေ့စမ်းသပ်မှုများအရ ရုံးပတီသီးဓာတ်စာသည် အဝလွန်မှု၊ သွေးအတွင်း သကြားဓာတ်ပါဝင်မှုနှုန်း မြင့်မားမှုနှင့် ဦးနှောက်ရောင်ရမ်းမှုများကို လျှော့ချရာတွင် အထောက်အကူပြုနိုင်သည်ကို တွေ့ရကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် ရုံးပတီသီးသည် Hy-pothalamus ခေါ် ဦးနှောက်နယ်မြေ၏ အင်ဆူလင်တုံ့ပြန်နိုင်စွမ်းကို ထိန်းပေးထားနိုင်သည်ကိုလည်း သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြကြောင်း သိရသည်။

အထက်ပါကျန်းမာရေးအကျိုးကျေးဇူးများသည် ရုံးပတီသီးတွင် ပါဝင်သည့်ဓာတုပစ္စည်းများကြောင့် ပေါ်ထွက်လာခြင်းဖြစ်နိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ရုံးပတီသီးတွင် အောက်ဆီဂျင်ဓာတ်ဖျက်ပစ္စည်းများ ပါဝင်မှုမြင့်မားသကဲ့သို့ Catechins နှင့် Quercetin ကဲ့သို့ အပင်ထွက်ဓာတုဒြပ်ပေါင်းများလည်း ပါဝင်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO






## ပါမီးယက်စ် ကွင်းလယ်ကစားသမား ရီယို့စ်ကို ဘင်ဖီကာအသင်း ယူရို ၂၇ သန်းဖြင့်ခေါ်ယူ

လစ္စဘွန်း ဇူလိုင် ၂၃

ဘင်ဖီကာအသင်းသည် ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါမီးယက်စ်အသင်းနှင့် အတူ ခြေစွမ်းပြသနိုင်ခဲ့သည့် ကွင်းလယ်ကစားသမား ရီယို့စ်ကို ပြောင်းရွှေ့ကြေး ယူရို ၂၇ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

ကွင်းလယ်ကစားသမား ရီယို့စ်ကိုခေါ်ယူရန် ဘင်ဖီကာအသင်းသည် ကစားသမားအတွက် အပိုဆုကြေးအပါအဝင် ပြောင်းရွှေ့ကြေး ယူရို ၂၇ သန်းထိ အသုံးပြုခဲ့ပြီးနောက် ၂၀၃၀ ပြည့်နှစ်ထိ ငါးနှစ်သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။

ပါမီးယက်စ် အသင်းသည် ကစားသမားအတွက် ကနဦး ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀ ထိ အလိုရှိသော်လည်း ကစားသမား ကိုယ်တိုင်က ပြောင်းရွှေ့ကစားလိုသောကြောင့် ဘင်ဖီကာအသင်း တာဝန်ရှိသူများက ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ရာ ယူရို ၂၇ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၂၅ နှစ်ရှိကစားသမားသည် ပါမီးယက်စ်အသင်းတွင် ခြေစွမ်း ပြသနိုင်ခဲ့သည့်အတွက် အသင်းနှင့်အတူ ဆုဖလားများစွာ ရရှိခဲ့သည့်အပြင် နိုင်ငံလက်ရွေးစင် ကိုလံဘီယာ အသင်းတွင်လည်း ပြိုင်ပွဲစုံ ၁၂ ပွဲထိ ပါဝင်ကစားခွင့် ရရှိခဲ့သည်။

ကွင်းလယ်ကစားသမား ရီယို့စ်ကိုခေါ်ယူရန် စီးရီးအေကလပ် ရိုးမားအသင်း၊ အင်တာမီလန်အသင်း၊ ပရီးမီးယားလိဂ်ကလပ် နော့တင်ဟမ်အသင်း၊ ရုရှားကလပ် ဇင်းနစ်အသင်းတို့က အပြိုင် ကမ်းလှမ်းခဲ့သော်လည်း ကစားသမားက ပေါ်တူဂီကလပ်သို့သာပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့သောကြောင့် ဘင်ဖီကာအသင်းကသာ လက်ဦးမှုရယူနိုင်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML




## အမျိုးသမီး ယူရို ၂၀၂၅ ဗိုလ်လုပွဲသို့ လက်ရှိချန်ပီယံအင်္ဂလန်အသင်း တက်ရောက်



လန်ဒန် ဇူလိုင် ၂၃

အမျိုးသမီးယူရို ၂၀၂၅ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အင်္ဂလန်အသင်းနှင့် အီတလီအသင်းတို့ယှဉ်ပြိုင်ခဲ့ရာ အင်္ဂလန်အမျိုးသမီးအသင်းက နောက်ကျဂိုးသွင်းယူ၍ အချိန်ပိုတွင် နိုင်ပွဲရခဲ့သောကြောင့် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အင်္ဂလန်အမျိုးသမီးအသင်းသည် အီတလီအမျိုးသမီးအသင်းကို နိုင်ပွဲရရှိရန် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ရပြီး အပြန်အလှန် ဖိအားပေးမှုများကြောင့် ပထမပိုင်းတွင် အီတလီအမျိုးသမီးအသင်းက ဦးဆောင်ဂိုးသွင်းယူ၍ တစ်ဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရခဲ့သည်။

ဒုတိယပိုင်း ပွဲကစားချိန်တွင် အင်္ဂလန်အသင်း တိုက်စစ်ကစားပုံမြင့်တင်၍ ချေပဂိုးရရှိရန်ကြိုးပမ်းခဲ့ရာ အီတလီအသင်း ခံစစ်ကစားပုံကောင်းမှုကြောင့် ဂိုးရရှိရန် ခက်ခဲခဲ့ပြီး နာကျင်အချိန်ပိုခြောက်မိနစ်ကျော်တွင် အီတလီအသင်းခံစစ်ပိုင်း အားနည်းမှုကို အကောင်းဆုံးအသုံးချ၍ အင်္ဂလန်အသင်းက ချေပဂိုးသွင်းယူနိုင်ခဲ့သဖြင့် သရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့ပြီး အချိန်ပိုဆက်လက်ကစားခဲ့ရသည်။

အချိန်ပိုတွင် တိုက်စစ်ပိုင်း အပြောင်းအလဲ ပြုလုပ်လာသည့် အင်္ဂလန် အမျိုးသမီးအသင်းက ပိုမိုဖိအားပေးနိုင်ခဲ့သဖြင့် ပွဲကစားချိန် ၁၁၈ မိနစ် အရောက်တွင် ပင်နယ်တီကန်သွင်းခွင့် ရရှိခဲ့ရာ ကယ်လီကန်သွင်းမှုကို အီတလီဂိုးသမား ကာကွယ်နိုင်ခဲ့သော်လည်း ပြန်ထွက်လာသည့် အပိုင်အခွင့်အရေးကို ကယ်လီကဂိုးအဖြစ် ပြောင်းလဲခဲ့သောကြောင့် နှစ်ဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရခဲ့ပြီး ဗိုလ်လုပွဲ တက်ရောက်ခဲ့ကြောင်း သိရသည်။

ယခုပြိုင်ပွဲတွင် အင်္ဂလန်အမျိုးသမီးအသင်းသည် ကွာတားဖိုင်နယ်အဆင့်တွင် ဆွီဒင်အသင်းကို နှစ်ဂိုးပြတ်ရှုံးနိမ့်ရာမှ ပွဲပြီးဆုံးခါနီး ၁၁ မိနစ်အလိုတွင် ချေပဂိုး ပြန်လည်သွင်းယူ၍ ပင်နယ်တီတွင် နိုင်ပွဲရယူခဲ့သည့်အပြင် ဆီမီးဖိုင်နယ်တွင် အီတလီအသင်းကို နာကျင်အချိန်ပို၌ ချေပဂိုးသွင်းယူ၍ အချိန်ပိုတွင် ဦးဆောင်ဂိုးရခဲ့သောကြောင့် နောက်ကျသွင်းဂိုးများဖြင့် နိုင်ပွဲရခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက် ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

## ယူရိုပါလိဂ်ပြိုင်ပွဲမှ ကွန်ဖရင့်လိဂ်ပြိုင်ပွဲသို့ ဆင်းကစားရမည့် ပဲလေ့စ်အသင်းက CAS သို့ အယူခံတင်သွင်း

လန်ဒန် ဇူလိုင် ၂၃

ပဲလေ့စ်အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက အက်ဖ်အေဖလား ဆွတ်ခူးနိုင်ခဲ့သဖြင့် ယူရိုပါလိဂ်ပြိုင်ပွဲ ကစားခွင့်ရခဲ့သော်လည်း အသင်းပိုင်ရှင်တူစည်းမျဉ်းကြောင့် ယူရိုပါကွန်ဖရင့်လိဂ်သို့ ဆင်းကစားရမည်ဖြစ်သောကြောင့် အားကစားဆိုင်ရာခုံသမာဓိရုံး (CAS) သို့ အယူခံတင်သွင်းခဲ့ကြောင်း သိရသည်။

ပဲလေ့စ်အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက အက်ဖ်အေဖလားဖိုလ်လုပွဲစဉ်တွင် မန်စီးတီးအသင်းကိုအနိုင်ယူ၍ ယူရိုပါလိဂ်ဝင်ခွင့်ရရှိခဲ့ပြီးနောက် ရက်သတ္တပတ်အကြာတွင် လိုင်ယွန်အသင်းကလည်း ယူရိုပါလိဂ်ပြိုင်ပွဲကစားခွင့်ရရှိခဲ့ရာ ပရီးမီးယားလိဂ်ကလပ် ပဲလေ့စ်အသင်းနှင့် လိုင်ယွန်အသင်းတို့ကို ဂျွန်တက်တောက ပိုင်ဆိုင်ထားသည့်အတွက် ပိုင်ရှင်တူစည်းမျဉ်းကြောင့် ယူအီးအက်ဖ်အေက သတ်မှတ်ထားသည့် သက်ဆိုင်ရာ လိဂ်ပြိုင်ပွဲတွင် အဆင့်ရပ်တည်မှုပေါ် မူတည်၍ ကလပ်အသင်း တစ်သင်းသာ ယူရိုပါလိဂ် ပါဝင်ကစားခွင့်ရမည်ဖြစ်သည်။

ပဲလေ့စ်အသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အဆင့်(၁၂) နေရာတွင်သာရပ်တည်လျက်ရှိပြီး လိုင်ယွန်အသင်းက လီဂူးပြိုင်ပွဲ အဆင့်(၆)တွင် ရှိနေသောကြောင့် ပဲလေ့စ်အသင်းအနေဖြင့် ယူရိုပါကွန်ဖရင့်လိဂ်သို့ တန်းဆင်းကစားရမည်ဖြစ်ကာ ကွန်ဖရင့်လိဂ်ကစားခွင့်ရထားသည့် နော့တင်ဟမ်အသင်းက ယူရိုပါလိဂ်တွင် ကစားခွင့်ရမည်ဖြစ်ပြီး အဆိုပါဆုံးဖြတ်ချက်ကို လာမည့် ဩဂုတ် ၁၁ ရက်မတိုင်မီ ချမှတ်သွားမည်ဖြစ်သော်လည်း ပဲလေ့စ်အသင်းက အယူခံတင်သွင်းခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ပဲလေ့စ်အသင်းပိုင်ရှင် ဂျွန်တက်တောက အသင်းပိုင်ရှယ်ယာများကို နယူးယောက်ဂျက်အသင်းပိုင်ရှင် ဝူဒီဂျွန်ဆင်ထံ ရောင်းချခဲ့သောကြောင့် အယူခံတင်သွင်းမှု အောင်မြင်နိုင်ဖွယ်ရှိကြောင်း သိရသည်။ Ref : Espn

Trs : ML

## အားကစားသတင်းအတိုအထွာများ

- စပိန်လာလီဂါသို့ တန်းတက်လာသည့် အယ်ချီအသင်းက ရီးရဲလ်မက်ဒရစ်အသင်း လူငယ်တိုက်စစ်မှူး အယ်ဗာရိုရိုဒရီဂွက်ဇ်ကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ပြီး စာချုပ်ကုန်ဆုံးပါက အပြီးသတ်ဝယ်ယူခွင့်ပါရှိကြောင်း သိရသည်။
- ရိုးမားအသင်းက အသက် ၂၀ ရှိဘရိုက်တန်အသင်းမှ တိုက်စစ်မှူး ဖာဂူဆန်ကို လုပ်ခလစာ ယူရိုသုံးသန်းဖြင့် တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း သိရသည်။
- စင်ကာပူခြေစမ်းခရီးစဉ်တွင် ယှဉ်ပြိုင်ခဲ့သည့် အာဆင်နယ်အသင်းနှင့် အေစီမီလန်အသင်းတို့ပွဲစဉ်တွင် အာဆင်နယ်အသင်းက တိုက်စစ်ကစားသမား ဆာကာ၏သွင်းဂိုးဖြင့် နိုင်ပွဲရခဲ့ပြီး ပင်နယ်တီကန်သွင်းမှုတွင် အေစီမီလန်အသင်းက ခြောက်ဂိုး ငါးဂိုးဖြင့် အာဆင်နယ်အသင်းကို အနိုင်ရခဲ့သည်။
- ချဲလ်ဆီးအသင်းက အရောင်းစာရင်းတင်သွင်းထားသည့် တိုက်စစ်မှူး စတားလင်းကို လေဗာကူဆင်အသင်းနည်းပြ တန်ဟတ်က ခေါ်ယူရန်ဂျူဗင်တပ်အသင်းနှင့် အပြိုင်ကြိုးပမ်းလျက်ရှိသည်။

ML

## ရီးရဲလ်မက်ဒရစ်အသင်းက ကွင်းလယ်ကစားသမား ကာမာဗင်ဂါကို လက်ရှိအပြောင်းအရွှေ့ကာလတွင် ရောင်းချရန်ဆုံးဖြတ်

မက်ဒရစ် ဇူလိုင် ၂၃

ရီးရဲလ်မက်ဒရစ် အသင်းက အသင်းမှ ကွင်းလယ်ကစားသမား ကာမာဗင်ဂါကို လက်ရှိနွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် ရောင်းချရန်အတွက် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။




အသက် ၂၂ နှစ်သာရှိသေးသည့် ကာမာဗင်ဂါသည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က ရင်းနက်အသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး နည်းပြဟောင်း အန်ဆယ်လော့တီလက်အောက်တွင် အစောပိုင်းနှစ်များက အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့သော်လည်း နောက်ပိုင်းကာလများတွင် ဒဏ်ရာပြဿနာများကြောင့် ရုန်းကန်နေရသူဖြစ်သည်။

လက်ရှိနည်းပြသစ် ဇာဗီအလွန်ဆိုသည် အသင်းကွင်းလယ်ပိုင်းတွင် ကာမာဗင်ဂါထက် ချူအာမန်နီ၏ ခြေစွမ်းပိုင်းကို ပိုမိုနှစ်သက်နေသည့်အတွက် ရီးရဲလ်မက်ဒရစ် အသင်းက လက်ရှိ အပြောင်းအရွှေ့ကာလ မပြီးဆုံးမီ ကာမာဗင်ဂါကို ရောင်းချရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ် အသင်းအနေဖြင့် အစောပိုင်းက ကာမာဗင်ဂါကို ရောင်းချရန် အစီအစဉ်မရှိဘဲ ချူအာမန်နီကိုသာ ရောင်းချရန် ဆုံးဖြတ်ထားသော်လည်း နည်းပြသစ် အလွန်ဆိုက ကာမာဗင်ဂါထက် ချူအာမန်နီကိုသာ အသင်းတွင် ဆက်လက် ထိန်းသိမ်းထားလိုသည့်အတွက် ရီးရဲလ်မက်ဒရစ် အသင်းကလည်း ဆုံးဖြတ်ချက်ပြောင်းလဲခဲ့ပြီး ချူအာမန်နီကို အသင်းတွင် ဆက်လက်ထိန်းသိမ်းရန်ဆုံးဖြတ်ခဲ့ကာ ကာမာဗင်ဂါကို ပြန်လည် ရောင်းချရန်အတွက် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# ကြံ့ခိုင်ရေးနည်းပြ ဖာရာရာနှင့် ပြန်လည်လက်တွဲမည်ဖြစ်ကြောင်း ဂျန်နစ်ခ်ဆင်နာထုတ်ပြန်



ရောမ ဇူလိုင် ၂၃

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် အီတလီတင်းနစ်ကစားသမားဂျန်နစ်ခ်ဆင်နာသည် ကြံ့ခိုင်ရေးနည်းပြအဖြစ် ဖာရာရာအား ပြန်လည်ခန့်အပ်ကြောင်း ယနေ့တွင် တရားဝင်ထုတ်ပြန်ခဲ့သည်။

ဂျန်နစ်ခ်ဆင်နာသည် ၂၀၂၄ ခုနှစ်က တားမြစ်ဆေးသုံးစွဲမှုကြောင့် သုံးလပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရပြီးနောက် ကြံ့ခိုင်ရေးနည်းပြ ဖာရာရာ၏ မှားယွင်းမှုကြောင့်ဖြစ်ကြောင်း စွပ်စွဲပြောဆိုကာ ရာထူးမှထုတ်ပယ်ခဲ့သည်။

ဂျန်နစ်ခ်ဆင်နာသည် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုအားဆွတ်ခူးနိုင်ခဲ့ပြီးနောက် US Open တင်းနစ်ပြိုင်ပွဲအတွက် ပြင်ဆင်နေပြီး လိုအပ်နေသည့် ကြံ့ခိုင်မှုနည်းပြအဖြစ် ဖာရာရာအား ပြန်လည်ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ခြင်းလည်းဖြစ်သည်။

ဂျန်နစ်ခ်ဆင်နာနှင့် ဖာရာရာတို့အကြား ပြဿနာပြေလည်မှုရရှိခဲ့ခြင်းဖြစ်ပြီး ၎င်းတို့အကြား ပြဿနာအား ဂျန်နစ်ခ်ဆင်နာ၏ စီမံခန့်ခွဲရေး အဖွဲ့အစည်းက ကြားဝင် ညှိနှိုင်းပေးခဲ့ခြင်းဖြစ်ကြောင်း သတင်းများ ထွက်ပေါ်လာခဲ့သည်။

ဂျန်နစ်ခ်ဆင်နာ၏ စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက "ဂျန်နစ်ခ်ဆင်နာဟာ ကြံ့ခိုင်ရေးနည်းပြအဖြစ် ဖာရာရာကို ပြန်လည်ခန့်အပ်လိုက်ပြီဖြစ်ပါတယ်။ Cincinnati Open တင်းနစ်ပြိုင်ပွဲ၊ US Open တင်းနစ်ပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်ဖို့အတွက် ဂျန်နစ်ခ်ဆင်နာဟာ ပြင်ဆင်မှုတွေပြုလုပ်နေပါတယ်။ ဂျန်နစ်ခ်ဆင်နာရဲ့ ကစားသမားဘဝကို ပြန်ကြည့်မယ်ဆိုရင် တိုးတက်မှုအပိုင်းမှာ ဖာရာရာက အဓိကအခန်းကဏ္ဍမှာပါဝင်ခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ **Ref : RT**

**Trs : AZL**

# WBC Silver မစ်ဒယ်ဝိတ်တန်း ချန်ပီယံကာကွယ်ပွဲမှ လာဇာရို နုတ်ထွက်

ဝါရှင်တန် ဇူလိုင် ၂၃

WBC Silver မစ်ဒယ်ဝိတ်တန်း ချန်ပီယံ အမေရိကန်လက်ဝှေ့သမား လာဇာရိုသည် စိန်ခေါ်သူ အာဂျင်တီးနား လက်ဝှေ့သမား အာရီဂွိနှင့် ဇူလိုင် ၂၆ ရက်တွင် ထိုးသတ်ရန် ပွဲစီစဉ်ထားသော်လည်း လာဇာရိုသည် ကိုယ်အလေးချိန်ပြဿနာကြောင့် စိန်ခေါ်ပွဲအား ထိုးသတ်ဖြစ်တော့မည် မဟုတ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

လာဇာရိုသည် အာရီဂွိနှင့် ထိုးသတ်ရန်အတွက် ဝိတ်ချရမည့် ပမာဏ များပြားလွန်းနေသလို ဝိတ်ချနိုင်မည် မဟုတ်တော့သည့်အတွက်ကြောင့်လည်း စိန်ခေါ်ပွဲမှ နုတ်ထွက်မည့် အကြောင်းကိုWBC လက်ဝှေ့အဖွဲ့ချုပ် ဆူလိုင်မန်းထံသို့ အသိပေးခဲ့ပြီးနောက် ဆူလိုင်မန်းကခွင့်ပြုခဲ့ကြောင်းသိရသည်။

ချရမည့် ကိုယ်အလေးချိန်ပမာဏကြောင့် ပြင်းပြင်းထန်ထန်လေ့ကျင့်ရမည့် အခြေအနေဖြစ်ပြီး ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အတွက်ကြောင့်လည်း ဆူလိုင်မန်းက စိန်ခေါ်ပွဲမှ နုတ်ထွက်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

လာဇာရိုအား စိန်ခေါ်ပွဲမှ နုတ်ထွက်ခွင့် ပြုလိုက်ပြီးနောက် အာရီဂွိနှင့် ထိုးသတ်သွားမည့် ပြိုင်ဘက်အဖြစ် အမေရိကန်လက်ဝှေ့သမား ဂတ်ဖ်မန်းနှင့် အစားထိုးလိုက်ကြောင်းလည်း ဆူလိုင်မန်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Ref : Espn**

**Trs : AZL**



# ဘာစီလိုနာအသင်းတွင် ကစားသမားမှတ်ပုံတင်ရန် ခက်ခဲမည့်အခြေအနေကြောင့် ရာသီအစပိုင်းပွဲစဉ်များကို တိုက်စစ်မှူးရက်ရှ်ဖို့ဒ် လွဲချော်ဖွယ်ရှိ

ဘာစီလိုနာ ဇူလိုင် ၂၃

ဘာစီလိုနာအသင်းက လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းမှ တောင်ပံတိုက်စစ် ကစားသမား ရက်ရှ်ဖို့ဒ်ကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့သော်လည်း ကစားသမားစာရင်း မှတ်ပုံတင်ရန် ခက်ခဲနေသည့်အတွက် ရာသီအစပိုင်း စပိန်လာလီဂါပွဲစဉ်များကို လွဲချော်ရဖွယ်ရှိနေကြောင်း သိရသည်။

အသက် ၂၇ နှစ်ရှိ ရက်ရှ်ဖို့ဒ်သည် လက်ရှိမန်ယူအသင်းနည်းပြ အာမိုရင်လက်အောက်တွင် ကစားခွင့်မရခဲ့သည့်အတွက် ပြီးခဲ့သည့် ဘောလုံးရာသီ ရာသီဝက်ကာလတွင် အေဗီလာအသင်းထံ ရာသီဝက်အငှားစာချုပ်ဖြင့် ကစားခဲ့သော်လည်း အေဗီလာအသင်းက အပြီးသတ်ခေါ်ယူခြင်း မရှိသည့်အတွက် မန်ယူအသင်းနှင့် ပြန်လည် ပူးပေါင်းခဲ့ရခြင်းဖြစ်သည်။

သို့သော် မန်ယူအသင်းက အသင်းထံပြန်လည်ခေါ်ယူလိုခြင်း မရှိသည့်အတွက် ရောင်းချရန် ဆုံးဖြတ်ခဲ့ရာမှ ဘာစီလိုနာအသင်းက ကနဦး တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာ အသင်းသည် နောက်ပိုင်းနှစ်များတွင် အသင်းဘဏ္ဍာရေး အကျပ်အတည်းများကြောင့် ကစားသမားသစ်များ ခေါ်ယူရာတွင် စပိန်လာလီဂါအဖွဲ့ချုပ်ထံ ကစားသမားမှတ်ပုံတင်နိုင်ခြင်းမရှိသည့်အတွက် ကစားသမားသစ်များအနေဖြင့် ကစားခွင့်မရရှိခဲ့ဘဲ အစောပိုင်းကလည်း ဘာစီလိုနာအသင်းက လီဝမ်ဒေါ်စကီး၊ အိုမိုတို့ကိုခေါ်ယူရာတွင်လည်း ကစားသမားမှတ်ပုံတင်သွင်းရန် အခက်အခဲများကြောင့် ရာသီအစပိုင်းပွဲစဉ်များကို လွဲချော်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ လက်ရှိအချိန်တွင်လည်း ဘာစီလိုနာအသင်းအနေဖြင့် စပိန်လာလီဂါအဖွဲ့ချုပ်က သတ်မှတ်ထားသည့် အသုံးစရိတ်ထက် ကျော်လွန်နေဆဲဖြစ်သည့်အတွက် ရက်ရှ်ဖို့ဒ်ကို အသင်းကစားသမား မှတ်ပုံတင်ရန် ခက်ခဲနေသောကြောင့် ရက်ရှ်ဖို့ဒ်အနေဖြင့် ရာသီအစပိုင်းပွဲစဉ်များကို လွဲချော်ရမည့်အရေးနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

**Ref : Fabrizio Romano**

**Trs : STA**

# Ryder Cup 2031 ဂေါက်သီးရိုက်ပြိုင်ပွဲ စပိန်နိုင်ငံက အိမ်ရှင်အဖြစ် ရွေးချယ်ခံရ

မက်ဒရစ် ဇူလိုင် ၂၃

၂၀၃၁ ခုနှစ်တွင် ကျင်းပပြုလုပ်သွားမည့် Ryder Cup 2031 ဂေါက်သီးရိုက် ပြိုင်ပွဲအတွက် အိမ်ရှင်ရွေးချယ်မှု ပြုလုပ်ခဲ့ရာတွင် စပိန်နိုင်ငံက အိမ်ရှင်အဖြစ် ရွေးချယ်ခံခဲ့ရကြောင်း စပိန်ဂေါက်သီးရိုက် အဖွဲ့ချုပ်က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

စပိန်နိုင်ငံသည် Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲအား ၃၈ နှစ်အကြာမှ အိမ်ရှင်အဖြစ် ပြန်လည်ကျင်းပခွင့် ရလာခဲ့ခြင်းလည်းဖြစ်သည်။

Ryder Cup 2031 ဂေါက်သီးရိုက်ပြိုင်ပွဲကို စပိန်နိုင်ငံ ဘာစီလိုနာမြို့အနီး ကေ့စတာဘရာဗာဒေသရှိ ကာမီရယ်ဂေါက်ကလပ်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

Team US နှင့် Team Europe တို့အကြားယှဉ်ပြိုင်သည့် ပြိုင်ပွဲဖြစ်သည့်အတွက် အမေရိကန်နိုင်ငံတွင်တစ်လှည့် ဥရောပတိုက်တွင်တစ်လှည့် ကျင်းပလေ့ရှိပြီး အမေရိကန်နိုင်ငံတွင် ကျင်းပသည့်အကြိမ်တွင် ပြည်နယ်ကိုသာ ရွေးချယ်ရန် လိုအပ်သော်လည်း ဥရောပတိုက်တွင် ကျင်းပရာတွင် ဥရောပတိုက်အတွင်းရှိ နိုင်ငံများအား အိမ်ရှင်အဖြစ် ရွေးချယ်ရလေ့ရှိသည်။

Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲသည် နှစ်နှစ်တစ်ကြိမ်ကျင်းပသည့် ပြိုင်ပွဲဖြစ်ပြီး ၂၀၂၇ ခုနှစ် Ryder Cup ပြိုင်ပွဲအား အိုင်ယာလန်နိုင်ငံတွင် လက်ခံကျင်းပခွင့်ရထားပြီး ၂၀၂၉ ခုနှစ် Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲအားအမေရိကန်နိုင်ငံ မင်နီဆိုတာပြည်နယ်၌ ကျင်းပသွားမည်ဖြစ်သည်။

စပိန်နိုင်ငံသည် ဥရောပတိုက်တွင် Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲအား တစ်ကြိမ်နှင့်အထက် ကျင်းပခွင့်ရထားသည့် နိုင်ငံအဖြစ်လည်း မှတ်တမ်းဝင်သွားမည်ဖြစ်သည်။

ယင်းအပြင် Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲ သက်တမ်းတစ်လျှောက် Team Europe တွင် စပိန်ဂေါက်သီးရိုက် ကစားသမားအများဆုံး ပါဝင်ယှဉ်ပြိုင်ထားကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် သောမတ်မူလာကို မေဂျာလိဂ်ကလပ် အယ်လ်အေအက်ဖ်စီအသင်းက ခေါ်ယူနိုင်ရန်နီးစပ်

ဝါရှင်တန် ဇူလိုင် ၂၃

ဘိုင်ယန်မြူးနစ် အသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ဝါရင့်တိုက်စစ်ကစားသမား သောမတ်မူလာကို မေဂျာလိဂ်ကလပ် အယ်လ်အေအက်ဖ်စီအသင်းက ခေါ်ယူနိုင်ရန်အတွက် နီးစပ်လျက်ရှိနေကြောင်း သိရသည်။



အသက် ၃၅ နှစ်ရှိ သောမတ်မူလာသည် ဘိုင်ယန်မြူနစ်အသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး အသင်းနှင့်အတူ ပြီးခဲ့သည့် ၂၀၀၈ ခုနှစ်က စတင်ပါဝင်ကစားခဲ့ပြီးနောက် ပရော်ဖက်ရှင်နယ် ကစားသမားဘဝ ၁၇ နှစ်အတွင်း ဘိုင်ယန်မြူးနစ်အသင်း တစ်သင်းတည်းတွင်သာ ပါဝင်ကစားခဲ့သူဖြစ်ကာ ပြီးခဲ့သည့် ဘောလုံးရာသီအကုန်တွင် ဘိုင်ယန်မြူးနစ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပြီး လမ်းခွဲခဲ့သူဖြစ်သည်။

သောမတ်မူလာက ဘိုင်ယန်မြူးနစ်အသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူဖွယ်ရှိနေသည်ဟု ထင်ကြေးပေးမှုများရှိခဲ့သော်လည်း သောမတ်မူလာက ငြင်းပယ်ခဲ့ပြီး ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူဦးမည်မဟုတ်ဘဲ စိန်ခေါ်မှုအသစ်များအတွက် ကလပ်အသင်းတစ်သင်းကို ပြောင်းရွှေ့ကစားမည်ဟု အတည်ပြုခဲ့ခြင်းဖြစ်သည်။

သောမတ်မူလာကို ဘိုင်ယန်မြူးနစ်အသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် ဆော်ဒီထိပ်တန်းကလပ်အသင်းကြီးများက အပြိုင်ခေါ်ယူရန်အတွက် ကမ်းလှမ်းမှုများရှိခဲ့သော်လည်း သောမတ်မူလာကိုယ်တိုင်က မေဂျာလိဂ်ပြိုင်ပွဲတွင်သာ ကစားလိုနေသည့်အတွက် ဆော်ဒီကလပ် အသင်းများ၏ ကမ်းလှမ်းမှုများကို ငြင်းပယ်ခဲ့ခြင်းဖြစ်သည်။

အယ်လ်အေအက်ဖ်စီ အသင်းကလည်း သောမတ်မူလာကို ခေါ်ယူရန်အတွက် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက စတင်ကြိုးပမ်းခဲ့ပြီးနောက် ခေါ်ယူနိုင်ရန်အခြေအနေကောင်းမွန်နေပြီး လာမည့်ရက်သတ္တပတ်အတွင်း အပြောင်းအရွှေ့ပြီးမြောက်ဖွယ်ရှိနေကြောင်း သိရသည်။ **Ref : Fabrizio Romano**

**Trs : STA**

# အထွက်ကောင်းကြံမျိုး(နဝဒေး-၄)၏ စီးပွားဖြစ်စိုက်ပျိုးဆောင်ရွက်နိုင်မည့်နည်းလမ်းများ

ကြံသီးနှံသည် မြန်မာနိုင်ငံအတွက် အရေးကြီးသောစက်မှုသီးနှံတစ်မျိုးဖြစ်ပြီး နိုင်ငံတစ်ဝန်း စုစုပေါင်း ကြံစိုက်ဧက လေးသိန်းကျော်တွင် ကြံမျိုးပေါင်း ၃၀ ခန့်ကို ဒေသအနှံ့စိုက်ပျိုးလျက်ရှိသည်။ ၁၉၂၅ ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် ကြံမျိုးများ တင်သွင်းရွေးခြင်းနည်းလမ်းဖြင့် အထွက်ကောင်းကြံမျိုးများကို စီးပွားဖြစ်စိုက်ပျိုးရန် ရွေးချယ်ဖြန့်ဖြူးပေးခဲ့ရာ ၁၉၂၅ ခုနှစ်မှ ၁၉၄၈ ခုနှစ်ထိ ဗြိတိသျှ ဗီယက်နမ်မှ ဂျာဗားကြံမျိုးသုံးမျိုးနှင့် အိန္ဒိယကြံမျိုးတစ်မျိုး စုစုပေါင်းလေးမျိုး၊ ၁၉၄၉ ခုနှစ်မှ ၁၉၇၉ ခုနှစ်ထိ ဗီယက်နမ်မှ ဂျာဗားကြံမျိုးတစ်မျိုး၊ အိန္ဒိယကြံမျိုးလေးမျိုး၊ ထိုင်ဝမ်ကြံမျိုးတစ်မျိုး စုစုပေါင်းခြောက်မျိုးနှင့် ၁၉၈၀ ပြည့်နှစ် ၁၉၉၃ ခုနှစ်ထိ အိန္ဒိယကြံမျိုးနှစ်မျိုး၊ ဩစတေးလျကြံမျိုးနှစ်မျိုး၊ ဖိလစ်ပိုင်ကြံမျိုးတစ်မျိုး၊ ထိုင်ဝမ်ကြံမျိုး တစ်မျိုးနှင့် မောရေးရှပ်ကြံမျိုးတစ်မျိုး စုစုပေါင်း ခုနစ်မျိုး ထုတ်လုပ်ခဲ့သည်။

၁၉၉၄ ခုနှစ်မှစတင်၍ ယနေ့ချိန်ထိ ပြည်ပကြံမျိုးများ တင်သွင်းရွေးချယ်ခြင်းနည်းလမ်းအပြင် ကြံမျိုးကူးခြင်းနည်းလမ်းများဖြင့် ကြံမျိုးသစ်များ ထုတ်လုပ်ဖြန့်ဖြူးပေးခြင်းကို ဆောင်ရွက်လျက်ရှိရာ ဌာနမှ တရားဝင်မှတ်ပုံတင်ထုတ်လုပ်ပြီး ကြံမျိုး ၁၃ မျိုးကို ဖြန့်ဖြူးပေးခဲ့သည်။

ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍတွင် အဓိကကျသည့် အထွက်နှုန်းတိုးတက်ရရှိရေးအတွက် ကြံထွက်နှင့် သကြားထွက်ကောင်းသည့် မျိုးကောင်း၊ မျိုးသန့်များ အသုံးပြုစိုက်ပျိုးရေးသည် အရေးကြီးလှသည်။ စီးပွားဖြစ်စိုက်ပျိုးသင့်သော မျိုးကောင်းမျိုးသန့်ကြံမျိုးများ၏ အရည်အချင်းများမှာ ကြံလုံးတုတ်ခြင်း၊ အချိုဓာတ်မြင့်မားခြင်း၊ ကြံပင်ပွားစည်းမှုကောင်းခြင်း၊ ထည့်သွင်းပေးသော သွင်းအားစုများကို တုံ့ပြန်မှုကောင်းခြင်း၊ ရောဂါပိုးမွှားဒဏ်ခံနိုင်ရည်ရှိခြင်း၊ ကြံအထွက်နှုန်းကောင်းခြင်း စသည်တို့ဖြစ်ရာ သေချာစွာရွေးချယ်စိုက်ပျိုးသင့်သည်။

ကြံမျိုးကောင်းများတွင် အရည်အသွေး အပြည့်အဝရရှိစေရေးအတွက် အပူချိန်၊ မိုးရွာသွန်းမှု၊ စိုက်ပျိုးချိန်၊ စိုထိုင်းဆ၊ ရောဂါပိုးမွှား၊ အပင်ပြုစုစောင့်ရှောက်ခြင်း စသည့်ကန့်သတ်ချက်များကိုလည်း ဂရုပြုရမည်ဖြစ်သည်။ ကြံမျိုးကောင်း၏လက္ခဏာများမှာ ကြံအထွက်နှုန်း၊ သကြားအထွက်နှုန်းကောင်းခြင်း၊ ပိုးမွှား၊ ရောဂါဒဏ်ခံနိုင်ရည်ရှိခြင်း၊ လမိုင်းအထွက်နှုန်းကောင်းမွန်ခြင်းနှင့် ဒေသရေမြေနှင့် ကိုက်ညီမှုရှိခြင်းတို့ဖြစ်ပြီး ကြံမျိုးသန့်၏လက္ခဏာများမှာ ကြံမျိုးသန့်စင်ခြင်း၊ အပင်ပုံသဏ္ဌာန်ကွဲလွဲမှုမရှိဘဲ ဗီဇသဘောအရ အရည်အသွေးမှန်ကန်ခြင်း၊ အခြားမျိုးကွဲများ ရောနှောပါဝင်မှုမရှိခြင်း၊ ပိုးမွှားရောဂါကင်းစင်ခြင်းတို့ဖြစ်သည်။

စိုက်ပျိုးရေးဦးစီးဌာနမှ ထုတ်ဝေထားသည့် ကြံမျိုးများထဲမှ ယခုလက်ရှိ တောင်သူများ ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးနေသည့် ကြံမျိုးများမှာ ပျဉ်းမနား-၆၊ နေပြည်တော်-၁၊ နဝဒေး-၄၊ နဝဒေး-၅ နှင့် ကေ-၉၁/၂/၀၅၆ ကြံမျိုးတို့ဖြစ်ပြီး ၎င်းကြံမျိုးများထဲမှ ဒေသအသီးသီးတွင် နှစ်စဉ်အများဆုံးစိုက်ပျိုးနေသော နဝဒေး-၄ ကြံမျိုးမှာစီးပွားဖြစ်စိုက်ပျိုးသင့်သောမျိုးကောင်းမျိုးသန့်ကြံမျိုး၏ အရည်အချင်းများနှင့် အများဆုံးကိုက်ညီသည့် ကြံမျိုးဖြစ်သည်။

**မျိုးကောင်းမျိုးသန့်ရွေးချယ်ခြင်း**

၂၀၂၄ ခုနှစ်မှ ၂၀၂၅ ခုနှစ် ကြံရာသီ၌ စုစုပေါင်းကြံစိုက်ဧကမှာ ၄၁၉၂၈၃ ဧက စိုက်ပျိုးထားပြီး နဝဒေး-၄ ကြံမျိုးမှာ ၁၂၁၉၈၈ ဧကဖြင့် အများဆုံးဖြစ်သည်။ တောင်သူအများစုကြိုက်နှစ်သက်ပြီး ဒေသအလိုက်ဖြစ်ထွန်းမှုကောင်းသော အဆိုပါကြံမျိုး၏ အပင်ပေါက်ရောက်နေပုံသဘာဝနှင့် ရုက္ခဗေဒလက္ခဏာများကိုသိရှိနိုင်မှ မိမိစိုက်ပျိုးထားသော သို့မဟုတ် ဝယ်ယူစိုက်ပျိုးသောမျိုးမှာ နဝဒေး-၄ ကြံမျိုး စစ်၊ မစစ် ခွဲခြားစိုက်ပျိုးနိုင်မည်ဖြစ်သည်။

နဝဒေး-၄ ကြံမျိုးသည် ထိုင်းနိုင်ငံက ချန်နာဘူရီ ကြံသုတေသနဌာနမှ မိဘတွဲကေ-၉၀/၇၉ နှင့် ကေ-၈၄/၂၀၀၀တို့ မျိုးရရှိလာသည့်မျိုးတစ်မျိုးဖြစ်ပြီး မူရင်းအမည်မှာ ကေ-၉၅/၈၄ ဖြစ်သည်။ ၂၀၀၂ ခုနှစ်မှ ၂၀၀၃ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ထိုင်းနိုင်ငံမှ ကေ-၉၅/၈၄ မျိုးအပါ ကြံမျိုးခုနစ်မျိုး စတင်ရောက်ရှိခဲ့ပြီး ၂၀၀၃ ခုနှစ်မှ ၂၀၀၄ ခုနှစ်မှစ၍ စမ်းသပ်ချက်များ ဆောင်ရွက်ရန်ခဲ့ရာ မျိုးရွေးချယ်မှုစံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသောကြောင့် ကေ-၉၅/၈၄ ကြံမျိုးကို တရားဝင်မျိုးစေ့အသိအမှတ်ပြု လက်မှတ်လျှောက်ထားခဲ့ရာ နိုင်ငံတော်သီးနှံမျိုးစေ့ကော်မတီမှ နဝဒေး (၄)ကြံမျိုးအဖြစ် အသိအမှတ်ပြုလက်မှတ်ရရှိခဲ့သည်။

နဝဒေး-၄ကြံမျိုး၏ ကြံပင်ပေါက်ရောက်ပုံသဘာဝမှာ ကြံတစ်ပင်လုံးအပေါ်ထိ ဖြောင့်တန်းစွာ



အထွက်ကောင်းကြံမျိုး(နဝဒေး-၄) စိုက်ပျိုးထားမှုကို တွေ့ရစဉ်။

ပေါက်ရောက်ပြီး အပေါ်ပိုင်းအရွက်ထွက်ပုံမှာ ယပ်တောင်ပုံဖြစ်ပြီး ရွက်ပြားကြီး၍ အစိမ်းရင့်ရောင်ဖြစ်သည်။ ကြံပင်စည်အရောင်သည် အစိမ်းဖျော့ရောင်ဖြစ်ပြီး လက်ရှိစိုက်ပျိုးနေသောတောင်သူအများစုမှာ ကြံအဖြူမျိုးဟု ခေါ်ဝေါ်စိုက်ပျိုးကြသည်။ ကြံပင်စည်၏ပုံသဏ္ဌာန်မှာ စည်ပိုင်းပုံတစ်ဖြောင့်တည်းဖြစ်သည်။ မျက်လုံးဖူးပုံသဏ္ဌာန်မှာ ဆန္ဒွင်းမကင်းပုံဖြစ်ပြီး မျက်လုံးဖူးမြောင်းနက်ပါရှိသည်။ ကြံအမျိုးအစားခွဲခြားရာတွင် တည်မြဲသောလက္ခဏာဖြစ်သည့် ရွက်စွယ်ပုံသဏ္ဌာန်၏အတွင်းရွက်စွယ်မှာ အလွန်ရှည်လျားသော လုံသွားပုံအဖျားရှူးရွက်စွယ်နှင့် အပြင်ရွက်စွယ်မှာ အပေါ်တက်နေသောရွက်စွယ်ပုံဖြစ်သည်။ ရွက်လျှာသဏ္ဌာန်မှာ ခပ်ထူထူလခြမ်းပုံရှိပြီး ၎င်းကြံမျိုး၏လက္ခဏာထူးခြားချက်မှာ ရွက်ဖုံးတွင်အမွေးပါရှိသည်။

နဝဒေး-၄ ကြံမျိုး၏ တစ်ဧကပျမ်းမျှအထွက်နှုန်းမှာ အပင်ပြုစုစောင့်ရှောက်မှု၊ အာဟာရပေးနိုင်မှုတို့အပေါ်မူတည်ပြီး ကြံခင်းသစ်မှာ ၃၅ တန် မှ တန် ၅၀ ထိ နှင့် လမိုင်းအထွက်နှုန်းမှာ တန်၂၀ မှ ၂၅ တန်ထိ ထွက်ရှိနိုင်သည့်သက်လတ်ကြံမျိုးဖြစ်သည်။ ၎င်းကြံမျိုး၏ အပင်အမြင့်မှာ ၂၉၅ စင်တီမီတာ စင်တီမီတာ ၃၁၀ ထိရှည်သည်။

ကြံပင်စည်အချင်းမှာ ရင်း၊ လယ်၊ ဖျား ၃၂ မီလီမီတာ၊ ၃၁ မီလီမီတာ၊ ၂၇ မီလီမီတာရှိသည်။ ကြံအရည်အသွေးဆိုင်ရာလက္ခဏာများမှာ ကြံရည်အပျစ်နှုန်း ၁၉ ရာခိုင်နှုန်းမှ ၁၉ ဒသမ ၅ ရာခိုင်နှုန်း၊ ကြံအချိုဓာတ် ၁၆ ဒသမ ၇ ရာခိုင်နှုန်း ၁၇ ဒသမ ၅ ရာခိုင်နှုန်း၊ သန့်စင်နှုန်း ၈၇ ရာခိုင်နှုန်း မှ ၉၀ ရာခိုင်နှုန်း၊ အမျှင်ဓာတ် ၁၁ ဒသမ ၅ ရာခိုင်နှုန်းမှ ၁၂ ဒသမ ၅ ရာခိုင်နှုန်းနှင့် သကြားဓာတ် ပါဝင်မှု ရာခိုင်နှုန်းမှာ ၁၂ ဒသမ ၇၉ မှ ၁၃ ဒသမ ၄၂ ရှိသည့်အတွက် အထွက်နှုန်းနှင့် အရည်အသွေးပါ ကောင်းမွန်သော ကြံမျိုးတစ်မျိုးဖြစ်သည်။ ၎င်းကြံမျိုး၏စိုက်ပျိုးရေးဆိုင်ရာထူးခြားချက်မှာ ကြံအူနီရောဂါဒဏ်အသင့်အတင့်ခံနိုင်ရည်ရှိခြင်း၊ ပင်ပွားနည်းပြီး လုံးပတ်တုတ်ခြင်းနှင့် အစောပိုင်းကာလ ကြီးထွားမှုနှေးခြင်း လက္ခဏာများရှိသည်။

ကြံသီးနှံသည် အပူပိုင်းနှင့် သမန္တေးပိုင်းတွင် အောင်မြင်ဖြစ်ထွန်းသောသီးနှံဖြစ်သဖြင့် မြန်မာနိုင်ငံဒေသအများစုတွင် ကောင်းစွာဖြစ်ထွန်းသောသီးနှံဖြစ်သော်လည်း အထွက်နှုန်းတိုးတက်ရရှိစေရန်အတွက် မျိုး၊ မြေ၊ ရေ၊ နည်း စသည့်နည်းလမ်းလေးခုဖြင့် စနစ်တကျစိုက်ပျိုးပြုစုရန်လည်း လိုအပ်သည်။ နဝဒေး-၄ ကြံမျိုးကို စီးပွားဖြစ်စိုက်ပျိုးရာတွင် ဒီဇင်ဘာလအတွင်း အပြီးစိုက်ပျိုးရမည်။ ၎င်းထက်နောက်ကျပါက အပင်ပေါက်မှုရာခိုင်နှုန်းကို မထိခိုက်စေရန် ရေသွင်းစိုက်ပျိုးရန်လိုအပ်သည်။

စိုက်ပျိုးသည့်နည်းစနစ်မှာလည်း မြေအတန်းအစားအလိုက်၊ ရင်းနှီးမြှုပ်နှံနိုင်မှုအပေါ်မူတည်၍ တန်းကြားအကွာအဝေး၊ စိုက်ပျိုးမည့်စနစ်ကို ရွေးချယ်စိုက်ပျိုးရမည်။ မြေဆီအတန်းအစားကောင်းမွန်ပါက လေးပေမှ ငါးပေတန်းကြားစိုက်ပျိုးနိုင်ပြီး မြေညံ့ပါက သုံးပေမှ ၃ ဒသမ ၅ ပေ စိုက်ပျိုးသင့်သည်။ တန်းကြား သုံးပေအောက် စိုက်ပါက ၎င်းကြံမျိုးသည် ကြံလုံးတုတ်သောကြံမျိုးဖြစ်သဖြင့် ကြံပင်ကြီးထွားဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်ပေါ်စေရုံသာမက တန်းကြားစိပ်စိပ်စိုက်ပါက တစ်ကေပေါ်တွင် တန်းကြားအရေအတွက် ပိုလာကာမျိုးပိုမိုသုံးစွဲရသဖြင့် ကုန်ကျစရိတ်ပိုများပြီး စီးပွားရေးအရအကျိုးအမြတ်နည်းနိုင်သည်။ ကြံပင်စည်ဖြောင့်တန်းသောကြံမျိုးဖြစ်သဖြင့် လုပ်သားရှားပါးချိန်တွင် ထယ်ရေးကောင်းရရှိအောင် ဆောင်ရွက်၍စက်ဖြင့် စိုက်ပျိုးရန်အတွက်လည်း အခြေအနေပေးသော ကြံမျိုးကောင်းတစ်မျိုးဖြစ်သည်။

**ရေသွင်းစိုက်ပျိုးခြင်း**

နဝဒေး-၄ ကြံမျိုးသည် သွင်းအားစုများဖြစ်သည့် ရေနှင့်အာဟာရအပေါ် သိသာစွာတုံ့ပြန်မှုရှိသောကြံမျိုးဖြစ်သဖြင့် ကြံသီးနှံအတွက် ရေလိုအပ်ချိန်ဖြစ်သည့် ပင်ပွားထွက်ချိန်နှင့် ကြံပင်အရပ်ရှည်ထွက်စအချိန်တို့တွင် အနည်းဆုံးရေ နှစ်ကြိမ်သွင်းပေးရန်လိုအပ်သည်။ ရေသွင်းပေးနိုင်ခြင်းဖြင့် ကြံအထွက်နှုန်းအပေါ် ၁၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းထိ အထွက်တိုးတက်စေသည်။

**မြေဩဇာပြင်ခြင်း**

အာဟာရအနေဖြင့် ကြံတစ်တန်ထွက်ရှိရန်အတွက် မြေဆီလွှာမှ အာဟာရစုပ်ယူမှုမှာ နိုက်ထရိုဂျင် တစ်ကီလိုဂရမ်၊ ဖော့စဖားရပ် သုည ဒသမ ၆ ကီလိုဂရမ်နှင့် ပိုတက်ဆီယမ် ၂ ဒသမ ၂၆ ကီလိုဂရမ် စုပ်ယူစားသုံးသည်။ မြေဩဇာသည် ဈေးအကြီးဆုံးသွင်းအားစုဖြစ်၍ စီးပွားရေးအရ တွက်ခြေကိုက်ပြီး ထိရောက်စွာအသုံးပြုနိုင်ရန်၊ အပင်ကလိုအပ်ချိန်၊ လိုအပ်သည့်ပမာဏကို မှန်ကန်အောင်ကျွေးရန် လိုအပ်သည်။ ယေဘုယျအားဖြင့် ကြံတစ်ဧကတွင် ကီလိုဂရမ် ၅၀ ပါ မြေဩဇာယူရီးယား ၁ ဒသမ ၅ အိတ်၊ တီစူပါ တစ်အိတ်၊ ပိုတက်ရှ် ၂ ဒသမ ၅ အိတ်ခွဲ သို့မဟုတ် ယူရီးယားနှစ်အိတ်၊ ကွန်ပေါင်းနှစ်အိတ်မှ သုံးအိတ် ခန့် ထည့်သွင်းပေးရမည်။ မြေဩဇာထည့်သွင်းရာတွင်လည်း မြေခံတွင် ယူရီးယား၊တီစူပါ၊ ပိုတက်ရှ်တို့အား (၀.၅ : ၁ : ၀.၅ ) အိတ်နှုန်းဖြင့် ထည့်သွင်းရန်နှင့် ကျန်သော(၁: ၀: ၁.၅) အိတ်နှုန်းကို ပင်ပွားထွက်ချိန်နှင့် ဘောင်ကြီးလုံးချိန်တို့တွင် နှစ်ကြိမ်ခွဲ ထည့်သွင်းပေးရမည်။

နဝဒေး-၄ ကြံမျိုးတွင် ကြံခင်းသစ်၌ ထိပ်ဆွေးရောဂါနှင့် ကြံရွက်ဖြူရောဂါ၊ လမိုင်းတွင်မှိုနှံရောဂါနှင့် ပိုးမွှားအနေဖြင့် ခေါင်ညွှန့်ထိုးပိုး၊ ပင်စည်ထိုးပိုး၊ အမြင့်ဖောက်ပိုးတို့ကျတက်ပြီး အဆိုပါပိုးမွှား၊ ရောဂါတို့သည် ပတ်ဝန်းကျင်၊ ရာသီဥတုပေါ်နှင့် ပြုစုစောင့်ရှောက်မှုပေါ်မူတည်ပြီး ကျရောက်တက်သဖြင့် မျက်ခြည်မပြတ် စောင့်ကြည့်ကာကွယ်ရမည်။ ကြံခင်းသစ်တွင်ပိုးမွှား၊ ရောဂါကျရောက်မှုများပါက ၎င်းကြံခင်းကို လမိုင်းထားခြင်းမှရှောင်ကြဉ်ပြီး မျိုးပြောင်းစိုက်ပျိုးခြင်း၊ သီးလှည့်စိုက်ခြင်း၊ မြေလှုပ်၍မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုက်ဆံလျှော်ထယ်ထိုး၊ မြေမြှုပ်ခြင်းဆောင်ရွက်ရန် လိုအပ်သည်။

နဝဒေး-၄ ကြံမျိုးသည် အခြား အထွက်ကောင်းမျိုးများနှင့်နှိုင်းယှဉ်ပါက အပင်ဖြစ်ထွန်းမှုကောင်းခြင်း၊ အထွက်နှုန်းသာခြင်း၊ ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိခြင်း၊ ခြောက်သွေ့ဒဏ်အတော်အသင့်ခံနိုင်ခြင်း၊ ခုတ်သိမ်းရလွယ်ကူခြင်း၊ ကြံပင်၏ရုပ်သွင်ပြင်လက္ခဏာကောင်းမွန်ခြင်း များကြောင့် တောင်သူများယနေ့တိုင် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနေသော်လည်း ကြံမျိုးများ၏ဗီဇ၊ လက္ခဏာသဘောအရ ကြံမျိုးတစ်မျိုးထဲကို နှစ်ကာလကြာရှည်စိုက်ပျိုးလာသည်နှင့်အမျှ ဗီဇယိုယွင်းပျက်စီးသည့်လက္ခဏာတို့ကို ဒေသအချို့တွင် နဝဒေး- ၄ ကြံမျိုးများ၌ တွေ့ရှိလာသည်။

ထိုကဲ့သို့ဖြစ်ပေါ်လာသည့် အခြေအနေကို ကျော်လွှားရန် မူလအပင်ပုံသဏ္ဌာန်နှင့် တစ်ထပ်တည်းတူပြီး ရောဂါကင်းစင်အောင်စီမံဆောင်ရွက်ထားသည့် ကြံမျိုးသန့်အမြောက်အမြားကို လျင်မြန်စွာရရှိစေနိုင်သည့် အပင်တစ်သျှူးမွေးမြူခြင်းနည်းလမ်းဖြင့် ပြန်လည်သွေးသစ်လောင်း၍ ပွားများထုတ်လုပ်ထားသော နဝဒေး-၄ ကြံမျိုးများကို ပြောင်းလဲစိုက်ပျိုးသင့်ပါကြောင်း၊ ကြံစိုက်တောင်သူများ နှစ်သက်လိုလားသော အဆိုပါအထွက်ကောင်း နဝဒေး-၄ ကြံမျိုးကို စီးပွားဖြစ်ဆက်လက်စိုက်ပျိုးနိုင်ရန်အတွက် ကြံသီးနှံသုတေသနခြံ၊ မျိုးသန့်ခြံများတွင် ပွားများထုတ်လုပ်ပြီး နီးစပ်ရာသကြားစက်ရုံများမှတစ်ဆင့် ကန်ထရိုက်စနစ်ဖြင့် သို့မဟုတ် ခြံများမှ ဝယ်ယူစိုက်ပျိုးနိုင်ရေးပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

စက်မှုသီးနှံကြံကို ဧကတိုးချဲ့စိုက်ပျိုးခြင်းထက် တစ်ဧကအထွက်နှုန်းကောင်းစေရန် မျိုးကောင်းမျိုးသန့်ကြံမျိုးများကို သုံးစွဲကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

ဥမ္မာစိုး(သကြားထွက်)

# အိပ်မက်တွေက ဈေးကြီးတယ် မြန်မာရုပ်ရှင်ဇာတ်ကား Family Show ပွဲကို နဝဒေးအဆင့်မြင့်ရုပ်ရှင်ရုံတွင် ကျင်းပပြုလုပ်




**ရန်ကုန် ဇူလိုင် ၂၃**

ဩဂုတ် ၁ ရက်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့် ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည့် "အိပ်မက်တွေက ဈေးကြီးတယ်" ရုပ်ရှင်ဇာတ်ကား Family Show ပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ နဝဒေးအဆင့်မြင့် ရုပ်ရှင်ရုံတွင် ဇူလိုင် ၂၂ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အိပ်မက်တွေက ဈေးကြီးတယ် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို အင်ကြင်းဟန်က ရေးသားထားပြီး ဒါရိုက်တာ ပွင့်သီဂီဇော် (အရုဏ်ဦး) က တာဝန်ယူရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားထဲမှာ အစ်မနဲ့ ပိုင်တံခွန်က မောင်နှမပေါ့နော်။ ငွေနဲ့ပတ်သက်ရင်တော့ အကုန်လုံးက မက်ကြတာပဲလေ။ ဒီဇာတ်ကားထဲမှာက အစ်မကအထည်ကြီးပျက်အမျိုးသမီးပေါ့။ လူတွေက ပိုက်ဆံရှိတဲ့ သူဌေးဆိုရင် အထင်ကြီးကြတယ်။ သူဌေးဆိုရင် မလိမ်ဘူးလို့ ထင်ကြတာလေ။ လူတွေရဲ့စိတ်ကပေါ့နော်။ အဓိက ပညာပေးတဲ့ အခန်းလေးတွေ ပါတယ်"ဟု အဆိုပါ ဇာတ်ကားတွင် ပါဝင်ထားသူ ချောရတနာက ပြောပြသည်။

အိပ်မက်တွေက ဈေးကြီးတယ် ဇာတ်ကားတွင် ပိုင်တံခွန်၊ ဒေါင်းဝေ၊ စိုးမြတ်သူဇာ၊ ချောရတနာ၊ နော်ဖောအယ်လ်ထား၊ သွန်းဆက်၊ မေပန်းချီလင်းလင်းနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# The Devil Wears Prada -2 ဇာတ်ကား၌ ရာချယ်ဘလွန်းနှင့် ပက်ထရစ်ဘရမ်မဲတို့ ပါဝင်လာ

**နယူးယောက် ဇူလိုင် ၂၃**

၂၀ ရာစုရုပ်ရှင်စတူဒီယို၏ The Devil Wears Prada–2 ဇာတ်ကားတွင် မင်းသမီး ရာချယ်ဘလွန်းနှင့် မင်းသား ပက်ထရစ်ဘရမ်မဲတို့ ပါဝင်လာကြောင်း ဇူလိုင် ၂၂ ရက် သတင်းများအရ သိရသည်။

ရာချယ်ဘလွန်းနှင့် ပက်ထရစ်ဘရမ်မဲသည် မင်းသမီး မာရီစထရစ်၊ အန်နီဟေသာဝေး၊ အက်ဗလီဘလန့်၊ စတန်လေတူစီတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

The Devil Wears Prada–2 ဇာတ်ကားကို ဒါရိုက်တာ ဒေးဗစ်ဖရန်ကယ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကို အလိုင်းဘရေ့မက္ကင်နာက ရေးသားပေးထားကြောင်း သိရသည်။

The Devil Wears Prada–2 ဇာတ်ကားတွင် ရာချယ်ဘလွန်းနှင့် ပက်ထရစ်ဘရမ်မဲတို့ ပါဝင်ရမည့် ဇာတ်ကောင်များနေရာကို မသိရသေးကြောင်း သိရသည်။

The Devil Wears Prada–2 ဇာတ်ကားသည် The Devil Wears Prada(2006) ၏ နောက်ဆက်တွဲ ဇာတ်ကားဖြစ်သည်။

The Devil Wears Prada–2 ဇာတ်ကားကို ၂၀၂၆ ခုနှစ် မေ ၁ ရက်တွင် ရုံတင်ပြသရန် ၂၀ ရာစု ရုပ်ရှင်စတူဒီယိုက စီစဉ်ထားသည်။

**Ref : Sputnik News**
**Trs : KKO**





# Mahar Application မှ ထုတ်လွှင့်မည့် ဒိုးတူပေါင်ဖက် ဇာတ်လမ်းတွဲကို ဩဂုတ်လပထမပတ်တွင် စတင်ရိုက်ကူးမည်




**ရန်ကုန် ဇူလိုင် ၂၃**

Mahar Application တွင် မူပိုင်ဇာတ်လမ်းတွဲအဖြစ် ထုတ်လွှင့်မည့် ဒိုးတူပေါင်ဖက် ဇာတ်လမ်းတွဲကို ဩဂုတ်လပထမပတ်တွင် စတင်ရိုက်ကူးမည်ဖြစ်ကြောင်း၊ အဆိုပါ ဒိုးတူပေါင်ဖက် ဇာတ်လမ်းတွဲကို ဖန်တီးပုံဖော်ရိုက်ကူးမည့် ဒါရိုက်တာ ထွဋ်တင့်ထွန်းထံမှ သိရသည်။

အဆိုပါ ဒိုးတူပေါင်ဖက် ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ညမွှေးပန်းက ခံစားရေးဖွဲ့ထားပြီး ငွေစင်သွန်း၊ သက်အိမ်မှူးတို့က ဇာတ်ညွှန်း ရေးသားထားကာ ဒါရိုက်တာ ထွဋ်တင့်ထွန်းက Mahar Application အတွက် တာဝန်ယူ ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဘဝသရုပ်ဖော် မေတ္တာဖွဲ့ ဇာတ်လမ်းတွဲလေးပါ။ လူငယ်ဇာတ်လမ်းလေးပါပဲ။ မကြာခင် ရိုက်ကူးသွားဖို့ ရှိပါတယ်။ လောလောဆယ်တော့ ဇာတ်ညွှန်းဖတ်တာပြီးသွားပြီ။ သရုပ်ဆောင်တွေနဲ့ ဇာတ်ကောင်တွေကို နေရာချထားပြီးပြီပေါ့။ ရန်ကုန်မှာပဲ ဇာတ်အိမ်တည် ရိုက်ကူးသွားမှာပါ"ဟု ဒါရိုက်တာ ထွဋ်တင့်ထွန်းက ပြောပြသည်။

အဆိုပါ ဒိုးတူပေါင်ဖက် ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ကျော်ထက်ဇော်၊ ဟိန်းသစ်၊ မျိုးကိုကျော်၊ Kai ၊ ဇွဲ၊ ထူးနိုင်လင်း၊ ဝီလျှံမင်းမြတ်၊ အောင်ခိုင်၊ ရဲမွန်၊ ဝေလာရီ၊ ခြူးစစ်ဟန်၊ မိုးပွင့်ဖြူ၊ ဇွဲရတီ၊ တာတာ၊ ဘေးဘေး၊ မိုးသဲဖြူ၊ ငြိမ်းစုဝေ၊ ခင်စိုးပိုင်၊ ဝါဝါအောင်၊ သန်းသန်းစိုး၊ သုန္ဒြေဦး၊ အေးသီတာ၊ မာယုသာ၊ သိင်္ဂီမြင့်နှင့် သရုပ်ဆောင်များစွာ ပါဝင်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# The Thomas Crown Affair ဇာတ်ကား၌ မင်းသမီး အက်ဒရီယာအာဂျိုနာ ပါဝင်မည်ဖြစ်

**နယူးယောက် ဇူလိုင် ၂၃**

Amazon MGM စတူဒီယို၏ TheThomas Crown Affair ဇာတ်ကား၌ မင်းသမီး အက်ဒရီယာအာဂျိုနာ ပါဝင်မည်ဖြစ်ကြောင်း ဇူလိုင် ၂၂ ရက် သတင်းများအရ သိရသည်။

မင်းသမီး အက်ဒရီယာအာဂျိုနာသည် The Thomas Crown Affair ဇာတ်ကားတွင် မင်းသမီး အက်ဒရီယာအာဂျိုနာသည် မင်းသား မိုက်ကယ်ဘီဂျော်ဒန်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

The Thomas Crown Affair ဇာတ်ကားမှ မင်းသမီး တေလာရပ်ဆဲနုတ်ထွက်ခဲ့ပြီးနောက် အက်ဒရီယာအာဂျိုနာ သရုပ်ဆောင်ခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါဇာတ်ကားသည် The Thomas Crown Affair (1968) ကို ပြန်လည်ဆန်းသစ်ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

The Thomas Crown Affair ဇာတ်ကားကို မင်းသား မိုက်ကယ်ဘီဂျော်ဒန်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ရိုက်ကူးရေးလုပ်ငန်းများ စတင်နေပြီဖြစ်သည်။

The Thomas Crown Affair ဇာတ်ကားကို ၂၀၂၇ ခုနှစ် မတ် ၅ ရက်တွင် ရုံတင်ပြသရန် Amazon MGM က စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**




# မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန် သတ်မှတ်နိုင်ရေး ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများကို ဩဂုတ်လပထမပတ်တွင် စစ်တမ်းကောက်ယူသွားမည်

**ရန်ကုန် ဇူလိုင် ၂၃**

မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန် သတ်မှတ်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးများအလိုက် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများကို ဩဂုတ်လပထမပတ်မှ စတင်၍ ကွင်းဆင်းသုတေသနပြု စစ်တမ်းကောက်ယူသွားမည် ဖြစ်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ စစ်တမ်းကောက်ယူမှုသည် တိုင်းရင်းသားဝတ်စုံများနှင့် ပတ်သက်ပြီး လွဲမှားမှုမရှိစေရန်နှင့် ဝတ်စုံများ၏ ဇစ်မြစ်ကို စိစစ်လေ့လာနိုင်ရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန် သတ်မှတ်ရေးကော်မတီကို ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။

"မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန် သတ်မှတ်ရေး ကော်မတီအနေနဲ့ တိုင်းရင်းသား ဝတ်စုံမှန်များပေါ်ထွက်လာရေးအတွက် ပထမအကြိမ် ဝတ်စုံ ၁၀ မျိုးကို မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီကို အတည်ပြုပေးနိုင်ဖို့အတွက် ပေးပို့တင်ပြထားပြီးဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန် သတ်မှတ်ရေးကော်မတီမှ ကော်မတီဝင် ဒေါက်တာကေသီထွေးမှ ပြောပြသည်။

ထိုကဲ့သို့ စစ်တမ်းကောက်ယူမှုကို ဆောင်ရွက်ရာတွင် တတ်သိနားလည်သည့် ပညာရှင်များ၊ တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန၊ သက်ဆိုင်ရာတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး တချို့သောတိုင်းရင်းသားများ၏ ခေတ်အဆက်ဆက် ဝတ်ဆင်ခဲ့ကြသည့် ဝတ်စုံများသည် ခေတ်အလိုက် ပြောင်းလဲမှုများ ရှိနေသည့်အတွက် ပြောင်းလဲလာသည့် ရိုးရာဝတ်စုံများကို စာရင်းပြုစုသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဝတ်စုံများကို စာသားဖြင့် ဖော်ပြခြင်းအပါအဝင် ဝတ်စုံအမျိုးအစားတစ်ခုချင်းစီ၊ အမျိုးသား၊ အမျိုးသမီးဝတ်စားဆင်ယင်ပုံများ၊ ဝတ်ဆင်သည့်နည်းစနစ်အဆင့်ဆင့်များကို နောက်ခံအပြာရောင်နှင့်ဓာတ်ပုံများ၊ ဗီဒီယိုအတိုများရိုက်ကူးပြီး သတ်မှတ်စံနှုန်းများနှင့်အညီ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

ASH

# Tatmadaw columns recontrol Thabeikkyin


The Tatmadaw regains control of Thabeikkyin town, which had been held by terrorist insurgents.

**Nay Pyi Taw July 23**

Thabeikkyin Township in Thabeikkyin District, Mandalay Region, is the northernmost township in the region. It is a port town on the east bank of Ayeyawady and is bordering towns in Kachin State, Sagaing Region and Shan State (North). Thabeikkyin is only 77 miles from Mandalay by river. Large ships of Inland Water Transport are sailing to-and-fro between Bhamo and Myitkyina and there are ferry boats travelling up and down the river between Mandalay and Thabeikkyin. Hence, it was a busy river port and a town with good trade. It is nearly 40 miles from Mogok which serves as transit to Momeik, Bhamo and Myitkyina in Kachin State and Kyaukme and Hsipaw in Shan State (North). The town is connected with Mandalay by a road measuring about 60 miles. Hence, it is a transport hub.

A combined group of terrorist insurgents, TNLA and PDF, started to attack security outposts and units and battalions in Thabeikkyin Township, a center town, and towns and villages on 18 August 2024 via Momeik and Mogok townships with all their strength. They then committed terrorist acts such as torching local people's homes, looting public property. In this regard, locals had to leave behind their property and flee to safer places.

As the casualty rate rose and the number of enemy forces grew, security forces set up buffer areas systematically retreating in phase by phase. They joined with the local battalion near the 7th-mile village, set up a no-retreat defence line and halted the enemy offensive with a counter-defensive strategy. They took time in preparing a counterattack through the air transport system.

After making administrative and other reinforcements Tatmadaw troops took some aerial supporting fire and supporting fire from naval boats and artillery troops launched the counterterrorism operation harmoniously from air, land and river. Tatmadaw columns collected ground information and started to clear the enemy from the surrounding areas of the battalion HQ and then launched the counterterrorism operation in Thabeikkyin Township, which was under the control of terrorist insurgents. They then advanced step by step from the places they took foothold and recaptured 6th-mile village, under control of terrorist insurgents, in Thabeikkyin Township on 30 June 2025, the 5th-mile village on 5 July, 4th-mile village and tower hill near it on 17 July and finally, the entire Thabeikkyin today.

Tatmadaw columns fought fiercely, risking their lives without hesitation, to retake Thabeikkyin town and its surrounding areas. During the 11-month operation period, there were 17 major battles and 45 clashes with terrorist insurgents, resulting in the seizure of 51 enemy corpses, 112 various weapons, and related equipment.

While the TNLA group and the so-called PDF terrorist groups temporarily occupied and controlled Thabeikkyin town and its surrounding areas, they were found to have committed destructive acts such as setting up bunkers inside religious buildings, schools, government offices, hospitals, and residential homes to attack Tatmadaw columns. They also used the abandoned homes of displaced local civilians as defensive barriers to fire upon security forces. Additionally, they broke into civilian homes and market stalls, forcibly stealing valuables, food, and household goods. They also planted mines and


*See Page 13*


The Tatmadaw regains control of Thabeikkyin town, which had been held by terrorist insurgents.


The Tatmadaw regains control of Thabeikkyin town, which had been held by terrorist insurgents.


Documentary photo of weapons/ammunition and related materials seized from terrorist insurgents.


Documentary photo of weapons/ammunition and related materials seized from terrorist insurgents.



Documentary photo showing terrorist insurgents setting up bunkers inside religious buildings.



Documentary photo showing terrorist insurgents setting up bunkers inside religious buildings.



Documentary photo of terrorist insurgents damaging schools.



Documentary photo of terrorist insurgents damaging schools.



Documentary photo of weapons/ammunition and related materials seized from terrorist insurgents.



Documentary photo of terrorist insurgents destroying the township people's hospital.

*From Page 12*

destroyed public roads used by civilians.

The Tatmadaw columns have begun mine clearance operations in Thabeikkyin town to ensure the safe return and resettlement of displaced local civilians. Civilians who wish to return to their homes and resume their socio-economic livelihoods are urged to report systematically to the relevant security forces for coordination. Meanwhile, the respective regional government is working with departmental staff to quickly restore government administrative mechanisms, schools, and hospitals. We proudly present these victorious combat reports of the triumphant Myanmar Tatmadaw members. 100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တရုတ်နိုင်ငံက သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေးလေ့ကျင့်မှုတွင် အမြီးထောင်ဒရုန်းအမျိုးအစားသစ်ကို ထုတ်ဖော်ပြသခဲ့



တရုတ်နိုင်ငံသည် စီချွမ်ပြည်နယ်တွင် ပြုလုပ်ခဲ့သော သဘာဝဘေးအန္တရာယ် တုံ့ပြန်ရေး လေ့ကျင့်မှုတွင် အမြီးထောင် ဒရုန်းအမျိုးအစားသစ်ကို ထုတ်ဖော်ပြသခဲ့သည်ဟု Interesting Engineering သတင်းဌာနက ဇူလိုင် ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ၏ ဒရုန်းအသစ်သည် စစ်ဘက်နှင့် အရပ်ဘက်လုပ်ငန်းများတွင် အဆင့်မြင့်နည်းပညာများကို အသုံးပြုရန် နိုင်ငံ၏ရည်မှန်းချက်နှင့် ကိုက်ညီသည်။ ဒေါင်လိုက်တက်နိုင်၊ ဆင်းနိုင်ခြင်း၊ အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ရေးကိရိယာများပါရှိခြင်းနှင့် ကိုယ်တိုင်ပျံသန်းနိုင်ခြင်းတို့ဖြင့် ထူးခြားသည့် ဒရုန်းတစ်မျိုးလည်းဖြစ်သည်။

ဒရုန်း၏ တရားဝင်အမည်ကို မသိရသေးသော်လည်း ကယ်ဆယ်ရေးလေ့ကျင့်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် တောင်ကုန်းထူထပ်သောဒေသများတွင် စမ်းသပ်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ဒုံးကျည်ကဲ့သို့ ပျံတက်သွားပြီး အလျားလိုက် ပျံသန်းခဲ့ပြီးနောက် နောက်မြီးဖြင့် မြေပြင်သို့ ပြန်လည်ဆင်းသက်ခဲ့သည်။ ထို့ကြောင့် အမြီးထောင်ဒရုန်းအမျိုးအစားဟု ခေါ်ဆိုခြင်းဖြစ်သည်။ ဒရုန်း၏ ဒီဇိုင်းသည် ပြေးလမ်းမပါဘဲ ကြမ်းတမ်းသောပတ်ဝန်းကျင်အခြေအနေများတွင် လုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်စေမည်ဖြစ်ကြောင်း သိရသည်။

South China Morning Post သတင်းစာအရ တရုတ်နိုင်ငံထုတ် အဆိုပါအမြီးထောင်ဒရုန်းကို single ducted fan အင်ဂျင်ဖြင့် မောင်းနှင်ထားသည်။ ဤဒီဇိုင်းကြောင့် ဒေါင်လိုက်ပစ်လွှတ်ခြင်းနှင့် ပြန်လည်ဆင်းသက်ခြင်း စွမ်းရည်ကို ထိန်းသိမ်းထားရင်း ပုံမှန် quadcopter များထက် ပိုမိုလျင်မြန်စွာ ပျံသန်းနိုင်မည်ဖြစ်သည်။ ကျစ်လျစ်သော အရွယ်အစားနှင့် ဒေါင်လိုက်ပျံသန်းနိုင်မှုသည် သမားရိုးကျ ဒရုန်းပစ်လွှတ်မှုစနစ်များ အသုံးမပြုနိုင်သည့် ဝေးလံခေါင်သီသော သို့မဟုတ် သွားလာရန်ခက်ခဲသောဒေသများတွင် အထူးအသုံးဝင်စေသည်။

အဆိုပါဒရုန်းသည် ထောက်လှမ်းရေးအတွက် ကင်မရာများနှင့် အာရုံခံကိရိယာများအပါအဝင် payload မျိုးစုံကို သယ်ဆောင်နိုင်သည်။ ထို့ပြင် ဒရုန်းကို တရုတ်နိုင်ငံပိုင် လုပ်ငန်းစုတစ်ခုဖြစ်သော CAIG ထုတ် Wenyao control system ဖြင့် ထိန်းကျောင်းလုပ်ဆောင်ပေးထားသည်။ ၎င်းစနစ်သည် ဉာဏ်ရည်တုအသုံးပြု၍ အလိုအလျောက်ပျံသန်းမှု အစီအစဉ်များ ရေးဆွဲခြင်း၊ အတားအဆီးရှောင်ကွင်းရေးနှင့် အုပ်စုဖွဲ့ပူးပေါင်းလုပ်ဆောင်ခြင်းများကို ဆောင်ရွက်နိုင်စေမည်ဖြစ်သည်။

ကုမ္ပဏီအဆိုအရ အဆိုပါစနစ်သည် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊ ပျံသန်းရေးလမ်းကြောင်းများနှင့် လူသားအမိန့်ပေးထိန်းကျောင်းမှုမပါဘဲ ဒရုန်းအမြောက်အမြားကို တစ်ချိန်တည်း တစ်ပြိုင်တည်း ထိန်းချုပ်လုပ်ဆောင်နိုင်စွမ်းရှိကြောင်း သိရသည်။

AVIC က ဤဒရုန်းသည် အများတတ်နိုင်သောဈေးနှုန်းဖြင့် ဝယ်ယူအသုံးပြုနိုင်ပြီး ကြံ့ခိုင်ထိန်းသိမ်းရလွယ်ကူကြောင်း၊ ထို့ကြောင့် အရေးပေါ်နှင့် စစ်ဘက်ဆိုင်ရာ လုပ်ငန်းများအတွက် သင့်လျော်ကြောင်း အလေးအနက် ပြောကြားခဲ့သည်။

အဆိုပါဒရုန်းသစ်ကို တရားဝင်အမည်ပေးခြင်း သို့မဟုတ် အသုံးပြုခြင်းမရှိသေးသော်လည်း၊ လေ့ကျင့်မှုများတွင် ပါဝင်လာခြင်းက အသုံးပြုရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်း သတင်းစကားပေးပို့နေခြင်းလည်းဖြစ်သည်။

ဤဒရုန်းသည် ရဟတ်ယာဉ်များ၏ အားသာချက်များနှင့် ပုံသေတောင်ပံတပ်လေယာဉ်များ၏ အမြန်နှုန်းနှင့်အကွာအဝေးကို ပေါင်းစပ်ထားသော အမြီးထောင် UAV/Drone များအပေါ် ကမ္ဘာလုံးဆိုင်ရာ စိတ်ဝင်စားမှုတိုးလာခြင်း၏ တစ်စိတ်တစ်ပိုင်းကို ဖော်ညွှန်းပြနေခြင်းလည်းဖြစ်သည်။ နည်းပညာတိုးတက်လာသည်နှင့်အမျှ တရုတ်နှင့်အမေရိကန်နိုင်ငံကဲ့သို့သော ကမ္ဘာ့အင်အားကြီးနိုင်ငံများသည် စစ်ဘက်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ရည်ရွယ်ချက်များအတွက် ထိုသို့သော ဒေါင်လိုက်အတက်အဆင်းပြုလုပ်နိုင်သည့် အမြီးထောင်ဒရုန်းများကို ပိုမိုအသုံးပြုလာကြကြောင်း သိရသည်။

**China copies alien ship-style US spy drone design that launches like rocket** ကို ဘာသာပြန်ဆိုထားပါသည်။

## ရိုမေးနီးယားက Rafael Spyder လေကြောင်းရန်ကာကွယ်ရေးစနစ်များဝယ်ယူရန် Rafael ကုမ္ပဏီနှင့် လက်မှတ်ရေးထိုးခဲ့

ရိုမေးနီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသည် စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံးနှင့် နိုင်ငံပိုင် ဝယ်ယူရေးကုမ္ပဏီ Romtehnica SA တို့မှတစ်ဆင့် အစ္စရေးကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုကုမ္ပဏီ Rafael Advanced Defense Systems Ltd နှင့် Rafael Spyder တာတိုနှင့် တာဝေးပစ်လေကြောင်းရန် ကာကွယ်ရေးစနစ်များ ဝယ်ယူရန် လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း Army Recognition သတင်းဌာနက ဇူလိုင် ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစာချုပ်သည် ရိုမေးနီးယားနိုင်ငံ လေကြောင်းရန်ကာကွယ်ရေး အဆင့်မြှင့်တင်ရေးစီမံကိန်းတွင် သိသာထင်ရှားသော သမိုင်းမှတ်တိုင်တစ်ရပ်အဖြစ် အကောင်အထည်ဖော်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယူရို ၂ ဒသမ ၀၃၈ ဘီလီယံတန်ဖိုးရှိသော သဘောတူညီချက်သည် တာတိုပစ် SHORAD တပ်ခွဲခြောက်ခွဲနှင့် တာဝေးပစ် VSHORAD တပ်ခွဲခြောက်ခွဲ အပါအဝင် တာတို၊ တာဝေးပေါင်းစည်းထားသောစနစ်များ ခြောက်စုံဝယ်ယူဖြည့်တင်းသွားမည်ဖြစ်သည်။ အဆိုပါစီမံကိန်းသည် ဒေသတွင်းလုံခြုံရေးစိုးရိမ်မှုများ အထူးသဖြင့် လက်ရှိဖြစ်ပွားနေဆဲ ယူကရိန်းပဋိပက္ခနှင့် အရှေ့ဥရောပတွင် ဒရုန်းနှင့် ဒုံးကျည်ခြိမ်းခြောက်မှုများ ကြီးထွားလာမှုအပေါ် တုံ့ပြန်သည့်အနေဖြင့် NATO အဖွဲ့နှင့် လိုက်လျောညီထွေဖြစ်စေမည့် အလွှာစုံလေကြောင်းရန် ကာကွယ်ရေးတစ်ရပ်ဖွဲ့စည်းတည်ဆောက်သွားရန် ရိုမေးနီးယားနိုင်ငံ၏ မဟာဗျူဟာမြောက်ကြိုးပမ်းအားထုတ်လာမှုကို ထင်ဟပ်စေလျက်ရှိသည်။

Spyder လက်နက်စနစ်သည် အစ္စရေးနိုင်ငံ Rafael ကုမ္ပဏီက တီထွင်ထုတ်လုပ်ထားသော ခေတ်မီလေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်တစ်ခုဖြစ်သည်။ ဤစနစ်ကို တိုက်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ မောင်းသူမဲ့လေယာဉ်များ၊ ခရုဇ်ဒုံးကျည်များနှင့် တိကျပဲ့ထိန်းလက်နက်များအပါအဝင် အမျိုးမျိုးသော ဝေဟင်ခြိမ်းခြောက်မှုများကို ထိရောက်စွာ ကာကွယ်ရန်အတွက် ရည်ရွယ်ထုတ်လုပ်ထားသည်။ Spyder စနစ်သည် လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်အတွက် ဝေဟင်မှဝေဟင်ပစ်ဒုံးကျည်နှစ်မျိုးကို မြေပြင်မှ ဝေဟင်ပစ်အဖြစ် အသုံးပြုနိုင်ရန် ပြုပြင်ထားသည်။ ၎င်းတို့မှာ ပဉ္စမမျိုးဆက်အနီအောက်ရောင်ခြည်လမ်းညွှန်စနစ်သုံး Python-5 ဒုံးကျည်နှင့် Active radar ဖြင့် အမြင်အာရုံအကွာအဝေးထက်ကျော်လွန်ကာ ထိန်းချုပ်ပစ်ခတ်နိုင်သည့် Derby ဒုံးကျည်တို့ဖြစ်ကြသည်။ Spyder စနစ်သည် ဒုံးပစ်လောင်ချာယာဉ်များပေါ် ဒုံးကျည်များတပ်ဆင်ပစ်ခတ်ပြီး ၎င်းတွင် Elta EL/M-2106 ATAR 3D ရေဒါများနှင့် ခေတ်မီ electro-optical ခြေရာခံစနစ်များ တစ်ပါတည်းပါဝင်ဖွဲ့စည်းထားသောကြောင့် ရာသီဥတုမရွေး၊ နေ့ရောညပါ စစ်ဆင်ရေးဆောင်ရွက်နိုင်စွမ်းရှိမည်ဖြစ်သည်။



ရိုမေးနီးယားနိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေး ခေတ်မီအဆင့်မြှင့်တင်ရေး အစီအစဉ်သည် မကြာသေးမီနှစ်များအတွင်း အရှိန်အဟုန်မြှင့်ဆောင်ရွက်လာသည်ကို တွေ့ရှိခဲ့သည်။ အဓိကအရေးပါသောဝယ်ယူမှုများအနေဖြင့် အမေရိကန်နိုင်ငံထုတ် Patriot PAC-3 တာဝေးပစ်ဒုံးကျည်ကာကွယ်ရေးစနစ်များ၊ နော်ဝေနိုင်ငံထုတ် NASAMS တာလတ်ပစ်စနစ်များနှင့် ပြည်တွင်း၌ အဆင့်မြှင့်တင်ထားသော Oerlikon-GDF 35 mm တာတိုပစ်လေယာဉ်ပစ်အမြောက်များ ပါဝင်သည်။ အစ္စရေးနိုင်ငံထုတ် Spyder စနစ်ထပ်တိုးဝယ်ယူလိုက်ခြင်းသည် ရွေ့လျားနိုင်သော၊ လျင်မြန်စွာတုံ့ပြန်နိုင်သော တာတိုပစ်လေကြောင်းရန်ကာကွယ်ရေး အလွှာတစ်ခုကို ပေါင်းစပ်ပေးလိုက်ခြင်းဖြစ်ပြီး လက်ရှိဖြစ်ပေါ်တိုးတက်နေသော ဒရုန်းနှင့် ခရုဇ်ဒုံးကျည်ခြိမ်းခြောက်မှုများကို ကာကွယ်ရန်အတွက် အရေးပါသော လွှမ်းခြုံမှုကို ပေးစွမ်းနိုင်မည်ဖြစ်သည်။ ဒေသတွင်း လုံခြုံရေးပတ်ဝန်းကျင်အခြေအနေများ ဆက်လက်ပြောင်းလဲနေသဖြင့် ရိုမေးနီးယား၏ အလွှာလိုက်လေကြောင်းရန်ကာကွယ်ရေးစနစ်များတွင် ရင်းနှီးမြှုပ်နှံမှုသည် NATO ၏ ပူးပေါင်းကာကွယ်ရေးမဟာဗျူဟာနှင့်အညီ လိုက်လျောညီထွေရှိပြီး အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်သောအကာအကွယ်တစ်ခုကို အာမခံချက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Romania signs €2 billion contract to acquire Israeli Rafael Spyder air defense missile systems.** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါဧက ၄၈၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ဧက ၄၈၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၀၀၄၁ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၄၈၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ ဝါဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဝါဧက ၄၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ကျန်တဲ့ဧကတွေ ဆက်လက်စိုက်ပျိုးလျက်ရှိပါတယ်။ ဝါသီးနှံတွေ စိုက်ပျိုးထုတ်လုပ်ရာမှာ တောင်သူတွေ မျိုးကောင်းမျိုးသန့်တွေ လွယ်ကူစွာစိုက်ပျိုးရာသီအမီ စိုက်ပျိုးသွားနိုင်ဖို့ ဝါမျိုးစေ့တွေ ပံ့ပိုးပေးနေတယ်"ဟု မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ယခုနှစ် အရာတော်မြို့နယ်တွင် ဝါသီးနှံစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဝါမျိုးကောင်းမျိုးသန့်များ ရရှိစေရေး၊ ဝါသီးနှံဖြစ်ထွန်း အောင်မြင်စေရန် ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရန် စိုက်နည်းစနစ် မှန်ကန်စေရေးတို့ကို နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဝါစိုက်တောင်သူများလိုအပ်သည့် နည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝါကို စစ်ကိုင်းတိုင်းဒေသကြီးရှိ စစ်ကိုင်း၊ မုံရွာ၊ ယင်းမာပင်၊ ရွှေဘို၊ ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ် ၁၉ မြို့နယ်တွင် စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ဝါကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း သုံးစွဲမှုဖူလုံစေရုံမျှမက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ဝါကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ပန်းတနော်မြို့နယ်တွင် တီလားဗီးယားငါးများ အရောင်းအဝယ်ကောင်းမွန်နေ



**ပန်းတနော် ဇူလိုင် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် တီလားဗီးယားငါးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုချိုက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်တွင် ဒေသထွက်တီလားဗီးယားငါးများ ယခုနှစ် ဇူလိုင်လ ဒုတိယပတ်မှစတင်ပြီး ယနေ့ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် တီလားဗီးယားငါးများ တစ်ရက်လျှင် ပိဿာချိန် ၄၀၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"လက်ရှိ တီလားဗီးယားငါးတွေ အဝယ်လိုက်နေပါတယ်။ အခြားဒေသကုန်စိမ်းဈေးကွက်က ဝယ်လက်တွေက အဝယ်များနေပါတယ်။ ပန်းတနော်မြို့နယ်ကနေ အခြားဒေသတွေကို ပိဿာချိန်များများ တင်ပို့နေရလို့ အရောင်းအဝယ်ကောင်းနေတာပါ။ ဒေသထွက် တီလားဗီးယားငါးတွေ လက်ရှိ အရောင်းအဝယ်ကောင်းနေတာကြောင့် ရေလုပ်ငန်းနဲ့ ဆက်စပ်သူတွေအားလုံး အဆင်ပြေနေပါတယ်"ဟု ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုချိုက ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် အရောင်းအဝယ် ကောင်းမွန်နေသည့်တီလားဗီးယားငါးတစ်ပိဿာလျှင် ငွေကျပ် ၁၄၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသထွက် တီလားဗီးယားငါးများ အပါအဝင် အခြားကုန်စိမ်းများကို ဒေသဈေးကွက်အပြင် မအူပင်၊ ပုသိမ် စသည့်ဒေသများသို့ တင်ပို့ရောင်းချလျက် ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပုဗ္ဗသီရိမြို့နယ် သံပုရာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဇူလိုင် ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သံပုရာကုန်းကျေးရွာ၌ အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက စီမံကိန်းရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက စီမံကိန်းချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၈၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သံပုရာကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၂ ဦးကို ငွေကျပ် ၂၆၆ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၈၈ ဦးကို ငွေကျပ် သိန်း ၂၂၀ စုစုပေါင်းအသင်းသား၊ အသင်းသူဦးရေ ၁၇၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၈၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သူသူ**




## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ဒလမြို့နယ် ထော်(အောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု စစ်ဆေး



**ဒလ ဇူလိုင် ၂၃**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ဒလမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ထော်(အောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒလမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စံချောချောခင်၊ ဒုတိယဦးစီးမှူး ဒေါ်ဝင်းဝင်းလတ်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၂၉ ဒသမ ၄ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထော်(အောက်)ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၂၁ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် တစ်သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၆ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၉ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၉ ဒသမ ၄ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း ဒလမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။




တပ်မတော်စစ်ကြောင်းများက TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ထိန်းချုပ်ထားသည့် သပိတ်ကျင်းမြို့ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။




တပ်မတော်စစ်ကြောင်းများက TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ထိန်းချုပ်ထားသည့် သပိတ်ကျင်းမြို့ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ထိန်းချုပ်ထားသည့် သပိတ်ကျင်းမြို့ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။







TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များထံမှ သိမ်းဆည်းရရှိခဲ့သည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

ရှေ့ဖုံးမှအဆက်

မန္တလေးမြို့သို့ လည်းကောင်း၊ ဆက်သွယ်သွားလာနိုင်သည့်အချက်အချာကျသည့်မြို့တစ်မြို့ဖြစ်သည်။

ထိုသို့ အချက်အချာကျသည့် သပိတ်ကျင်းမြို့ကို မိုးမိတ်၊ မိုးကုတ်မြို့နယ်မှတစ်ဆင့် အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် ၂၀၂၄ ခုနှစ် ဩဂုတ် ၁၈ ရက်မှစ၍ သပိတ်ကျင်းမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် တပ်စခန်းများ၊ တပ်ရင်း၊ တပ်ဖွဲ့နှင့် မြို့ရွာများကို အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ဒေသခံပြည်သူများ၏ နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများပိုင်ဆိုင်သည့်ပစ္စည်းများကို အတင်းအဓမ္မလုယက်ယူဆောင်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကိုလုပ်ဆောင်ခဲ့သဖြင့် ဒေသခံပြည်သူများအနေဖြင့် မိမိတို့၏ တိုက်တာ အိုးအိမ်အဆောက်အအုံများ၊ ဥစ္စာပစ္စည်းများကို စွန့်ခွာ၍ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

ထိုသို့ သာလွန်အင်အားဖြင့် အလစ်အငိုက်လာရောက်တိုက်ခိုက်မှုကြောင့် သပိတ်ကျင်းမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သပိတ်ကျင်းမြို့ကို အကြမ်းဖက်သောင်းကျန်းသူများ၏ လက်တွင်းသို့ မကျဆုံးစေရေးအတွက်





TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက အများပြည်သူပိုင်နေအိမ်၊အဆောက်အအုံများကို ဖျက်ဆီးထားသည့် မှတ်တမ်းဓာတ်ပုံ။

မိမိတို့၏အသက်ကို ပဓာနမထားဘဲ ရဲဝံ့စွန့်စားစွာဖြင့် အပြင်းအထန်ခုခံခဲ့သော်လည်း ထိခိုက်ကျဆုံးဒဏ်ရာရရှိမှုများများပြားလာခြင်းနှင့် ရန်သူမှအင်အား အဆမတန်များပြားလာခြင်းကြောင့် ကြားခံစစ်အဆင့်ဆင့်ဖြင့် ဆုတ်ခွာခဲ့ပြီး ၇ မိုင်ကျေးရွာအနီးရှိ နယ်မြေခံတပ်ရင်းဌာနချုပ်၌ မဆုတ်တမ်းခံစစ်အဖြစ် အကြမ်းဖက်အဖွဲ့များ၏တိုက်ခိုက်မှုများကိုခံစစ်ဆင်နွှဲ၍ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များ၏ထိုးစစ်အရှိန်ကို ရပ်တန့်



TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ဘာသာရေးအဆောက်အအုံများနှင့် အများပြည်သူအသုံးပြုသည့် လမ်းများပေါ်တွင် ဘန်ကာများပြုလုပ်ထားသည့် မှတ်တမ်းဓာတ်ပုံ။





TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ဘာသာရေးဆိုင်ရာအဆောက်အအုံများအတွင်း ဘန်ကာများပြုလုပ်ထားသည့် မှတ်တမ်းဓာတ်ပုံ။



TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များထံမှ သိမ်းဆည်းရရှိခဲ့သည့် မော်တော်ယာဉ်၊ လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။





TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက စာသင်ကျောင်းအဆောက်အအုံများနှင့် အခန်းအတွင်း ပရိဘောဂပစ္စည်းများကိုဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက မြို့နယ်ပြည်သူ့ဆေးရုံအတွင်းဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့ဝင်များက အများပြည်သူသွားလာရာလမ်းများ၌ ဂိတ်များဖွင့်လှစ်ကာ အတင်းအဓမ္မငွေကြေးကောက်ခံခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက လူနေအိမ်များအတွင်း ဘန်ကာများပြုလုပ်ထားသည့် မှတ်တမ်းဓာတ်ပုံ။




TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက မြို့နယ်ခန်းမ၌ ခံစစ်စခန်းပြုလုပ်ထားသည့် မှတ်တမ်းဓာတ်ပုံ။




TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက မီးသတ်ရုံးအဆောက်အအုံအား ဖျက်ဆီးခဲ့သည့်မှတ်တမ်းဓာတ်ပုံ။

စေခဲ့ပြီး တန်ပြန်တိုက်ခိုက်နိုင်ရေး လိုအပ်သည့် စစ်ရေးပြင်ဆင်မှုဆိုင်ရာကိစ္စရပ်များကို လေကြောင်းထောက်ပံ့ပို့ဆောင်ရေးစနစ်ဖြင့် အချိန်ယူဆောင်ရွက်ခဲ့သည်။

ထိုသို့ လိုအပ်သည့်အုပ်ချုပ်ထောက်ပံ့မှုများကိုဖြည့်တင်းဆောင်ရွက်ခဲ့ပြီး လေကြောင်းပစ်ကူအချို့နှင့် ရေကြောင်းပစ်ကူ၊ လက်နက်ကြီး ပစ်ကူများပူးပေါင်းကာ မြေပြင်၊ ဝေဟင်၊ရေပြင်ဟန်ချက်ညီ ပေါင်းစပ်ပြီး မြေပြင်သတင်းဖော်ထုတ်၍ တပ်မတော် စစ်ကြောင်းများက အကြမ်းဖက် သောင်းကျန်းသူများ ထိန်းချုပ်ထားသည့် သပိတ်ကျင်းမြို့နယ်အတွင်းအကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter–Terrorism Operation)ဖြင့် တပ်ရင်းဌာနချုပ်ပတ်ဝန်းကျင်၌စတင်၍ နယ်မြေရှင်းလင်းခဲ့ပြီး တန်ပြန်တိုက်စစ်များ တစ်ဆင့်ပြီးတစ်ဆင့် ခြေကုပ်ယူတိုက်ခိုက်ခဲ့ရာ ၂၀၂၅ ခုနှစ် ဇွန် ၃၀ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများထိန်းချုပ်ထားသည့် သပိတ်ကျင်းမြို့နယ်အတွင်းရှိ ၆ မိုင်ကျေးရွာကိုလည်းကောင်း၊ ဇူလိုင် ၅ ရက်တွင် ၅ မိုင်ကျေးရွာကိုလည်းကောင်း၊ ဇူလိုင် ၁၇ ရက်တွင် ၄ မိုင်ကျေးရွာနှင့် အဆိုပါကျေးရွာအနီးတာဝါတိုင်ကုန်းကိုလည်းကောင်း အသီးသီးပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီး ဇူလိုင် ၂၃ ရက်ယနေ့တွင် သပိတ်ကျင်းမြို့ကို တပ်မတော်က အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

တပ်မတော် စစ်ကြောင်းများက သပိတ်ကျင်းမြို့နှင့် အဆိုပါဒေသတစ်ဝိုက်ကို ပြန်လည်သိမ်းပိုက်ရရှိရေးမိမိတို့၏အသက်ကိုပဓာနမထားဘဲ ရင်ကိုမြေကတုတ်လုပ်ကာ ရွပ်ရွပ်ချွံချွံ တိုက်ခိုက်ချေမှုန်းခဲ့ရာ စစ်ဆင်ရေးကာလ ၁၁ လအတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး ၁၇ ကြိမ်၊ ထိတွေ့မှုပေါင်း ၄၅ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၅၁ လောင်းနှင့် လက်နက်မျိုးစုံ ၁၁၂ လက်နှင့်ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့သည်။

စာမျက်နှာ ၁၈ သို့

# မြန်မာအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေး



**နေပြည်တော် ဇူလိုင် ၂၃**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Michael Dunford အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်မြန်မာအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အများပြည်သူသို့ အသိပေးကြေညာချက်

နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားဖြစ်မှုဆိုင်ရာအထောက်အထားသည် နိုင်ငံသားစိစစ်ရေးကတ်ဖြစ်ပါသည်။ နိုင်ငံသားဟုဆိုရာတွင် နိုင်ငံသားစိစစ်ရေးကတ်၊ ဧည့်နိုင်ငံသားလက်မှတ်၊ နိုင်ငံသားပြုခွင့်လက်မှတ်ကို ဥပဒေနှင့်အညီ ကိုင်ဆောင်ထားသူတို့ကိုဆိုလိုပါသည်။ နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားဖြစ်မှုဆိုင်ရာကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုးရရှိကိုင်ဆောင်နိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက နိုင်ငံတစ်ဝန်း ပန်းခင်းစီမံချက်များဖြင့် လွယ်ကူအဆင်ပြေစွာ စိစစ်ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင်လည်း ဒစ်ဂျစ်တယ်စနစ်ဖြင့် ပြည်သူတို့အတွက် လူမှုစီးပွားဆိုင်ရာထိရောက်သောဝန်ဆောင်မှုများပေးနိုင်ရန် နိုင်ငံအတွင်းနေထိုင်သူများကို e-ID စနစ်ဖြင့် Biographic/Biometric ကောက်ယူကာ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယင်းသို့ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းများကို နိုင်ငံတစ်ဝန်း ပန်းခင်းစီမံချက်များဖြင့် ဆောင်ရွက်ထုတ်ပေးလျက်ရှိနေသော်လည်း ယခုအခါ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် UID နံပါတ်တို့ကိုအတုအပပြုလုပ်၍ မသိနားမလည်သည့် ပြည်သူများအပေါ် အခွင့်ကောင်းယူကာ အခကြေးငွေရယူဆောင်ရွက်ပေးနေသူများလည်းရှိနေကြောင်းနှင့် Account အမျိုးမျိုး၊ ဆက်သွယ်ရေးတယ်လီဖုန်းနံပါတ်အမျိုးမျိုးဖြင့် တရားမဝင်ကြော်ငြာများကို Online မှ မဟုတ်မမှန်ဖော်ပြဆောင်ရွက်နေကြောင်း စိစစ်တွေ့ရှိရပါသည်။

နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် UID တို့ကို အတုအပပြုလုပ်ခြင်း၊ လက်ဝယ်ကိုင်ဆောင်အသုံးပြုခြင်းတို့သည် ပြစ်မှုမြောက်သည့်အတွက် ထိရောက်သောပြစ်ဒဏ်ချမှတ်ခံရနိုင်ပြီး လက်ရှိတွင်လည်း အတုအပပြုလုပ်ဆောင်ရွက်သူ၊ လက်ဝယ်ကိုင်ဆောင်အသုံးပြုသူများကို နည်းမျိုးစုံဖြင့် စစ်ဆေးဖော်ထုတ်ကာ တရားစွဲဆိုအမှုဖွင့်၍ ထိရောက်သောပြစ်ဒဏ်များချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ လူမှုကွန်ရက်များတွင် တရားမဝင်ကြော်ငြာဖြန့်ဝေလျှံ့ဆော်ဝါဒဖြန့်ဆောင်ရွက်နေမှုများကိုလည်း ဆက်လက်စစ်ဆေးဖော်ထုတ်ကာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် UID လုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်လိုပါက လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးများသို့ ဆက်သွယ်ဆောင်ရွက်ကြပါရန်နှင့် ပွဲစားများဖြင့်ဆောင်ရွက်ခြင်း၊ အတုအပကိုင်ဆောင်အသုံးပြုခြင်းမပြုကြပါရန် အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**

**စာမျက်နှာ ၁၇ မှအဆက်**

TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် သပိတ်ကျင်းမြို့နှင့် ၎င်းဒေသကို ယာယီသိမ်းပိုက် ထိန်းချုပ်ထားစဉ်မြို့ရွာများအတွင်းရှိ ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ဆေးရုံများနှင့် လူနေအိမ်များတွင် ဘန်ကာများဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများကို ပစ်ခတ်တိုက်ခိုက်ခြင်း၊ ယာယီနေရပ်စွန့်ခွာနေရသည့် ဒေသခံပြည်သူများ၏ အိုးအိမ်များကိုခံစစ်တံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သည့်အပြင် ဒေသခံပြည်သူများ၏ နေအိမ်များနှင့် ဈေးဆိုင်ခန်းများကို ဖောက်ထွင်း၍ တန်ဖိုးကြီးပစ္စည်းများ၊ စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများကိုအဓမ္မယူဆောင်ခြင်း၊ အများပြည်သူသွားလာလျက်ရှိသည့်လမ်းများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြောင်း တွေ့ရှိရသည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် သပိတ်ကျင်းမြို့အတွင်းသို့ ယာယီနေရပ်စွန့်ခွာနေကြရသည့် ဒေသခံပြည်သူများကို အန္တရာယ်ကင်းရှင်းစွာ ပြန်လည်ဝင်ရောက် နေထိုင်နိုင်ရေးမြို့တွင်း မိုင်းရှင်းလင်းခြင်းလုပ်ငန်းများ စတင်ရှင်းလင်းခြင်းနှင့် မိမိတို့၏အိုးအိမ်နေရာများသို့ ပြန်လည်နေထိုင်လိုပြီး ရိုးသားစွာ မိမိတို့၏လူမှုစီးပွားဘဝလုပ်ကိုင်စားသောက်လိုသည့် ယာယီနေရပ်စွန့်ခွာ ပြည်သူများအနေဖြင့်လည်း သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့များထံ စနစ်တကျသတင်းပို့၍ နေထိုင်နိုင်ရေးသက်ဆိုင်ရာက နှိုးဆော်ထားကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း ဌာနဆိုင်ရာဝန်ထမ်းများဖြင့် အစိုးရအုပ်ချုပ်မှု ယန္တရားများ၊ စာသင်ကျောင်းများ၊ ဆေးရုံများ အမြန်ဆုံးလည်ပတ်နိုင်ရေးစီမံဆောင်ရွက်လျက်ရှိကြောင်း၊ အောင်ပွဲရတိုက်ပွဲဝင် မြန်မာ့တပ်မတော်သားများကို ဂုဏ်ယူစွာဖြင့် ရရှိသတင်းများကို ဖော်ပြအပ်ပါသည်။ **(၅၀၁)**

## မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၄၂ / ၂၀၂၅**
၁၃၈၇ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၄ ရက်
၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၃ ရက်

**မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်ငွေးမြင့်အေး အား မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၄၃ / ၂၀၂၅**
၁၃၈၇ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၄ ရက်
၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၃ ရက်

**မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်ခိုင်ခိုင်မျိုး အား မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးအတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြဦး အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်တင်တင်ထူး အား အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## နိုင်ငံရေးပါတီတည်ထောင်ခွင့်လျှောက်ထားခြင်းများကို စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၃**

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသောပါတီအမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့ထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၂၇ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့် အဖွဲ့များအနက် **ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်ကို ခွင့်ပြုလိုက်ကြောင်း သိရှိရသည်။

ပါတီတည်ထောင်ခွင့်ရရှိသော **ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**သည် ခွင့်ပြုချက်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားရမည်ဖြစ်သည်။ ယနေ့ထိ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၂၂ ပါတီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးစီမံကိန်းများသည် လုပ်ငန်းသဘောသဘာဝအရ ရင်းနှီးမြှုပ်နှံမှုများပြားသည့် စီမံကိန်းများဖြစ်၍ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရရှိလာရေးကိုလည်း ဦးစားပေးလုပ်ငန်းရပ်တစ်ခုအနေဖြင့် ဆောင်ရွက်သွားရမည်ဖြစ်




**နေပြည်တော် ဇူလိုင် ၂၃**

လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်၏ (၄/၂၀၂၅) အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌများနှင့် ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များက အွန်လိုင်းမှတက်ရောက်ကြသည်။

ရှေးဦးစွာ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် စတင်ဖွဲ့စည်းပေးခဲ့ပြီး ခုနစ်လတာကာလအတွင်း ကော်မရှင်လုပ်ငန်းတာဝန် ၁၅ ချက်ကို ချမှတ်ပေးခဲ့ရာ အတိုင်းအတာတစ်ခုထိ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယနေ့အစည်းအဝေးတွင်လည်း လျှပ်စစ်နှင့်စွမ်းအင်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လုပ်ငန်းတာဝန်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ရှေ့ဆက်ဆောင်ရွက်မည့်အစီအမံများကို အလေးထား ဆွေးနွေးစေလိုပါကြောင်း၊ ထို့ပြင် ယခင်ပြီးစီးခဲ့သည့် အစည်းအဝေးများမှ ရရှိခဲ့သည့် ဆွေးနွေးဆုံးဖြတ်ချက်များ အပေါ်အခြေခံပြီး ဆက်လက်ဆောင်ရွက်မည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက်များ စူးစမ်း၊ လေ့လာ၊ တူးဖော်မည့် ကိစ္စရပ်များ၊ ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍ ဆောင်ရွက်ဆဲနှင့်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များ အပါအဝင် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေး သွားစေလိုပါကြောင်း။

Generation Mix ကိစ္စနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့်ပညာရှင်များက နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်အပေါ် မူတည်ပြီး ဓာတ်အားဖြည့်ဆည်းပေးနိုင်ရန်၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရန်၊ ပြန်ပြည့်မြဲစွမ်းအင်အချိုးအစား တစ်ခုပါဝင်ရန်အတွက် အမှန်တကယ် ရရှိနိုင်မည့် စွမ်းအင်လောင်စာများနှင့် နှစ်အလိုက် ရည်မှန်းချက်လျာထားပြီး Generation Mix သတ်မှတ်ရန်လိုအပ်မည်ဖြစ်သည့်အတွက် National Electricity Master Plan 2014 (JICA) နှင့် Nationally Determined Contribution (NDC) 2021 ရည်မှန်းချက်များအပေါ် အကြံပြုဆွေးနွေးရန် ရှိသည်များကို ဆွေးနွေးပေးစေလိုပါကြောင်း၊ တစ်ဆက်တည်းတွင် အရင်းအမြစ်မျိုးစုံမှ လျှပ်စစ်နှင့်စွမ်းအင်ထုတ်ယူသုံးစွဲမှုနှင့် ပတ်သက်ပြီး လျှပ်စစ်ကဏ္ဍတွင် လက်ရှိအသုံးပြုနေသောအရင်းအမြစ်များအပြင် နေရောင်ခြည်စွမ်းအင်၊ လေအား၊ LNG စသည့် အရင်းအမြစ်များကိုပါ တိုးမြှင့်အသုံးပြုနိုင်ရန်၊ နယ်စပ်ဖြတ်ကျော်ဓာတ်အားလိုင်းများမှ တစ်ဆင့် ဓာတ်အားဝယ်ယူခြင်းတို့ကဲ့သို့ နည်းလမ်းများပါ အကောင်အထည်ဖော်ဆောင်ရွက်နေကြသကဲ့သို့ စွမ်းအင်ကဏ္ဍတွင်လည်း လက်ရှိ ရှိရင်းစွဲရေနံမြေများ ထုတ်လုပ်မှုတိုးတက်လာရန် အဆင့်မြင့်နည်းပညာရပ်များ အသုံးပြုခြင်း၊ ရေနံမြေအသစ်များရှာဖွေခြင်း၊ ကမ်းလွန်စီမံကိန်းအသစ်များ အကောင်အထည်ဖော်ခြင်း၊ ရေနံချက်စက်ရုံများ အသစ်တည်ဆောက်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းတို့ ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုကဲ့သို့ဖွံ့ဖြိုးရေးလုပ်ငန်းများ တစ်ရက်စောပြီးပါက နိုင်ငံတော်အတွက် တစ်ရက်ပို၍အကျိုးရှိမည်ဖြစ်ရာ လုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ထပ်မံတိုက်တွန်းလိုပါကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးရေးစီမံကိန်းများသည် လုပ်ငန်းသဘောသဘာဝအရ ရင်းနှီးမြှုပ်နှံမှုများပြားသည့် စီမံကိန်းများဖြစ်၍ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရရှိလာရေးကိုလည်း ဦးစားပေးလုပ်ငန်းရပ် တစ်ခုအနေဖြင့် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ယင်းအတွက်ကိုလည်း "နိုင်ငံတကာနှင့်ဒေသတွင်း လျှပ်စစ်နှင့်စွမ်းအင် ပူးပေါင်းဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအဖွဲ့"ကို ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနက ဦးဆောင်ဖွဲ့စည်းခဲ့ပြီးဖြစ်ရာ အဆိုပါအဖွဲ့အနေဖြင့်လည်း လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက် ဆောင်ရွက်သွားရန် မှာကြားလိုပါကြောင်း၊ ထို့ပြင် ပြည်တွင်း၊ ပြည်ပမှ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာလုပ်ငန်းများတွင် လာရောက်ပူးပေါင်းဆောင်ရွက်နိုင်ရန် ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ရေး၊ အခွင့်အလမ်း (Opportunity) များ ဖန်တီးပေးနိုင်ရေး၊ ဆွဲဆောင်မှု (incentive)ပေးရေး၊ လုပ်ငန်းကြန့်ကြာမှုများ လျော့နည်းစေရန် စီမံဆောင်ရွက်ပေးခြင်း၊ စီမံကိန်းမြေနေရာရရှိနိုင်ရေး One Stop Service၊ ငွေကြေးဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ အခက်အခဲများ အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းပေးခြင်း စသည့် လုပ်ဆောင်ပေးနိုင်သည်များကို အမြန်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် အမျိုးသားအကျိုးစီးပွား (National Interest)နှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု (Socio Economic) တို့အတွက်အဓိကကျကြောင်း၊ လျှပ်စစ်ဓာတ်အားတိုးတက် ထုတ်လုပ်ရန်နှင့် ပြန်ပြည့်မြဲစွမ်းအင်မှ ထုတ်ယူသုံးစွဲရန်ကိုလည်း အမြဲလမ်းညွှန်မှာကြားလျက်ရှိပါကြောင်း၊နိုင်ငံတော်ဝန်ကြီးချုပ်၏ ရန်ကုန်တိုင်းဒေသကြီး ဆိုလာပြားထုတ်လုပ်သည့် စက်ရုံကို သွားရောက်စစ်ဆေးခဲ့သည့် ခရီးစဉ်တွင် ပြည်တွင်း၌ ထုတ်လုပ်သည့် ဆိုလာပြားများ၏ အရည်အသွေးကို ပြည်ပမှတင်သွင်းသည့် ဆိုလာပြားများနှင့်ယှဉ်လျှင် အရည်အသွေး လျော့ကျမှု မရှိစေရေးနှင့် စနစ်တကျထုတ်လုပ်နိုင်ရေး၊ ဆိုလာပြားများအား ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ရန်လိုပြီး ဆိုလာပြားထုတ်လုပ်မှု တိုးတက်ရေးနှင့် ပတ်သက်၍ စက်မှုဝန်ကြီးဌာနနှင့်လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ စွမ်းအင်ကဏ္ဍတွင် အထူးသဖြင့် ကမ်းလွန်လုပ်ကွက် စီမံကိန်းများသည် အရေးကြီးသည့် စီမံကိန်းများဖြစ်သောကြောင့် ယင်းစီမံကိန်းများကို သတ်မှတ်ချိန်အတိုင်း ဆောင်ရွက်နိုင်ရေး လေ့လာရေးနှင့်ရှာဖွေရေးလုပ်ငန်းများ မြန်မြန်စတင်နိုင်ရန် သက်ဆိုင်ရာ ကုမ္ပဏီများကို တွန်းအားပေး ကြပ်မတ်ဆောင်ရွက်သွားရန်မှာကြားလိုပါကြောင်း၊ ထို့ပြင် စက်သုံးဆီများကို ပြည်တွင်းတွင်တိုးမြှင့်ထုတ်လုပ်နိုင်မှုကြောင့် နိုင်ငံခြားငွေသုံးစွဲရမှုကို လျော့နည်းသက်သာစေရန် ရေနံချက်စက်ရုံများ အဆင့်မြှင့်တင်ခြင်းကို သတ်မှတ်ချိန်အတွင်းပြီးစီးရေး အလေးထား ဆောင်ရွက်ပေးစေလိုပါကြောင်း၊ လျှပ်စစ်ဓာတ်အားကို အကျိုးရှိစွာသုံးစွဲနိုင်ရေးအစီအမံချမှတ်နိုင်ရန်၊ ဓာတ်အားလျော့နည်းပျောက်ဆုံးမှု မဖြစ်စေရေး စစ်ဆေးရေးအဖွဲ့များဖွဲ့၍ စစ်ဆေးနိုင်ရန်၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ကြံ့ခိုင်မှုရှိစေရေး ဆောင်ရွက်ရန်လိုပါကြောင်း၊ လာမည့်နွေရာသီအမီလျှပ်စစ်ဓာတ်အား ပိုမိုရရှိစေရေးဆက်လက်ဆောင်ရွက်သွားရန် ပြောကြားလိုပါကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍသည် ကျယ်ပြန့်ပြီး သက်ဆိုင်ရာ Stakeholder အားလုံး ပေါင်းစပ်ဆောင်ရွက်မှသာ စဉ်ဆက်မပြတ်သည့် ဖွံ့ဖြိုးတိုးတက်မှုကိုရရှိနိုင်မည်ဖြစ်သည့်အတွက် သက်ဆိုင်သူများအားလုံး ပေါင်းစပ် ဆောင်ရွက် သွားရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းနှင့် ကော်မရှင်ဒုတိယဥက္ကဋ္ဌ (၂) စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်တို့က တတိယအကြိမ်အစည်းအဝေးကာလအပြီး လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် ကော်မရှင်၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြကြပြီး ကော်မရှင် အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့က ကော်မရှင်အစည်းအဝေး (၃/၂၀၂၅) ဆုံးဖြတ်ချက်များအနက် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတို့နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုနှင့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များက ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသော ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများက ချမှတ်ထားသည့် လုပ်ငန်းတာဝန်များအပေါ် မိမိတို့ဝန်ကြီးဌာနနှင့် သက်ဆိုင်သော အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုများနှင့် အကြံပြုချက်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ UMFCCI ဥက္ကဋ္ဌတို့က ပြည်ထောင်စုနယ်မြေ၊ မိမိတို့တိုင်းဒေသကြီး၊ ပြည်နယ်အတွင်း ဆောင်ရွက်ဆဲ၊ ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းအခြေအနေများနှင့် ကော်မရှင်၏ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍အကြံပြုလိုသည်များကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌက နိုင်ငံတော်တွင်လိုအပ်နေသည့် လျှပ်စစ်စွမ်းအားကို ဖြည့်ဆည်းပေးနိုင်မှသာလျှင် မျှော်မှန်းသည့် လူမှုစီးပွားဘဝတိုးတက်ပြီး Living Standard မြင့်မားလာမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ ကုန်ထုတ်လုပ်ငန်းများ တိုးတက်ပြီး ပြည်တွင်း အသားတင်ထုတ်လုပ်မှု (GDP) တိုးတက်မှုရှိလာမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းမည့် စီမံကိန်းများ အကောင်အထည်ဖော်နိုင်ရေး၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုချက်ရရှိရေး၊ ဓာတ်အားဝယ်ယူရေးဆိုင်ရာ သဘောတူညီချက်များ၊ MOU/ MOA ဆိုင်ရာကိစ္စရပ်များတွင် ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

## ရွှေကျင်မြစ်ရေနှင့် မယ်ဆိုင်ချောင်းရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၃**

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့(လွယ်တော်ခမ်းကျေးရွာ)တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကျင်မြို့နယ်နှင့် တာချီလိတ်မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားကြောင်း သိရသည်။

☆ ကျောဖုံးမှအဆက်


မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင်ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက် ကိုက်ညီသောဆင်ဖြူတော်ကလေးဖြစ်သည်။

အထက်ပါဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက"မှာ ယခုအသက် သုံးနှစ်သားအရွယ်တွင် အရပ်အမြင့် ၅ ပေ ၃ လက်မ၊ ကိုယ်လုံးလုံးပတ် ၈ ပေ၊ ကိုယ်အလေးချိန် ၁၅၇၃ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော်ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက"မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်ကလေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ဆင်ဖြူတော်ကလေး**
**"ရဋ္ဌနန္ဒက"**
**ကျန်းမာပျော်ရွှင်လျက်ရှိစဉ်။**

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်၏ ဇူလိုင် ၂၃ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ဇူလိုင် ၂၄ ရက်မှ ၂၇ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ**




**❑ နေရာကွက်၍ မိုးကြီးမည်မှအဆက်**

ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၄ ပေမှ ၁၆ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့်ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန
(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန
(https://www.moi.gov.mm)
၄။ Myawady Webportal
(https://myawady.net.mm)
၅။ Myanmar National Portal
(https://myanmar.gov.mm)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဌာနချုပ်ရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ပွားခဲ့သည့် မိုင်းပေါက်မြို့ရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများပို့ဆောင်

**နေပြည်တော် ဇူလိုင် ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပေါက်မြို့နယ်အတွင်း ဇူလိုင် ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် မိုင်းပေါက်-ပန်ဆန်းသွားကားလမ်းနှင့် မိုင်းဖျန်-ဟိုတောင်း-မိုင်းပေါက်သွားကားလမ်းပေါ်တွင် တောင်ပြိုကျမှုများဖြစ်ပွားခြင်း၊ မိုင်းပေါက်မြို့အဝင် ကတ္တရာလမ်းပိုင်း၌ ရေသုံးပေခန့်ဖုံးလွှမ်းခြင်း၊ မိုင်းပေါက်မြို့ပေါ်အတွင်းရှိ အနိမ့်ပိုင်းနေရာများ၌ ရေခုနစ်ပေခန့်ဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သဖြင့် ဒေသခံပြည်သူနှစ်ဦးသေဆုံးခဲ့ပြီး နေအိမ်အချို့နှင့် မော်တော်ယာဉ်များ ရေနစ်မြုပ်မှုဖြစ်ပွားကာ ပြည်သူအချို့ကို ရေဘေးလွတ်ကင်းရာသို့ ယာယီပြောင်းရွှေ့ခဲ့ရသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများကို ယနေ့ နံနက်ပိုင်းတွင် ကျိုင်းတုံမြို့သို့ တပ်မတော်လေယာဉ်ဖြင့် ရောက်ရှိလာရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြိုဆို၍ ကျိုင်းတုံတပ်နယ်မှ တပ်မတော်သားများက ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ပို့ဆောင်မည့် မော်တော်ယာဉ်များပေါ်သို့ လွှဲပြောင်းတင်ဆောင်ပေးကြသည်။

ထို့နောက် ထောက်ပံ့ရေးပစ္စည်းများ သွားရောက်ပို့ဆောင်မည့် ယာဉ်များ၌ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ အိပ်ရာလိပ်နှင့် တစ်ကိုယ်ရေသုံးပစ္စည်းများအပါအဝင် ထောက်ပံ့ရေးပစ္စည်း ၁၆ မျိုး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဆန်အိတ် ၁၀၀ အပါအဝင် ထောက်ပံ့ရေးပစ္စည်း လေးမျိုး၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်က ဆန်အိတ် ၁၀၀ အပါအဝင် ထောက်ပံ့ရေးပစ္စည်း နှစ်မျိုး စုစုပေါင်း ၂၂ မျိုးပါဝင်ပြီး ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့)ဥက္ကဋ္ဌ၊ နယ်မြေခံတပ်မတော်သားများ၊ ခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျိုင်းတုံခရိုင်၊ မိုင်းယန်းခရိုင်မှ ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မိုင်းပေါက်မြို့သို့ ဆက်လက်ထွက်ခွာကြသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ဖဝ၁)



မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ပွားခဲ့သည့် မိုင်းပေါက်မြို့ရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း မှော်ဘီတပ်နယ်ကိုယ်စားပြုအသင်းကို ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။

# ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပပြုလုပ်


**နေပြည်တော် ဇူလိုင် ၂၃**

ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးတက္ကသိုလ် အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ဝိတ်တန်းအလိုက် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်း ဆုရရှိကြသူများ၊ ဝိတ်တန်းအလိုက် ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသည့် မှော်ဘီတပ်နယ်ကိုယ်စားပြုအသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင် ၂၁ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (ဖဝ၁)

# နောင်ချိုမြို့သို့ ပြန်လည်ဝင်ရောက်လာသော ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်၊ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးခြင်းနှင့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းအပ်ဆက်လက်လက်ခံ



တပ်မတော်သားဆရာဝန်များနှင့် နယ်မြေခံဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများက ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇူလိုင် ၂၃**

တပ်မတော်က ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation) ဆောင်ရွက်ကာ ပြန်လည်ထိန်းချုပ်ထားသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများပူးပေါင်း၍ ဒေသခံပြည်သူလူထု လုံခြုံရေးနှင့် လိုအပ်သည့်ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရေး၊ အစိုးရ၏ အုပ်ချုပ်မှု ယန္တရားများဖြစ်သည့် ရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရေး စသည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူ ၄၂၆ ဦးတို့ကို ဆက်လက် ကျောင်းအပ်လက်ခံပေးသည်။

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူ ၁၅၅ ဦးတို့ကို တပ်မတော်သားဆရာဝန်များနှင့် နယ်မြေခံဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများက နောင်ချိုမြို့ မြနန်းတော်ဝင် မင်္ဂလာခန်းမ၌ ယာယီဆေးရုံဖွင့်လှစ်၍ အဖျားရောဂါ၊ ပိုလီယိုရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

၎င်းအပြင် နောင်ချိုမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံကြီး အချိန်မီပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် တပ်မတော်သားများက ဆေးရုံပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းစသည့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဖဝ၁)

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

**နေပြည်တော် ဇူလိုင် ၂၃**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင် အားကစားအသင်းများ၏ ပထမနေ့ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင် ၂၈ ရက် ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဖဝ၁)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**၂၀၂၅ ခုနှစ် ဇူလိုင် ၂၃ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၅၉၀၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် MDY-PDF အဖွဲ့ဝင် ကိုးဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်



ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် MDY-PDF အဖွဲ့ဝင်တစ်ဦး ဝန်ခံကတိ လက်မှတ်ရေးထိုးစဉ်။

**နေပြည်တော် ဇူလိုင် ၂၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်းရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့တို့ကို အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းသာအားရကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့ဝင်များ အနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိရာ ဇူလိုင် ၁၇ ရက်မှ ဇူလိုင် ၂၂ ရက်ထိ TNLA အဖွဲ့ဝင် လေးဦး၊ DPLA အဖွဲ့ဝင် ၄၁ ဦးနှင့် MDY-PDF အဖွဲ့ဝင် ၁၅ ဦး စုစုပေါင်း ဦးရေ ၆၀ တို့သည် လက်နက်မျိုးစုံ၃၃ လက်၊ ကျည်မျိုးစုံ ၁၅၁၅ တောင့်၊ ကျည်အိမ် ၁၂ ခုနှင့်အတူ ပြန်လည်ဝင်ရောက်လာခဲ့ကြသည်။

ယနေ့တွင်လည်း MDY-PDF အဖွဲ့မှ အမျိုးသား ခုနစ်ဦးနှင့် အမျိုးသမီး နှစ်ဦး စုစုပေါင်း ကိုးဦးတို့သည် ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်လိုခြင်း၊ တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံခြင်းများကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီး နီးစပ်ရာ တပ်မတော်စခန်းများမှတစ်ဆင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ရာ ၎င်းတို့ကို တာဝန်ရှိသူများက ပြန်လည်လက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၏ ကနဦးပြောကြားချက်များအရ ၎င်းတို့သည် အေးချမ်းစွာနေထိုင် လုပ်ကိုင်စားသောက်သူများဖြစ်ပြီး အကြမ်းဖက်သမားများ ရောက်ရှိလာကာ ၎င်းတို့အဖွဲ့ထဲမဝင်ရောက်ပါက မိဘဆွေမျိုးများနှင့်အကျပ်ကိုင်၍ အတင်းအဓမ္မ လူသစ်စုဆောင်းခြင်းကိုခံခဲ့ရကြောင်း၊ ထို့ပြင် အကြမ်းဖက်သမားများသည် ငွေရေးကြေးရေးအခက်အခဲများကြောင့် စားသောက်နေထိုင်ရာတွင် အနေဆင်းရဲ၊ အစားဆင်းရဲဖြင့် ပင်ပင်ပန်းပန်း နေထိုင်ခဲ့ရကြောင်း၊ ယင်းအပြင် ၎င်းတို့အဖွဲ့အတွင်း၌ လက်နက်အားကိုးဖြင့် အထက်အောက် အနိုင်ကျင့်ဗိုလ်ကျ လူမျိုးရေးခွဲခြားဆက်ဆံရခြင်း၊ အဆင့်အတန်းခွဲခြားဆက်ဆံရခြင်းများ ရှိကြောင်း၊ တပ်မတော်၏ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter- Terrorism Operation)များဆင်နွှဲမှုတွင် အကျအဆုံးများ များပြားလာခြင်းများကြောင့် စိတ်ဓာတ်များကျဆင်းလာခြင်း၊ မိသားစုများနှင့် နွေးနွေးထွေးထွေး ပြန်လည်နေထိုင်လိုပြီး တောထဲ၌ နေထိုင်လိုမှုမရှိခြင်း၊ ၎င်းတို့၏လုပ်ရပ်များသည် ပြည်သူလူထုအတွက် များစွာထိခိုက်နစ်နာသည်ကို သိရှိနားလည်သဘောပေါက်လာခြင်းကြောင့် ၎င်းတို့လုပ်ရပ်များကို စိတ်ပါဝင်စားမှုမရှိတော့ခြင်း၊ တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာခြင်းတို့ကြောင့် ယခုကဲ့သို့ ၎င်းတို့အဖွဲ့အတွင်းမှ ပြန်လည်ထွက်ခွာလာကာ နီးစပ်ရာ တပ်မတော်စခန်းများမှတစ်ဆင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲအပ်ပေးလျက်ရှိခြင်းများကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည် ဖြစ်ကြောင်းနှင့် လက်နက်ခဲယမ်းများအတွက် ဆုကြေးငွေများကို ထိုက်တန်စွာပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"အကြမ်းဖက် PDF အဖွဲ့အစည်းထဲကို ရောက်ရှိရတဲ့ အကြောင်းရင်းကတော့ ကျွန်တော့်သူငယ်ချင်းက လုပ်ငန်းလုပ်ဖို့ ဆိုပြီးတော့ မိုင်းတုံကိုလိမ်ခေါ်တယ်။ ကျွန်တော်တို့ရောက်ရှိသွားတဲ့ အချိန်မှာ ဒီအကြမ်းဖက် PDF သင်တန်းကိုတက်ရမယ်လို့ပြောပါတယ်။ ကျွန်တော်က မတက်ချင်တဲ့အတွက် သူတို့ကိုသွားပြောတယ်။ သူတို့အထက်အရာရှိက မင်းမတက်ရင် မင်းတို့ကို သတ်ပစ်မယ်ဆိုပြီးတော့ ပြောတယ်။ ကျွန်တော့်သူငယ်ချင်းကလည်း မင်း ဒီသင်တန်းကိုမတက်ရင် သတ်ပစ်မယ်လို့ပြောပါတယ်။ အမှန်တကယ်လည်း ဒီသင်တန်းကိုမတက်ဘဲ ပြန်သွားတဲ့ အဖွဲ့တွေကိုလည်း သူတို့သတ်ပစ်တာတွေကို မြင်ခဲ့ရပါတယ်။ အဲ့ဒါကြောင့် ကျွန်တော် ဒီသင်တန်းကို ဆက်ပြီးတက်ခဲ့ရပါတယ်။ သင်တန်းကာလအတွင်းမှာလည်း အစားအသောက်ပိုင်းဆိုင်ရာမှာ ကျွန်တော်တို့ကို ကျွေးတဲ့ရက်ရှိသလို မကျွေးတဲ့ရက်လည်းရှိပါတယ်။ တစ်ခါတလေဆိုရင် ရှူးရှဲလက်ဖက်ထုပ်နဲ့ပဲ စားရတဲ့အခါရှိသလို ရေနဲ့ပဲစားရတဲ့အခါလည်းရှိပါတယ်။ ခက်ခက်ခဲခဲ သင်တန်းတက်ရတယ်။ ကျွန်တော်တို့နဲ့ ပါလာတဲ့ ညီမငယ်တွေ၊ အစ်မတွေကိုလည်း သူတို့ရဲ့ အထက်အရာရှိပိုင်းတွေ အနားမှာ ခေါ်ထားပြီး မတော်မတရားတွေလုပ်တယ်။ အဓမ္မပြုကျင့်တယ်။ အဲ့ဒါတွေကိုလည်း မျက်မြင်ကိုယ်တွေ့ မြင်ခဲ့ရတယ်။ မြင်ခဲ့ရပေမယ့်လည်း ကျွန်တော်တို့မှာ ပြန်ပြောပိုင်ခွင့်မရှိဘူး။ သူတို့မှာက သေနတ်တွေနဲ့ဆိုတော့ အမြင်မကြည်ရင် သူတို့စိတ်ဆန္ဒအဆင်မပြေရင် ခေါ်ပြီး တော့သတ်တယ်။ ဒါတွေကို မြင်တွေ့ရတဲ့အခါမှာ စိတ်နာတယ်။ ကျွန်တော်တို့ကို သင်တန်းပြီးတော့ မတ္တရာခွင်ဘက်ကို ပို့တော့ သင်တန်းဆင်းတာမှ တစ်ပတ်လောက်ပဲရှိသေးတယ်။ ရှေ့တန်းကို တန်းလွှတ်တယ်။ ရှေ့တန်းကိုလွှတ်တော့လည်း လူအင်အားနည်းနည်းလေးနဲ့ ပစ္စည်းတွေလည်း စုံစုံလင်လင် မပေးဘူး။ သူတို့တွေကဆိုရင် အနောက်ကနေပဲ အမိန့်ပေးတယ်။ ရှေ့ကို တစ်ယောက်မှ မလာဘူး။ ဒီအတွက်လည်း ကျွန်တော့်မှာ စိတ်ခံစားချက်ရှိတယ်။ ရှေ့ရောက်တော့လည်း တပ်မတော်ဘက်က အင်အားအလုံးအရင်းနဲ့ ထိုးစစ်ဆင်လာတယ်။ လူအင်အား၊ လက်နက်အင်အား မမျှတဲ့အတွက် အနောက်ကိုပြန်ဆုတ်ဖို့သူတို့ကိုပြောတယ်။ ပြောတဲ့အချိန်မှာလည်း သူတို့က မင်းတို့ နောက်မဆုတ်ရဘူး။ နောက်ဆုတ်ရင် မင်းတို့ကို သတ်ပစ်မယ်လို့ ခြိမ်းခြောက်တယ်။ ကျွန်တော်တို့ထဲကမှ ခိုးပြန်သွားတဲ့ ကောင်တွေကို ကျွန်တော်တို့ ရှေ့မှာတင် သတ်ပစ်တယ်။ ကျွန်တော်တို့လည်း ကြောက်ပြီးတော့ တပ်မတော်ကိုခုခံရတယ်။ ကိုယ့်ကိုယ်ကိုယ် အသက်မသေအောင်





ကာကွယ်ပြီးတော့ တပ်မတော်ထံ အလင်းဝင်ဖို့ သူငယ်ချင်းတွေစုပြီးတော့ တိုင်ပင်ကြတယ်။ သူတို့အွန်လိုင်းပေါ်မှာတင်ထားတာက တပ်မတော်ထံမှ အလင်းဝင်ရောက်လာတဲ့သူဆိုရင် ဆုငွေပေးတယ်။ ကောင်းကောင်းမွန်မွန် ထားတယ်ဆိုပြီး အွန်လိုင်းပေါ်မှာတင်ထားတယ်။ ဒါတွေက တကယ်မဟုတ်ပါဘူး။ သူတို့လုပ်တာက တပ်မတော်ထံမှ အလင်းဝင်လာတဲ့သူတွေကို သတ်ပစ်တယ်။ သေနတ်တွေယူထားတယ်။ အဲဒီလိုမျိုးလုပ်တယ်။ ကျွန်တော်တို့ကိုလည်းပြန်ပြောတယ် တပ်မတော်ထံ အလင်းဝင်ရောက်တယ်ဆိုရင် ဒီလိုပဲသတ်ပစ်မယ်ဆိုပြီး ကျွန်တော်တို့ကို ပြောထားတယ်။ အဲဒီတော့ ကျွန်တော်တို့တွေဝေသွားတယ်။ အရင်အလင်းဝင်သွားတဲ့ ကျွန်တော်တို့ သူငယ်ချင်းတွေနဲ့ ချိတ်ဆက်မိတဲ့အခါမှာ ဒီလို၊ ဒီအကြောင်းပဲမေးကြည့်တယ်။ သားကြီးအဲဒါမဟုတ်ဘူး ဒီမှာ အေးအေးဆေးဆေးပဲ၊ နွေးနွေးထွေးထွေးပဲ ကြိုဆိုတယ်ဆိုပြီးတော့ ပြောတဲ့အချိန်မှာ ကျွန်တော်တို့ အလင်းဝင်လာတယ်။ တကယ်လည်း ဟုတ်ပါတယ်။ အလင်းဝင်ရောက်တဲ့အချိန်မှာ နွေးနွေးထွေးထွေး ကြိုဆိုတယ်။ ကိုယ့်မိဘထံကို အေးအေးဆေးဆေးပဲ ပြန်လိုက်အပ်ပေးတယ်။ အဲဒီအတွက်လည်း တပ်မတော်ကိုကျေးဇူးတင်တယ်။ ကျွန်တော် မတ္တရာခွင်ဘက်မှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ အယ်ဖာပတ်ပတ်လည်ကကျေးရွာတွေမှာလည်း ပစ္စည်းတွေ၊ စားသောက်စရာတွေ၊ တန်ဖိုးရှိတဲ့ပစ္စည်းတွေကို ကျွန်တော်တို့ အဓမ္မယူဆောင်၊ သုံးဆောင်ရတယ်။ အဲ့ဒီပစ္စည်းတွေ သုံးဆောင်ရတာလည်း တချို့ပစ္စည်းတွေဆိုရင် အထက်အရာရှိပိုင်းတွေကို ပြန်အပ်ရတယ်။ သူတို့က ဒီလို၊ ဒီအကြောင်းပဲ ဒီအိမ်ကိုပိတ်လိုက်ပြီးရင် ချိပ်ပိတ်ဒလန်အိမ်ဆိုပြီး ကျွန်တော်တို့ကိုပြောတယ်။ ချိပ်ပိတ်ပြီးတော့ ပစ္စည်းတွေကို သူတို့ကို အပ်ရတယ်။ အဲဒါတွေကို ရွံ့ရှာမုန်းတီးလာတယ်။ ရွံ့ရှာမုန်းတီးလာတဲ့အချိန်မှာ ကျွန်တော် တပ်မတော်ထံကို အလင်းဝင်ရောက်တယ်။ မိဘပြည်သူတွေကို ကျွန်တော် အနူးအညွတ်တောင်းပန်ပါတယ်။ အကြမ်းဖက် PDF အဖွဲ့အစည်းထဲက ထွက်ရှိလိုက်တဲ့အတွက် နောက်နောင် ဒီလိုမဖြစ်စေရပါဘူးလို့လည်း ကတိပေးပါတယ်။ တောထဲမှာ ညီအစ်ကို၊ မောင်နှမတွေကိုလည်း တပ်မတော်ထံအလင်းဝင်ဖို့ ကျွန်တော်ဖိတ်ခေါ်ပါတယ်။ ကျွန်တော်တို့ဘက်က အကူအညီလိုအပ်ရင် ကူညီဖို့ အသင့်ပါပဲ" ဟုပြောသည်။

"ကျွန်တော် အကြမ်းဖက်အဖွဲ့အစည်းအတွင်းရောက်ရှိရတဲ့ အကြောင်းရင်းကတော့ ကျွန်တော့်သူငယ်ချင်းများရဲ့ လိမ်လည်ပြောဆိုမှုကြောင့် ရောက်သွားခဲ့ပါတယ်။ အကြမ်းဖက်အဖွဲ့အစည်း PDF ထံရောက်တော့ ကျွန်တော် သင်တန်းမတက်ချင်ဘူးလို့ ပြောတဲ့အခါမှာ သင်တန်းမတက်လို့မရဘူး။ သင်တန်းတက်ရမယ်ပြောတဲ့အခါမှာ ကျွန်တော် အိမ်ပြန်ခွင့်တောင်းပါတယ်။ အိမ်ပြန်လို့မရဘူး။ အိမ်ပြန်တဲ့အခါကျရင် ဖမ်းရင်၊ မိရင်သတ်ပစ်မယ်။ ဖမ်းမယ်။ သတ်ပစ်မယ်ပြောတဲ့အခါမှာ မပြန်ဘဲနဲ့ PDF သင်တန်းကို တက်ခဲ့ရပါတယ်။ သင်တန်းရောက်တော့လည်း အခက်အခဲတွေ အများကြီး တွေ့ခဲ့ရပါတယ်။ မိန်းကလေးတွေဆိုရင်လည်း ညဆိုရင် ကင်းတွေစောင့်ခိုင်းပါတယ်။ ဆောင်းတွင်းပိုင်းမှာ ရေတွေစိမ်ခိုင်းပါတယ်။ အစားအသောက်ပိုင်းဆိုင်ရာမှာလည်း ရှူးရှဲတစ်ထုပ်နဲ့ပဲ စားခဲ့ရတာများပါတယ်။ တစ်ခါတလေကျရင် ဘာမှမပါဘဲ စားခဲ့ရပါတယ်။ ကျွန်တော့်ကျန်းမာရေး သွေးတွေအန်တဲ့ထိဖြစ်တဲ့အခါမှာလည်း ဆေးမကုပေးဘဲနဲ့ သူတို့သင်တန်းပေးထားတဲ့ သူနဲ့ပဲ ကုပေးပါတယ်။ ဆေးရုံတင်ဖို့ ပြောတဲ့အခါမှာ ဆေးရုံတင်မပေးပါဘူး။ အစာအိမ်ဖြစ်တာ သေသွားတာမှမဟုတ်တာပဲဆိုပြီး သင်တန်းတွေ ဆက်တက်ခိုင်းပါတယ်။ မြန်မာဆေးနဲ့ ပျောက်အောင်ကုခဲ့ရပါတယ်။ သင်တန်းမှာ မလုပ်ချင်ဘူးလို့ပြောတဲ့အခါမှာ အပြစ်ပေးပြီးတော့ ရိုက်ပါတယ်။ အကြောင်းမရှိ အကြောင်းရှာပြီး အရိုက်ခံရပါတယ်။ မိန်းကလေးတွေဆိုလည်း အသားယူပါတယ်။

စာမျက်နှာ ၂၃ သို့

# အဏ္ဏဝါဂေဟစနစ် ပျက်စီးယိုယွင်းလာမှုများ

မေဇင်ထွန်း



အဏ္ဏဝါရေထုညစ်ညမ်းခြင်းသည် လူသားတို့ကို ရောဂါရစေ၊ သေကျေစေရုံသာမက ရေနေသတ္တဝါများ၏ ရှင်သန်မှုကိုထိခိုက်ကာ အဏ္ဏဝါဂေဟစနစ်ကြီး တစ်ခုလုံးကိုပါ ယိုယွင်းစေသော ပိုးမွှား၊ အနည်၊ အမှုန်၊ အရည်နှင့် ဓာတ်ပစ္စည်းအမျိုးမျိုးတို့ရောနေခြင်းကိုခေါ်သည်။ ရေထုညစ်ညမ်းမှုရှိ၊ မရှိသိနိုင်ရန် ရေတွင်မပါသင့်သည့် ပိုးမွှားနှင့် ဓာတုဇီဝပစ္စည်းများ သို့မဟုတ် ပါသင့်သည့် ပိုးမွှားနှင့်ဓာတုဇီဝပစ္စည်းများပမာဏကိုသတ်မှတ်၍ ၎င်းပမာဏထက် ကျော်လွန်မှုရှိ၊ မရှိကို စစ်ဆေးခြင်းဖြင့် သိရှိနိုင်သည်။ လူနှင့်တိရစ္ဆာန်တို့၏ မိလ္လာအညစ်အကြေးများ ရေတွင်ပါ၊ မပါ စစ်ဆေးရာတွင်လည်း အီးကိုလိုင် (E. coli) ခေါ် ဗက်တီးရီးယားတစ်မျိုးပါဝင်နေမှုကို အဓိကစစ်ဆေးကြသည်။ မိလ္လာအညစ်အကြေးများ၊ ဓာတ်မြေဩဇာများ၊ နိုက်ထရိတ်၊ နိုက်ထရိုက်စသည့် နိုက်ထရိုဂျင်ဓာတ်ပေါင်းများသည် ရေထုကိုညစ်ညမ်းစေသည်။ နိုက်ထရိတ်ပါသောရေတွင် နေထိုင်ကျက်စားသည့် ငါးနှင့်အခြားရေသတ္တဝါများကို စားသုံးခြင်းဖြင့် အဆိုပါအရာများ လူတို့၏ကိုယ်တွင်းသို့ ဝင်ရောက်သောအခါ နိုက်ထရိုက်အသွင်သို့ပြောင်းသွားသည်။ နိုက်ထရိုက်ကြောင့် လူတို့၏သွေးဆဲလ်များသည် အောက်ဆီဂျင်သယ်ယူနိုင်စွမ်းလျော့ပါးလာသဖြင့် ဦးနှောက်သို့ အောက်ဆီဂျင်အရောက်နည်းစေသည်။ ထိုအခါ ဦးနှောက်စွမ်းရည်ကျဆင်းခြင်း၊ မောပန်းလွယ်ခြင်း စသည်တို့ကို ခံစားရစေသည့်အပြင် နိုက်ထရိုဂျင်လွန်ကဲသောရေကို သောက်သုံးမိပါက အထူးသဖြင့် ကိုယ်ဝန်ဆောင်နှင့် မွေးကင်းစကလေးများ၏ကျန်းမာရေးကို ထိခိုက်စေသည်။

ကမ္ဘာ့တစ်ဝန်းရှိ အဏ္ဏဝါဂေဟစနစ်သည် လူသားတို့၏ အဆင်ခြင်မဲ့လုပ်ရပ်များကြောင့် ပြင်းထန်သောပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းမှုများ တဖြည်းဖြည်းကြီးထွားလာလျက်ရှိသည်။ အဏ္ဏဝါဂေဟစနစ်ညစ်ညမ်းမှုသည် ရေနေဇီဝမျိုးစုံမျိုးကွဲများအတွက် ကြီးမားသောဆုံးရှုံးမှုနှင့် ဂေဟစနစ်ဆိုင်ရာပြောင်းလဲမှု စသည်တို့ကိုဖြစ်စေသည်။ အဏ္ဏဝါဂေဟစနစ်ကို ညစ်ညမ်းစေသည့်အရာများမှာ စွန့်ပစ်သတ္တုပစ္စည်းများ၊ စက်ရုံများမှထွက်သည့် အမျိုးမျိုးသောစွန့်ပစ်ပစ္စည်းများ၊ ပလတ်စတစ်များ စသည်တို့ဖြစ်သည်။ ထိုညစ်ညမ်းသောအရာများသည် အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများ၏ အစားအစာကွင်းဆက်တွင် တဖြည်းဖြည်းစုပြုံ များပြားလာခြင်း၊ ကမ်းရိုးတန်းဒေသရှိ သဘာဝရေပြင်များကို ပျက်စီးယိုယွင်းစေကာ အဆိပ်ရှိရေညှိများ၊ ဗက်တီးရီးယားအမြောက်အမြားကိုဖြစ်ပေါ်စေခြင်းများ ဖြစ်လာသည်။ အဏ္ဏဝါသတ္တဝါများ၏ ဂေဟစနစ်သဟဇာတဖြစ်မှုကို ထိုညစ်ညမ်းသောအရာများက ဖျက်ဆီးပစ်လိုက်ပြီးနောက် ရေနေသတ္တဝါများ၏ မျိုးပွားမှုကို အနှောင့်အယှက်ဖြစ်ရာမှသည် ရှားပါးမျိုးသုဉ်းလာသည်ထိ ဖြစ်စေခဲ့သည်။

ကမ္ဘာကြီး၏ သမုဒ္ဒရာရေထုသည် လက်ရှိတွင် သိသာစွာ ပြောင်းလဲနေသည်။ ယခုကဲ့သို့ဖြစ်ရခြင်းမှာ ကမ္ဘာကြီးပူနွေးလာခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်း၊ ဆိုးရွားသော ရာသီဥတုအခြေအနေများဖြစ်ပေါ်ခြင်း၊ သမုဒ္ဒရာတွင် အက်ဆစ်ဓာတ်လွန်ကဲခြင်း၊ အခြားကျူးကျော်မျိုးစိတ်များ ဝင်ရောက်လာခြင်း၊ ပလတ်စတစ်ညစ်ညမ်းမှုများ များပြားလာခြင်း၊ ငါးအလွန်အကျွံဖမ်းခြင်း စသည်တို့ကြောင့်ဖြစ်သည်။ အဆိုပါ သက်ရောက်မှုများက ကမ်းရိုးတန်းဒေသတွင် နေထိုင်သော လူ့အဖွဲ့အစည်းတို့တွင် ထိခိုက်ဆုံးရှုံးမှုများဖြစ်စေသည်။

ထို့ပြင် ငါးအလွန်အကျွံဖမ်းခြင်းသည်လည်း သမုဒ္ဒရာတွင်းနေ အဏ္ဏဝါသတ္တဝါများလျော့နည်းမှုကို ဖြစ်စေသည်။ ပုံမှန်သဘာဝအလျောက် ငါးဖမ်းခြင်းသည် သမုဒ္ဒရာအတွက် သိသာထင်ရှားသော ရလဒ်များမဖြစ်စေသော်လည်း ဓာတုပစ္စည်းများအသုံးပြုဖမ်းဆီးခြင်း၊ လျှပ်စီးကြောင်းများလွှတ်ကာ ရှော့ခ်တိုက်ဖမ်းဆီးခြင်းက သမုဒ္ဒရာကြီးအတွက် ဆိုးရွားသောရလဒ်များကိုဖြစ်စေသည်။

ငါးအလွန်အကျွံဖမ်းခြင်းဆိုသည်မှာ ငါးများကို တစ်ချိန်တည်း အများအပြားဖမ်းဆီးခြင်းပင်ဖြစ်သည်။ ငါးများကို တစ်ချိန်တည်း အများအပြားဖမ်းယူခြင်းသည် ငါးများကိုသဘာဝအတိုင်း ပြန်လည်ပေါက်ဖွားရှင်သန်နိုင်ရန် အခွင့်အလမ်းနည်းပါးစေသည်။ ထိုသို့ဖမ်းခြင်းသည် မိမိအလိုရှိသည့်ငါးများအပြင် အခြားအမျိုးအစား ရေနေသတ္တဝါများ၊ ငါးသားပေါက်များအပါအဝင် အခြားရေနေသားပေါက်ငယ်များကိုပါ ငါးဖမ်းပိုက်ကွန်များတွင် ငြိတွယ်ပါလာစေသည့်အတွက် အခြားသော ရေနေသတ္တဝါမျိုးစိတ်များကို ဖြုန်းတီးပစ်သကဲ့သို့ဖြစ်စေသည်။ ထိုသို့ကြိမ်ဖန်များစွာ ငါးအလွန်အကျွံဖမ်းခြင်းသည် နှစ်ကာလကြာသောအခါ အဏ္ဏဝါနေသတ္တဝါမျိုးစိတ်များကို ကောင်ရေလျော့ကျလာစေပြီး အချို့သောရေနေသတ္တဝါမျိုးစိတ်များကို မျိုးသုဉ်းသည်ထိဖြစ်စေသည်ကို တွေ့ရှိရသည်။ ထိုသို့ ငါးများအပါအဝင် ပင်လယ်နေသတ္တဝါများ ရှားပါးလာခြင်းက ကမ္ဘာ့တစ်ဝန်းရှိ အဏ္ဏဝါရေလုပ်ငန်းများကို မှီခိုလုပ်ကိုင်စားသောက်ကြသည့် ရေလုပ်သားများကို အခက်အခဲ၊ အကျပ်အတည်းများ ဖြစ်ပေါ်စေသည်။

ကမ္ဘာ့တစ်ဝန်းတွင် ငါးအလွန်အကျွံသိုလှောင်ဖမ်းဆီးမှုအရေအတွက်သည် ရာစုနှစ်တစ်ဝက်အတွင်း သုံးဆတိုးလာကြောင်း သိရသည်။ ယနေ့ခေတ်၏ ငါးဖမ်းလုပ်ငန်း သုံးပုံတစ်ပုံသည် သတ်မှတ်ထားသောငါးဖမ်းရမည့်စည်းကမ်း၊ စံချိန်စံညွှန်း၊ တန်ချိန်များကိုကျော်လွန်၍ ပြုမူဆောင်ရွက်နေကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့မှ သိရသည်။

ငါးအလွန်အကျွံဖမ်းခြင်းသည် မတူညီသော အဏ္ဏဝါမျိုးစိတ်များအတွက် မလိုလားအပ်သော ပင်လယ်နေသတ္တဝါများ၏ အသက်များသေဆုံးခြင်းနှင့် ဆက်စပ်နေသည်ကို လေ့လာတွေ့ရှိခဲ့ကြသည်။ ထိုသို့ငါးအလွန်အကျွံဖမ်းခြင်းသည် ပင်လယ်လိပ်များနှင့် အခြားသောပင်လယ်နေသတ္တဝါများ ရာနှင့်ချီ၍ မလိုအပ်ဘဲ သေကျေစေရမှုများနှင့်ကြုံတွေ့ခဲ့ရပြီး ဘီလီယံနှင့်ချီ၍ ငါးများဆုံးရှုံးမှုဖြစ်ပေါ်စေသည်ကို တွေ့ရသည်။ ငါးအလွန်အကျွံဖမ်းခြင်းကြောင့် ငါးများပျက်သုဉ်းရမှုသည် ပင်လယ်ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသည်။

ယခုအခါ ကမ္ဘာတစ်ဝန်း ငါးဖမ်းသင်္ဘော လေးသန်းခန့်သည် ငါးများ ပိုမိုဖမ်းယူရရှိစေရန် စွမ်းဆောင်ရည်ပိုင်း ပိုမိုမြင့်မားလာသည့်အပြင် ငါးဖမ်းသင်္ဘောအရေအတွက်များလည်း တိုးလာကြသည်။ ငါးဖမ်းသင်္ဘောအစီးရေတိုးလာခြင်းသည် သမုဒ္ဒရာဂေဟစနစ်၏ တည်ဆောက်ပုံနှင့် သမမျှတမှုများကိုပျက်စီးစေသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းကို ကောင်းစွာစီမံခန့်ခွဲရန်၊ ထိန်းညှိရန်နှင့် ထိန်းချုပ်ရန် အားနည်းသေးသည်ကို တွေ့ရသည်။

ကမ္ဘာတစ်ဝန်းရှိ သန်းနှင့်ချီသောလူသားများသည် ရေလုပ်ငန်းလုပ်ကိုင်၍ အသက်မွေးကြသည်။ သဘာဝကပေးသော ရေသယံဇာတကို အရင်းပြု၍ အဓိကအသက်မွေးဝမ်းကျောင်းပြုကြသည်။ သို့သော် မိမိတို့၏အသက်ရှင်ရပ်တည်ရေးကို ပံ့ပိုးပေးနေသော ပင်လယ်သမုဒ္ဒရာနှင့် ရေသယံဇာတအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်ကိုမူ မေ့လျော့နေကြသည်။ မိမိ၏ကိုယ်ကျိုးစီးပွားတိုးတက်ရေးကိုသာ အာရုံစိုက်လုပ်ဆောင်နေသောကြောင့် သမုဒ္ဒရာအတွက် ဆိုးကျိုးများတိုးလာအောင် လုပ်ဆောင်နေသကဲ့သို့ ဖြစ်လာသည်။ ကမ္ဘာလုံးဆိုင်ရာသဘာဝပတ်ဝန်းနှင့် ရန်ပုံငွေအဖွဲ့ (WWF) သည် ဂေဟစနစ်များကို ထိန်းသိမ်းရုံသာမက အသက်မွေးဝမ်းကျောင်းပြုမှုများသည့် ရေရှည်တည်တံ့သောအလေ့အကျင့်များကို တည်တံ့စေရန်နှင့်စားနပ်ရိက္ခာဖူလုံမှုရှိရန်အတွက် ကမ္ဘာ့ငါးဖမ်းလုပ်ငန်းများကို ပြုပြင်ပြောင်းလဲရန် သက်ဆိုင်ရာ ရေလုပ်ငန်းလုပ်ကိုင်သူများကို တိုက်တွန်းထားကြောင်း သိရသည်။ သို့သော်လည်း တရားမဝင် ငါးဖမ်းခြင်းနှင့် ငါးအလွန်အကျွံဖမ်းခြင်းများသည် သိသိသာသာလျော့ကျသွားခြင်းမရှိသေးပေ။

ငါးသယံဇာတ၊ ရေသယံဇာတများ လျော့နည်းလာခြင်းသည် ပင်လယ်ရေနေသတ္တဝါများ သေဆုံးခြင်း၊ မျိုးသုဉ်းခြင်း၊ ပင်လယ်ရေအောက်အလှတရားများကို ပျက်စီးစေခြင်း စသည့်အကျိုးသက်ရောက်မှုများစွာဖြစ်စေသည်။ ရေသယံဇာတပေါ်ကြွယ်ဝပြီး ပင်လယ်ရေအောက်အလှတရားများ ပြည့်ဝနေမှသာ ခရီးသွားဧည့်သည်တို့ကို လည်ပတ်ချင်စဖွယ် ဆွဲဆောင်မှုကိုပေးစွမ်းနိုင်မည်ဖြစ်ပြီး ပင်လယ်ကို အမှီပြုကာ အသက်ရှင်ရပ်တည်ရသော ဒေသခံများ၏ဘဝရှင်သန်ရေးကိုလည်း တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီပေးရာနေရာများဖြစ်သည်။ သို့ရာတွင် တရားမဝင် ငါးဖမ်းခြင်း၊ ပင်လယ်သမုဒ္ဒရာများကို ထိန်းသိမ်းကာကွယ်မှုအားနည်းခြင်း၊ အဏ္ဏဝါပင်လယ်ပြင်အတွက်အရေးပါပြီး ဇီဝမျိုးစုံမျိုးကွဲများရှင်သန်ရာ ဒီရေတောများပြုန်းတီးခြင်း စသည်တို့ကြောင့်ရေနေသတ္တဝါများ၏ ကျက်စားရာနေရာများ၊ ပင်လယ်နေမျိုးစိတ်များ ပျောက်ဆုံးကာ မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်လာသည်။ ထို့သို့ရေနေသတ္တဝါများ၏ ကျက်စားရာနေရာများ ပျောက်ဆုံးခြင်းသည် ပင်လယ်နေမျိုးစိတ်များစွာကို ရှားပါးရာမှသည် လုံးဝမျိုးသုဉ်းပျောက်ကွယ်မှုကိုဖြစ်စေသည်။ ထို့ပြင် ပလတ်စတစ်များကြောင့် ပင်လယ်တွင်း ညစ်ညမ်းမှုများသည် ရေနေသတ္တဝါများတွင် မျိုးပွားမှုပြဿနာများ၊ ရေထုညစ်ညမ်းမှု၊ ရေနေသတ္တဝါများ၏အစာကွင်းဆက် စသည်တို့ကို အနှောင့်အယှက်များစွာဖြစ်စေသည်။

❖ ကမ္ဘာကြီး၏ သမုဒ္ဒရာရေထုသည် လက်ရှိတွင် သိသာစွာ ပြောင်းလဲနေသည်။ ယခုကဲ့သို့ဖြစ်ရခြင်းမှာ ကမ္ဘာကြီးပူနွေးလာခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်း၊ ဆိုးရွားသော ရာသီဥတုအခြေအနေများဖြစ်ပေါ်ခြင်း၊ သမုဒ္ဒရာတွင် အက်ဆစ်ဓာတ်လွန်ကဲခြင်း၊ အခြားကျူးကျော်မျိုးစိတ်များ ဝင်ရောက်လာခြင်း၊ ပလတ်စတစ်ညစ်ညမ်းမှုများ များပြားလာခြင်း၊ ငါးအလွန်အကျွံဖမ်းခြင်း စသည်တို့ကြောင့်ဖြစ်သည်။ အဆိုပါသက်ရောက်မှုများက ကမ်းရိုးတန်းဒေသတွင်နေထိုင်သော လူ့အဖွဲ့အစည်းတို့တွင် ထိခိုက်ဆုံးရှုံးမှုများဖြစ်စေသည်။ ❖

ထိုအကြောင်းတရားများစွာကြောင့် နိုင်ငံများ၏ အစိုးရများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသူများနှင့် ရေလုပ်ငန်းလုပ်ကိုင်သူများ အတူတကွပူးပေါင်းလက်တွဲ၍ စည်းမျဉ်းစည်းကမ်းများနှင့် တိကျသောမူဝါဒများချမှတ်ကာ ငါးဖမ်းခြင်းလုပ်ငန်းကို ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုသို့နည်းစနစ်မှန်ကန်စွာဖြင့် ငါးဖမ်းခြင်း၊ အဏ္ဏဝါရေပြင်ကို ကာကွယ်စောင့်ရှောက်ခြင်းသည် ကမ္ဘာ့လူဦးရေအတွက် လိုအပ်သော စားနပ်ရိက္ခာနှင့် ရေသယံဇာတအရင်းအမြစ်များ ပံ့ပိုးပေးနိုင်မည်ဖြစ်သည့်အပြင် အဏ္ဏဝါဂေဟစနစ်ပျက်စီးယိုယွင်းမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း ရေးသားအပ်ပါသည်။

**ကိုးကား**

- **Causes, Effects and Solutions to Over-fishing**
- **What are the main causes of sea pollution?**

## သြစတြေးလျနိုင်ငံတောင်ပိုင်းရှိ ပင်လယ်ပြင်တွင် အဆိပ်ရှိရေညှိများစွာ ပေါက်ရောက်နေ



**ကင်ဘာရာ ဇူလိုင် ၂၃**

သြစတြေးလျနိုင်ငံ တောင်ပိုင်းရှိပင်လယ်ပြင်တွင် အဆိပ်ရှိရေညှိများစွာပေါက်ရောက်နေကြောင်း ပြည်နယ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာတာဝန်ရှိသူများက ယနေ့တွင် ပြောကြားခဲ့သည်။

သြစတြေးလျနိုင်ငံတောင်ပိုင်းရှိပင်လယ်ပြင်တွင် အဆိပ်ရှိရေညှိများစွာပေါက်ရောက်နေခြင်းသည် ရေနေသတ္တဝါ မျိုးစိတ်များစွာပျက်စီးစေကာ ဒေသတွင်းခရီးသွားလာရေးနှင့် ငါးဖမ်းလုပ်ငန်းကို အနှောင့်အယှက် ဖြစ်စေသည့်အတွက် မပေါ့ဆသင့်ကြောင်း ပြည်နယ်ဝန်ကြီးချုပ် ပီတာမာလင်နှောကတ်က ပြောကြားခဲ့သည်။

ထိုရေညှိများပေါက်ရောက်ရာ ရေပြင်ဧရိယာသည် စတုရန်းကီလိုမီတာ ၅၀၀၀ ကျော်ကျယ်ဝန်းပြီး သမုဒ္ဒရာအပူချိန်များ မြင့်တက်လာခြင်းကြောင့် ရေညှိများပိုမိုပွားများ ပေါက်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ ရေညှိများတွင် အဆိပ်အတောက်များပါပြီး စားသုံးမိသော ရေနေသတ္တဝါမျိုးစိတ်များကို သေကျေစေကြောင်း၊ ထို့ပြင် ရေပြင်အတွင်းရှိ အောက်ဆီဂျင်ကို စုပ်ယူသွားသဖြင့် ရေနေသတ္တဝါများ အသက်ရှုကျပ်သေဆုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုရေညှိများကို ဖယ်ရှားရှင်းလင်းရန်စီစဉ်နေပြီး ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၉ ဒသမ ၁၁ သန်း ကုန်ကျမည်ဖြစ်ကြောင်း ပြည်နယ် သဘာဝပတ်ဝန်းကျင်ဌာနမှ သိရသည်။

Ref : Sputnik News

Trs : KZ

## ဘူလ်ဂေးရီးယာနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်နေ

**ဆိုဖီယာ ဇူလိုင် ၂၃**

ဘူလ်ဂေးရီးယားနိုင်ငံတွင် ဇူလိုင် ၂၁ ရက်က အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်နေပြီး အပူချိန်ပမာဏ ၃၃ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေကြောင်း ဘူလ်ဂေးရီးယားနိုင်ငံ မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ဇူလိုင် ၂၂ ရက် သတင်းများတွင်ဖော်ပြထားသည်။

အပူလှိုင်းကြောင့် အပူချိန်ပမာဏသည် ၄၂ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်သွားနိုင်ပြီး ၎င်းပမာဏသို့ ရောက်ရှိသွားပါက ဘူလ်ဂေးရီးယားနိုင်ငံ၏ သက်တမ်းတစ်လျှောက် အမြင့်မားဆုံးသော အပူချိန်ပမာဏတစ်ရပ်ဖြစ်ကြောင်း သိရသည်။

နေမွန်းတည့်ချိန် ကာလများတွင် အပူချိန်ပမာဏမှာအမြင့်ဆုံးအခြေအနေသို့ ရောက်ရှိမည်ဖြစ်ပြီး ညပိုင်းကာလများတွင်လည်း ပုံမှန်အပူချိန်ထက် မြင့်မားနိုင်ကြောင်း၊ အပူချိန်မြင့်တက်မှုမှာလည်း ပင်လယ်ရေမျက်နှာပြင်မီတာ ၁၂၀၀ အမြင့်ရှိသော နေရာများတွင် အပူချိန်ပမာဏမှာ ၃၃ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိမည်ဖြစ်ပြီး မီတာ ၂၀၀၀ အမြင့်ရှိသော ဧရိယာများတွင် အပူချိန်ပမာဏသည် ၂၆ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေကြောင်း မိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ထုတ်ပြန်ခဲ့သည်။

"ဘူလ်ဂေးရီးယားနိုင်ငံမှာ အပူလှိုင်းဖြတ်သန်းပြီးတော့ အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ အပူချိန်ပမာဏဟာ ၃၃ ဒီဂရီစင်တီဂရိတ်ထိမြင့်တက်နေပါတယ်။ အပူချိန်ဟာ စံချိန်တင်ပမာဏတစ်ရပ်ကို ရောက်ရှိသွားနိုင်ပြီးတော့ ၄၂ ဒီဂရီစင်တီဂရိတ်ထိရောက်ရှိနိုင်ပါတယ်။ နေ့ခင်းဘက်သာမက ညဘက်ပိုင်းမှာလဲ အပူချိန်ပမာဏဟာ မြင့်တက်နိုင်ပါတယ်။ ပင်လယ်နက်ပိုင်းမှာတော့ အပူချိန်ပမာဏဟာ ပုံမှန်အတိုင်းပဲ ဆက်လက်ဖြစ်ပေါ်နေပါတယ်။ ပင်လယ်ရေမျက်နှာပြင်ပိုမြင့်လေ အပူချိန်လျော့ကျလေပါပဲ"ဟု ဘူလ်ဂေးရီးယားနိုင်ငံ မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနမှ သုတေသီတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

## ဖင်လန်နိုင်ငံတွင် အပူချိန်မြင့်တက်မှုဖြစ်ပေါ်ခဲ့ပြီး တောမီးအန္တရာယ်သတိပေးချက် ထုတ်ပြန်ထား

**ဟယ်လ်ဆင်ကီး ဇူလိုင် ၂၃**

ဖင်လန်နိုင်ငံတွင် အပူချိန်မြင့်တက်မှု ဖြစ်ပေါ်လာခဲ့ပြီးနောက် တောမီးလောင်ကျွမ်းမှုများဖြစ်ပေါ်လာနိုင်သည့်အတွက် တောမီးအန္တရာယ် သတိပေးချက်ထုတ်ပြန်ထားကြောင်း Finnish Meteorological Institute (FMI) က ထုတ်ပြန်သွားခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။



ရာသီဥတု လွန်ကဲမှုများကြောင့် နယ်မြေတချို့တွင် အပူချိန်မြင့်တက်မှု ဖြစ်ပေါ်နေသော်လည်း နယ်မြေတချို့တွင် မိုးသက်လေပြင်း ကျရောက်လာနိုင်ကြောင်း၊ ဖင်လန်နိုင်ငံ မြောက်ဘက်ပိုင်း နယ်မြေများမှလွဲ၍ ကျန်သောနေရာများတွင် အပူချိန်မြင့်တက်နေခြင်းဖြစ်ပြီး မြောက်ဘက်ပိုင်းနယ်မြေများတွင် မိုးသက်လေပြင်းကျရောက်နိုင်သည့် အခြေအနေဖြစ်ကြောင်း၊ အအေးဓာတ်မြင့်မားသော ဖင်လန်နိုင်ငံတွင် အပူချိန်သည် ၃၀ ဒီဂရီစင်တီဂရိတ်ထိမြင့်တက်နေပြီး စံချိန်တင် အပူချိန်ပမာဏတစ်ရပ်သို့ ရောက်ရှိသွားနိုင်သည်ဟု Finnish Meteorological Institute (FMI) က ထုတ်ပြန်ခဲ့သည်။

"ရာသီဥတု လွန်ကဲမှုတွေကြောင့် နယ်မြေတချို့မှာ အပူချိန်မြင့်တက်နေပြီး နယ်မြေတချို့မှာတော့ မိုးသက်လေပြင်းကျရောက်လာနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ မြောက်ဘက်ပိုင်းနယ်မြေတွေကလွဲလို့ ကျန်တဲ့ဧရိယာတွေမှာ အပူချိန်မြင့်တက်မှုတွေနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ အပူချိန်ပမာဏဟာ ၃၀ ဒီဂရီစင်တီဂရိတ်ထိရောက်ရှိနေပြီးတော့ စံချိန်တင်ပမာဏထိ ရောက်ရှိလာနိုင်ပါတယ်။ မြောက်ဘက်ပိုင်းမှာလဲ မိုးသက်လေပြင်းကျရောက်လာနိုင်တဲ့အတွက်ကြောင့် ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ နိုင်ငံတစ်ဝန်းအမျိုးမျိုးသော သဘာဝဘေးဒဏ်ကြောင့် ကြိုတင်ပြင်ဆင်မှုတွေပြုလုပ်ထားသင့်ပါတယ်။ အအေးဓာတ်လွန်ကဲနေတဲ့ နိုင်ငံအတွက် အခုလိုအပူချိန် ၃၀ ဒီဂရီစင်တီဂရိတ်ထိမြင့်တက်နေတာဟာ ထူးခြားတဲ့ဖြစ်စဉ်ဖြစ်ပါတယ်"ဟု Finnish Meteorological Institute (FMI) မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

## ရာသီဥတုဖောက်ပြန်မှုက အလုပ်သမားများ၏ စားဝတ်နေရေးကို ထိခိုက်နိုင်ကြောင်း London School of Economics က ထုတ်ပြန်

**လန်ဒန် ဇူလိုင် ၂၃**

ကမ္ဘာတစ်ဝန်း ရာသီဥတုဖောက်ပြန်မှုနှုန်းမြင့်မားလာခဲ့ပြီးနောက် အလုပ်သမားများ၏ စားဝတ်နေရေးကို ထိခိုက်နိုင်ကြောင်း London School of Economics က သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

London School of Economics မှ သုတေသီများက ရာသီဥတုဖောက်ပြန်မှုနှင့်ဆက်စပ်သည့် အကျိုးသက်ရောက်မှုများကို သုတေသန ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ရာသီဥတု ဖောက်ပြန်မှုကြောင့် စိုက်ပျိုးရေး လုပ်ငန်းများနှင့် ဆောက်လုပ်ရေး လုပ်ငန်းများမှ အလုပ်သမားနှင့် အခြားသော လုပ်ငန်းများမှ လုပ်သားများမှာ အလုပ်ချိန် ကန့်သတ်ချက်များကြောင့် အခက်အခဲများရှိလာနိုင်ကြောင်း၊ ကမ္ဘာတစ်ဝန်း ရာသီဥတုဖောက်ပြန်မှုများကြောင့် သဘာဝဘေးဒဏ်များဖြစ်ပေါ်နေပြီး သဘာဝဘေးဒဏ်များကြောင့် ကဏ္ဍအသီးသီးမှ လုပ်သားများသည် ပုံမှန်အတိုင်းအလုပ်ဆင်းနိုင်မည် မဟုတ်သည့်အတွက်ကြောင့် စားဝတ်နေရေးကျပ်တည်းလာနိုင်ကြောင်း၊ ရာသီဥတုဖောက်ပြန်မှုနှင့်ဆက်စပ်ပြီး ကမ္ဘာတစ်ဝန်းရှိ အလုပ်သမားဦးရေ ၁ ဒသမ ၂ ဘီလီယံထိ ပုံမှန်အတိုင်း အလုပ်လုပ်ကိုင် ဆောင်ရွက်နိုင်ခြင်းမရှိသည့် အခြေအနေဖြင့် ရင်ဆိုင်နေရကြောင်း သုတေသီများက ထုတ်ပြန်ခဲ့သည်။

"ရာသီဥတုဖောက်ပြန်မှုနဲ့ ပတ်သက်ပြီးတော့ သုတေသနလုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ ရာသီဥတုဖောက်ပြန်မှုကြောင့် စီးပွားရေးကဏ္ဍနဲ့ ပတ်သက်ပြီးတော့ အကျိုးသက်ရောက်မှုတွေကို အသေးစိတ် သုတေသန ပြုလုပ်ဖြစ်ခဲ့တယ်။ ရာသီဥတု ဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာတဲ့ သဘာဝဘေးဒဏ်တွေကြောင့် စီးပွားရေးကဏ္ဍက လုပ်ငန်းအသီးသီးမှာအလုပ်သမားတွေဟာအလုပ်ဆင်းနိုင်မှုအတွက် ကန့်သတ်ချက်တွေရှိနေပါတယ်"ဟု London School of Economics သုတေသီအဖွဲ့မှ တာဝန်ရှိသူဖီယာတက်က ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

## တောင်ကိုရီးယားအစိုးရက ရေဘေးသင့်သဘာဝဘေးအန္တရာယ်ဇုန်များကို ကြေညာခဲ့

**ဆိုးလ် ဇူလိုင် ၂၃**

တောင်ကိုရီးယားနိုင်ငံ အစိုးရက နိုင်ငံတွင်းရှိ ရေဘေးသင့်မြို့ခြောက်မြို့ကို အထူးသဘာဝဘေးအန္တရာယ်ဇုန်အဖြစ် ဇူလိုင် ၂၂ ရက်က ကြေညာခဲ့ကြောင်း သိရသည်။

အထူးသဘာဝဘေးအန္တရာယ်ဇုန်အဖြစ် သတ်မှတ်ထားသော ရေဘေးသင့်မြို့များမှာ Gyeonggi ပြည်နယ်ရှိ Gapyeony မြို့၊ တောင် Chungcheong ပြည်နယ်ရှိ Seasan မြို့နှင့် Yesan မြို့၊ တောင် Jeolla ပြည်နယ်ရှိ Da-myang မြို့၊ တောင် Gyeongsang ပြည်နယ်ရှိ Sancheong မြို့နှင့် Hapcheon မြို့များဖြစ်ကြောင်း၊ တောင်ကိုရီးယား နိုင်ငံအတွင်း ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသည့် အခြေခံအဆောက်အအုံနှင့် လမ်းများစာရင်းကိုလည်း ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ထိုစာရင်းအရ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူ ၁၉ ဦး သေဆုံးပြီး ကိုးဦးပျောက်ဆုံးနေကာ လူ ၂၅၄၉ ဦး အိုးမဲ့အိမ်မဲ့ဖြစ်နေဆဲဖြစ်ကြောင်း၊ နေအိမ်များ၊ စျေးဆိုင်များနှင့် စက်ရုံများအပါအဝင် အဆောက်အအုံ ၃၇၇၆ လုံး ရေနစ်မြုပ်ပျက်စီးခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံ ပြည်ထဲရေးနှင့် ဘေးကင်းရေးဝန်ကြီးဌာနမှ သိရသည်။

လက်ရှိတွင် မြေပြိုမှုနှင့်ရေကြီးမှုများဆိုးရွားစွာ ဖြစ်ပေါ်နေသော ရေဘေးသင့်ခရိုင်များကို အထူးသဘာဝဘေးအန္တရာယ်ဇုန်အဖြစ် တောင်ကိုရီးယားသမ္မတလီဂျေးမြောင်၏ အစိုးရကထုတ်ပြန်ခဲ့ပြီး ရေဘေးဒုက္ခသည်များကို အရေးပေါ်စီမံခန့်ခွဲရေးနှင့် ငွေကြေးဆိုင်ရာ အထောက်အပံ့များ ပေးသွားမည်ဖြစ်ပြီး ပျောက်ဆုံးနေသူများကိုလည်း ရှာဖွေကယ်ဆယ်ရေးများ ဆောင်ရွက်နေကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# စိတ်ကိုထိန်းတာ မြတ်မင်္ဂလာ

**ဘုန်းသန့်စင်**

**ထိန်းနိုင်ရန်လိုပါသည်**

"ကိုယ်၊ နှုတ်၊ နှလုံး" သုံးပါးစလုံးကို ယဉ်ကျေးသိမ်မွေ့အောင် ထိန်းသိမ်းနိုင်ရန်အတွက် အဓိကအားဖြင့် မိမိ၏စိတ်ကို ဖြူစင်သန့်ရှင်းအောင်ထားရန်လိုသည်။ မိမိစိတ်ကိုမထိန်းနိုင်ဘဲ မကောင်းမှုများနောက်သို့ ကောက်ကောက်ပါအောင် လိုက်မိမည်ဆိုပါက ဘဝတစ်ခုလုံး ကျွမ်းထိုးမှောက်ခုံဖြစ်ကာ အသက်ပါဆုံးရှုံးရနိုင်သည်။ စိတ်ကိုညစ်ညူးအောင်၊ မကောင်းမှုများကိုပြုလုပ်မိအောင် ဆွဲဆောင်နိုင်သည့် စိတ်၏မွေ့လျော်ရာ "အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ"ဆိုသည့်အာရုံများကို ကောင်းမွန်သည့်ဘက်သို့ရောက်အောင် ထိန်းသိမ်းထားနိုင်ရန်လိုသည်။ အာရုံငါးပါးကာမဂုဏ်တရားတို့ကို တတ်နိုင်သမျှ ရှောင်ရှားနိုင်ခြင်းသည် ကောင်းမှုကုသိုလ်များတိုးပွားစေပြီး မကောင်းမှုဟူသမျှကင်းဝေးစေသည်။

ခေတ်မီတိုးတက်လာမှုနှင့်အတူ မျိုးဆက်သစ်လူငယ်များ၏ စိတ်ကိုဆွဲဆောင်နေသည့်အရာများက ပိုမိုများပြားလာသည်။ ဘဝတိုးတက်ရေးအတွက် အရေးကြီးသည့် အသိပညာ၊ အတတ်ပညာများကို ရှာဖွေဆည်းပူးရမည့် လူငယ်များ၏ တန်ဖိုးရှိလှသည့် အချိန်များကို ဖွဲ့ထုတ်ယူငင်နေသည့် ခေတ်ရေစီးကြောင်း၏ ဆွဲဆောင်မှုနောက်သို့ မလိုက်မိရန်လိုသည်။ လူငယ်များ၏အားလပ်ချိန်များတွင် စိတ်ကိုအာဟာရဖြစ်စေသည့်စာဖတ်ခြင်းဖြင့် ဘဝအသိနှင့်ဆင်ခြင်တုံတရားတို့ကိုရနိုင်သော်လည်း စမတ်ဖုန်းသုံး၍ အွန်လိုင်းအသုံးပြုခြင်းကို ပိုမိုအားသာနေသည်ကိုတွေ့ရသည်။ အင်တာနက်အွန်လိုင်းအသုံးပြု၍ ဘဝအတွက် အကျိုးရှိသည့်အရာများကို လုပ်နိုင်သည်ဟုဆိုသော်လည်း အကောင်းထက် အဆိုးဘက်ကိုသာဦးတည်နေသည့် အွန်လိုင်းဂိမ်းများကလည်း လူငယ်များ၏ စိတ်ကိုမြူဆွယ်နေပြန်သည်။

**ကောင်းသည့်အရာများဖြစ်စေရန်**

မိတ်ဆွေသူငယ်ချင်း အပေါင်းအသင်းများနှင့် တွေ့ဆုံချိန်ခဏအခိုက်အတန့်ကာလများတွင်လည်း ကိုယ်ရောစိတ်ပါ ကျန်းမာစေမည့် စုပေါင်းအားကစားပြုလုပ်ခြင်း၊ စက်ဘီးစီးခြင်း၊ အပန်းဖြေခရီးထွက်ခြင်း စသည့်ကောင်းမွန်သော အလေ့အကျင့်များကိုပြုလုပ်ကြရန်လိုသည်။ ခေတ်ရေစီးကြောင်းပြောင်းလဲမှုနှင့်အတူ ပျော်ရွှင်စရာပြန်လည်ဆုံစည်းချိန်ကာလများကို အသောက်အစားနှင့် အပျော်အပါးများဘက်သို့ ဦးတည်မိခြင်းမရှိရလေအောင် ထိန်းသိမ်းရမည်ဖြစ်သည်။ စိတ်ပင်ပန်းနွမ်းနယ်မှုများကို ပြေပျောက်စေရေးအတွက် ပြုလုပ်မိကြသည့်လုပ်ရပ်များတွင် မိမိ၏ ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်မှုကို ထိခိုက်စေမည့် အရက်သေစာသောက်စားခြင်းကဲ့သို့သော အပြုအမူများမပါဝင်မိစေရန် ထိန်းသိမ်းရမည်ဖြစ်သည်။

"အတ္တသမ္မာပဏိဓိ စ- မိမိ၏ ကိုယ်စိတ်နှစ်ဖြာကို ကောင်းစွာပြုပြင် ထိန်းသိမ်းထားနိုင်ခြင်းသည် မင်္ဂလာမည်၏"ဟု မြတ်စွာဘုရားရှင်က ဟောကြားထားသည်။ စိတ်ဆိုသောအရာသည် အာရုံငါးပါးကာမဂုဏ်တရားတို့၌ မွေ့လျော်တတ်သည့် သဘောရှိသည်။ ခဏတာပျော်ရွှင်မှုကို ပေးစွမ်းနိုင်သည့် မကောင်းသည့်အရာများကိုပြုလုပ်မိခြင်း မရှိရလေအောင် ထိန်းသိမ်းရသည်ကလည်း မလွယ်ကူလှပေ။ စိတ်၏အစွမ်းသတ္တိရှိမှုကို မြတ်စွာဘုရားရှင်က "စိတ္တဝတော ကိံနာမ ကမ္မံ နသိဇ္ဈတိ" ဟုဟောကြားထားသည်။ "စိတ္တဝတော- ထက်သန်သောစိတ်ရှိသူအား၊ ကိံနာမ - အဘယ်မည်သော၊ ကမ္မံ- အမှုကိစ္စဟူသမျှ သည်၊ နသိဇ္ဈတိ - မပြီးစီးဘဲရှိနိုင်ပါအံ့နည်း၊ သိဇ္ဈတိ ဧဝ-မုချအမှန်ကေန် ပြီးစီးအောင်မြင်ရမည်" ဆိုသကဲ့သို့ပင် စိတ်၏စေစားရာကို လိုက်ပါဆောင်ရွက်နေရသည့် လူသားများ မိမိစိတ်ကိုကောင်းသည့်နေရာသို့ပို့၍ ကောင်းသည့်အလုပ်များကို လုပ်ကိုင်မိစေရေးထိန်းချုပ်နိုင်မည်ဆိုပါက အောင်မြင်မှုများကိုရယူနိုင်မည်မှာ မလွဲဧကန် အမှန်ပင်ဖြစ်သည်။

**ထိန်းရန်ခက်တာထိုစိတ်ပါ**

စိတ်၏ စေရာကိုခန္ဓာကိုယ်ကလိုက်ပါဆောင်ရွက်ရသဖြင့် စိတ်ကိုထိန်းချုပ်၍ မကောင်းမှုဟူသမျှ မြူတစ်မှုန်မျှပင် မကျူးလွန်မိစေရေးအားထုတ်ရန်လိုသည်။ ကံသုံးပါးတွင် ထိန်းချုပ်ရအခက်ဆုံး ကံသည် မနောကံဆိုသည့် စိတ်ဖြင့်ကြံစည်မိသော အရာပင်ဖြစ်ပြီး မနောကံဖြင့် ကြံစည်မိသမျှအရာတို့ကိုလည်း ဝစီကံနှုတ်ဖြင့် ကျူးလွန်မိခြင်းမှသည် ကာကကယံမြောက် လိုက်ပါလုပ်ဆောင်ခြင်းတို့ထိဖြစ်တတ်ကြသည့်သဘောရှိသဖြင့် စိတ်အစဉ်တွင် ကြည်လင်သန့်ရှင်း၍ နေရန်လိုသည်။ မြတ်စွာဘုရားရှင်က အပ္ပမာဒေနသမ္ပါဒေထ - မမေ့မလျော့သော သတိတရားဖြင့် စိတ်အစဉ်တွင် ငါးဖြာအာရုံကာမဂုဏ်တရားတို့ ကင်းစင်နေစေရေး သတိပေးထားခဲ့ပြီးဖြစ်သည်။

ဗာရာဏသီပြည်ကို အုပ်ချုပ်စိုးစံခဲ့သောဖြဟ္မဒတ်မင်းတွင် သားတော်တစ်ထောင်ခန့် မွေးဖွားထားလေသည်။ သားတော်အငယ်ဆုံးဖြစ်သူသည် "ဘုရား၊ တရား၊ သံဃာ"ဟူသည့် ရတနာမြတ်သုံးပါးကို လွန်စွာကြည်ညိုသူဖြစ်သကဲ့သို့ မိဘဆရာသမားများ၏ ဆိုဆုံးမမှုကိုလည်း မြေဝယ်မကျနားထောင်သူဖြစ်လေသည်။ တစ်ထောင်သော သားတော်တို့အနက်တွင် မိမိသည် အငယ်ဆုံးသော သားဖြစ်သဖြင့် မင်းအဖြစ်ကိုရရန်ဖြစ်နိုင်ခြင်းရှိ၊ မရှိ နန်းတော်တွင်းသို့ ဆွမ်းစားကြွလာသောပစ္စေကဗုဒ္ဓါတို့ထံ လျှောက်ထားမေးမြန်းမိလေသည်။ ထိုအခါ ပစ္စေကဗုဒ္ဓါတို့က "အရှင့်သား သင်သည် ဗာရာဏသီပြည်မှ ယူဇနာ ၁၂၀ ခန့် ဝေးကွာသောတက္ကသိုလ်ပြည်သို့ ခုနစ်ရက်အတွင်း အရောက်သွားနိုင်ပါမူ မင်းအဖြစ်ကိုရယူနိုင်လိမ့်မည်။ သို့ရာတွင် ခရီးလမ်း၌ အာရုံငါးပါးကာမဂုဏ်တရားတို့ကို ထိန်းချုပ်ရန် လိုလိမ့်မည်" ဟုမိန့်ကြားလေသည်။

**အာရုံငါးပါးကိုထိန်းပါ**

မင်းသားငယ်လည်း ပစ္စေကဗုဒ္ဓါတို့၏ လမ်းညွှန်မှုနှင့်အညီ အဖော်ငါးဦးဖြင့် တက္ကသိုလ်ပြည်သို့ ထွက်ခွာခဲ့ရာလမ်းခရီးတွင် ဖြတ်သန်းသွားလာသူတိုင်းကို "ရူပါရုံ - အဆင်း၊ သဒ္ဒါရုံ - အသံ၊ ဂန္ဓာရုံ- အနံ့၊ ရသာရုံ - အရသာ၊ ဖောဋ္ဌဗ္ဗာရုံ - အတွေ့အထိ၊" ဆိုသည့် အာရုံငါးပါးကာမဂုဏ်တရားတို့ဖြင့် ဖမ်းစားကာစားသောက်သည့် ဘီလူးမတို့နေရာတောအုပ်ကို ဖြတ်ရလေသည်။ တောအုပ်သို့ဝင်ပြီး ခဏတွင် အဆင်းရူပါအလွန်လှပသည့် အမျိုးသမီးများစွာရှိသည့် ရွာတစ်ရွာကိုတွေ့ရလေသည်။ အဖော်ငါးဦးအနက် အမျိုးသားတစ်ဦးသည် အလွန်လှပသည့် အမျိုးသမီးများကိုတပ်မက်စိတ်ကိုမထိန်းနိုင်သဖြင့် ခြေနှာသည်ဟုဆိုကာ နေခဲ့လေသည်။ အမှန်စင်စစ်တွင်မူ အဆင်းရူပါလှပသည့် အမျိုးသမီးတို့မှာ ဘီလူးမများသာဖြစ်သဖြင့် အဆင်းအာရုံအပေါ် တပ်မက်မိပြီးနေခဲ့သည့် အမျိုးသားသည် ဘီလူးစားခြင်းကိုခံရကာ သေပွဲဝင်ရလေသည်။

မင်းသားနှင့် ကျန်အဖော်လေးဦးတို့ ဆက်လက်ထွက်ခွာလာခဲ့ရာ အလွန်သာယာငြိမ့်ညောင်းသည့် တေးဂီတသံများဖြင့်ဖုံးလွှမ်းနေသော ဘီလူးမတို့ ဖန်ဆင်းထားသည့် ရွာတစ်ရွာကိုဖြတ်ရပြန်လေသည်။ ရှေးနည်းတူစွာပင် သာယာနာပျော်ဖွယ်ကောင်းသည့် တေးသံများ၏ ဖမ်းစားမှုကိုမခံစားနိုင်သည့် အမျိုးသားတစ်ဦးကကျန်ခဲ့ပြီး ဘီလူးစားခံရပြန်လေသည်။ မင်းသားနှင့် ကျန်အမျိုးသားသုံးဦးတို့ ဆက်လက်ထွက်ခွာလာခဲ့ရာ အလွန်မွှေးကြိုင်သည့် အစားအသောက်များကို ခင်းကျင်းကျွေးမွေးနေသည့် ရွာတစ်ရွာကိုတွေ့ပြန်ရာ အစားအသောက်မက်သည့် အမျိုးသားတစ်ဦးကျန်ခဲ့ပြန်လေသည်။ အမွှေးနံ့သာများထုံမွှမ်းနေသည့် နေရာအရောက်တွင် အမွှေးနံ့သာကြိုက်သည့် အမျိုးသားတစ်ဦးသည်လည်းကောင်း၊ ခန္ဓာကိုယ်အလှကိုပြ၍ အတွေ့အထိဖြင့် ဖမ်းစားသည့်နေရာအရောက်တွင် အမျိုးသားတစ်ဦးသည်လည်းကောင်း ကျန်ခဲ့ပြန်လေရာ မင်းသားတစ်ဦးတည်းသာ အသက်ရှင်ပြီး ဘီလူးမများက စားမရဖြစ်နေလေသည်။

**ဘီလူးစားမခံရစေရန်**

ဘုရားအလောင်းမင်းသားသည် တစ်ဦးတည်း တောအုပ်ကိုဖြတ်သန်းနေစဉ်တွင် ဘီလူးမများကို အုပ်ချုပ်ရသည့် ခေါင်းဆောင်ဘီလူးမသည် ဘုရားအလောင်းကိုမစားရမချင်း လက်မလျှော့ဟုဆိုကာ အမျိုးမျိုးသောနည်းလမ်းများဖြင့် ဆွဲဆောင်ကာ နောက်မှ လိုက်ပါလာလေသည်။ ဘုရားအလောင်းက ဤတောအုပ်သည် သာမန်ထက်ထူးခြားဆန်းပြားသည့် တောအုပ်ဖြစ်သဖြင့် မိမိနောက်သို့ အလွန်လှပကျော့ရှင်းသည့်အသွင်ဖြင့် လိုက်ပါလာသည်မှာလည်း ဘီလူးမပင်ဖြစ်သည်ဟု မှတ်ထင်ကာလုံးဝပင် လှည့်မကြည့်ဘဲ တက္ကသိုလ်ပြည်ဘက်သို့ ဦးတည်ကာခရီးဆက်လေသည်။ တက္ကသိုလ်ပြည် မြို့တံခါးအနီးရှိဇရပ်တစ်ခုသို့ရောက်သော် ခေတ္တနားခိုရန် ဇရပ်အပေါ်သို့တက်ကာ အနားယူလေသည်။ ဘီလူးမလည်း ဇရပ်အနီးတွင် နတ်သမီးတမျှ အလွန်လှပသည့် မင်းသမီးတစ်ပါးအသွင် ဖန်ဆင်းကာ ထိုင်၍နေလေသည်။

ထိုအခိုက်တွင် တက္ကသိုလ်ပြည်ကိုအစိုးရသောမင်းသည် တောကစားထွက်ရင်း ဇရပ်အနီးမှ အမျိုးသမီး (ဘီလူးမ)ကိုမြင်သော် ဘုရားအလောင်းမင်းသားက ဘီလူးမဖြစ်ကြောင်းပြောပြီး တားသော်လည်းမရနိုင်ဘဲ ချစ်ခင်နှစ်သက်မိသဖြင့် မိဖုရားအရာမြှောက်ရန်ဟုဆိုကာ နန်းတော်အတွင်းသို့ခေါ်ယူသွားလေသည်။ ညအိပ်ချိန်ရောက်သော် ဘီလူးမသည် ဘုရင်ကြီးကိုကာမဂုဏ်ဖြင့် မြူဆွယ်၍ တက္ကသိုလ်ပြည်တစ်ခုလုံးကို အပိုင်စားပေးရန် တောင်းလေသည်။ နောက်ဆုံးတွင် မင်းကြီးလည်း မြူဆွယ်မှုဒဏ်ကို မခံနိုင်ဘဲ နန်းတော်ကိုအပိုင်စား ပေးမိလေသည်။

ဘီလူးမလည်း မင်းကြီးထံမှ ခွင့်ပြုမိန့်ကိုရပြီးသည့်အခါ ကျန်ဘီလူးမများကိုပါခေါ်၍ မင်းကြီးအပါအဝင် နန်းတွင်းသူ၊ နန်းတွင်းသားအားလုံးကို ပျော်ရွှင်စွာစားသောက်ပစ်လိုက်လေသည်။ အရုဏ်ကျင်းအလင်းရောက်သည့်အခါ အရိုးစုများဖြင့်သာ ပြည့်နှက်နေသည့် နန်းတော်ကိုသာမြင်ကြရသဖြင့် မှူးကြီးမတ်ရာသေနာပတိတို့က အကြောင်းစုံကိုစုံစမ်းဆင်ခြင်ပြီး ဘီလူးမဖြစ်ကြောင်းကို ကြိုတင်ဟောကိန်းထုတ်ခဲ့သည့် မြို့တံခါးအနီးရှိဇရပ်ပေါ်တွင်နားနေသည့် ဘုရားအလောင်းမင်းသားကို ခေါ်ယူ၍ ဘုရင်အဖြစ် တင်မြှောက်ကြလေသည်။ အာရုံငါးပါးကာမဂုဏ်တရားတို့၏ ဆွဲဆောင်မှုကို မခံနိုင်သည့်သူတို့သည် အသက်ဆုံးရှုံးရသော်လည်း ဘုရားအလောင်းမင်းသားသည်ကား ကိုယ်နှုတ်နှလုံးတို့ကိုအစဉ်ထိန်းသိမ်းနိုင်သဖြင့် ဘုရင်အဖြစ်သို့ ရခဲ့သည်။

**အောင်မြင်မှုရစေရန်**

"မျက်စိဖြင့် မြင်ရသော - အဆင်း၊ နှာခေါင်းဖြင့် ရှူရှိုက်မိသော - အနံ့၊ နားဖြင့်ကြားရသော - အသံ၊ လျှာဖြင့် ထိတွေ့ရသော - အရသာ၊ ခန္ဓာကိုယ်ဖြင့် ထိတွေ့ရသော - အတွေ့အထိ"ဆိုသည့် အာရုံငါးပါးကာမဂုဏ်တရားတို့သည် ထိန်းချုပ်ရန်ခက်ခဲသည်။ ထိုအာရုံငါးပါးကာမဂုဏ်တရားတို့သည် မျိုးဆက်သစ်လူငယ်များ၏ဘဝတွင်လည်း ခလုတ်တံသင်းဖြစ်နေမည်ဖြစ်သည်။ ဘဝတိုးတက်လမ်းကို လိုလားတောင့်တသည့် မျိုးဆက်သစ်လူငယ်များသည် ဘဝတက်လမ်းကိုပိတ်နိုင်သည့် မကောင်းမှုတို့၏ မြူဆွယ်မှုကိုရှောင်ရှားကြရန် တိုက်တွန်းလိုသည်။

အတ္တသမ္မာပဏိဓိ စ - ဆိုသည့် ကိုယ်စိတ်နှဖြာကိုကောင်းစွာပြုပြင် ထိန်းသိမ်းထားနိုင်ခြင်း မင်္ဂလာတရားတော်ကိုလက်ကိုင်ထားကာ မကောင်းသောအတွေး၊ မကောင်းသောအကြံအစည်တို့ကို မိမိစိတ်အစဉ်မှ ကင်းစင်သွားအောင် ကြိုးစားကြရန်လိုသည်။ စိတ်အစဉ်တွင် မကောင်းမှုများကင်းစင်သွားသည့်အခါ မကောင်းသောအပြော၊ မကောင်းသောအလုပ်တို့ကိုကျူးလွန်မိလိမ့်မည်မဟုတ်ပေ။ ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးစလုံးကို မှန်ကန်တည့်မတ်စွာ ထိန်းသိမ်းထားတတ်သည့် မျိုးဆက်သစ်လူငယ်များအနေဖြင့် ကိုယ်ရောစိတ်ပါ ကျန်းမာစေမည့်လုပ်ရပ်မျိုးကိုသာပြုလုပ်လိမ့်မည်ဖြစ်သည်။ မိမိစိတ်ကိုဆွဲဆောင်သော မကောင်းသည့်အရာတိုင်းကိုလည်း ဝေးဝေးကရှောင်ခြင်းဖြင့် ဘဝခရီးကိုပျော်ရွှင်အောင်မြင်စွာ လျှောက်လှမ်းနိုင်ကြမည်ဖြစ်ပေသည်။

**ကိုးကား**

- တေလပတ္တဇာတ်၊ ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထုများ၊
- ၃၈ ဖြာမင်္ဂလာပုံပြင်များ၊ မင်းယုဝေ။

❖မိတ်ဆွေသူငယ်ချင်း အပေါင်းအသင်းများနှင့် တွေ့ဆုံချိန်ခဏအခိုက်အတန့်ကာလများတွင်လည်း ကိုယ်ရောစိတ်ပါကျန်းမာစေမည့် စုပေါင်းအားကစားပြုလုပ်ခြင်း၊ စက်ဘီးစီးခြင်း၊ အပန်းဖြေခရီးထွက်ခြင်း စသည့်ကောင်းမွန်သော အလေ့အကျင့်များကိုပြုလုပ်ကြရန်လိုသည်။ ခေတ်ရေစီးကြောင်းပြောင်းလဲမှုနှင့်အတူ ပျော်ရွှင်စရာပြန်လည်ဆုံစည်းချိန်ကာလများကို အသောက်အစားနှင့် အပျော်အပါးများဘက်သို့ ဦးတည်မိခြင်းမရှိရလေအောင် ထိန်းသိမ်းရမည်ဖြစ်သည်။ ❖

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၃-၇-၂၀၂၅ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | အမည် | နဝကမ္မ အလှူငွေ (ကျပ်) |
|---|---|---|
| ၁၀၂၂၃။ | ကွယ်လွန်သူနှစ်ဖက်မိဘများအားရည်စူး၍ ဦးတင်ဝင်း နှင့်ဇနီး ဒေါ်တင်ကြူကြူဆွေမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၁၀၂၂၄။ | ဦးဝင်းတင်နှင့်ဇနီး ဒေါ်အေးငြိမ်း၊ (သမီး)မဇွန်သစ်ဝင်း မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၁၀၂၂၅။ | ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်အေးရင်သန်း၊ (သမီး)မသင်ဇာဝင့်ကျော်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၁၀၂၂၆။ | ဦးမောင်မောင်သိန်းနှင့်ဇနီး ဒေါ်မြင့်မြင့်အောင်မိသားစု ကောင်းမှု | ၅၀၀၀၀၀ |
| ၁၀၂၂၇။ | ဦးလှိုင်မင်းသိန်းနှင့်ဇနီး ဒေါ်နှင်းမာဝင်း၊ (သမီး)မအိမ့်ခြူးစံမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၁၀၂၂၈။ | ဦးတင်ဝင်းထွဋ်နှင့်ဇနီး မယဉ်ယဉ်ဝေမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၁၀၂၂၉။ | ဦးတင်ထွေးနှင့်ဇနီး ဒေါ်ကြည်ကြည်သန်းမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၁၀၂၃၀။ | ကိုအောင်ကျော်စိုးနှင့်ဇနီး မဆွေဆွေအောင်မိသားစု ကောင်းမှု | ၁၆၈၀၀၀ |
| ၁၀၂၃၁။ | ဦးမြင့်ကိုကိုနှင့်ဇနီး ဒေါ်မူမူကျော်မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၁၀၂၃၂။ | ဦးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၁၀၂၃၃။ | မကြည်ဝေမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၂၃၄။ | ကိုရန်နိုင်ထွန်းမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၂၃၅။ | ဦးစိန်နှင့်ဇနီး ဒေါ်စိန်အေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၃၆။ | ကိုဝေမျိုးအောင်နှင့်ဇနီး မဇင်မာနွယ်၊ (သား)မောင်ပြည့်စုံမျိုး၊ မောင်စွမ်းပြည့်အောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၃၇။ | ဦးဇော်မင်းအောင်နှင့်ဇနီး ဒေါ်တင်တင်အေး၊ (သမီး)မမေသက်ခိုင်ဇော်၊ (သား)မောင်ကျော်ထက်အောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၃၈။ | ဦးတေဇာအောင်နှင့်ဇနီး ဒေါ်ဥမ္မာကျော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၃၉။ | ကိုဝေရန်ထွန်းနှင့်ဇနီး မနန်းနန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၄၀။ | ဒေါ်စိန်သန့်၊ သား၊ သမီး၊ မြေး တစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၄၁။ | ကွယ်လွန်သူဦးသန်းထူးအားရည်စူး၍ ကျန်ရစ်သူ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၄၂။ | ဦးလှမြင့်နှင့်ဇနီး ဒေါ်ဌေးဌေးမြင့်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၄၃။ | ဦးထွန်းမြင့်နှင့်ဇနီး ဒေါ်ခင်ကြူကြူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၄၄။ | ဦးစိုးမင်းလတ်နှင့်ဇနီး ဒေါ်အေးအေးနိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၄၅။ | ဦးချစ်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၄၆။ | ဦးလှဖေနှင့်ဇနီး ဒေါ်စိန်ရွှေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၄၇။ | ဦးမောင်မောင်စိန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၄၈။ | ဦးသောင်းစိန်နှင့်ဇနီး ဒေါ်ကြည်သန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၄၉။ | ဦးကျော်ညွန့်နှင့်ဇနီး ဒေါ်တင်မျိုးဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၅၀။ | ဦးလှဝင်းနှင့်ဇနီး ဒေါ်စန်းရည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၅၁။ | ဦးစန်းဌေးနှင့်ဇနီး ဒေါ်သီတာလွင်၊ (သမီး)မအိမြတ်ရွှေစင် (သား)မောင်ကောင်းမြတ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၅၂။ | ဦးလှကြည်နှင့်ဇနီး ဒေါ်အေးနုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၅၃။ | ဒေါ်လှစန်းကြည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၅၄။ | ဦးကျော်စွာဝင်းနှင့်ဇနီး ဒေါ်ဌေးဌေးမော်၊ (သမီး)မဆုလှဲ့ရည်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၅၅။ | ကွယ်လွန်သူဒေါ်သန်းဝင်းအားရည်စူး၍ ဦးမောင်ရင်မိသားစုကောင်းမှု | ၈၀၀၀၀ |
| ၁၀၂၅၆။ | ဒေါ်တင်ဝင်းမာမိသားစုကောင်းမှု | ၇၀၀၀၀ |
| ၁၀၂၅၇။ | ဦးသန်းစိုးနှင့်ဇနီး ဒေါ်ဝင်းဝင်းဌေးမိသားစုကောင်းမှု | ၅၅၅၀၀ |
| ၁၀၂၅၈။ | ဦးစိုးတင့်နှင့်ဇနီး ဒေါ်ခင်ခင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၅၉။ | ဦးမြသိန်းနှင့်ဇနီး ဒေါ်လှငြိမ်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၆၀။ | ဦးအောင်ကြည်နှင့်ဇနီး ဒေါ်တင်မြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၆၁။ | ဦးကြည်ငြိမ်းနှင့်ဇနီး ဒေါ်ညိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၆၂။ | ဦးထွန်းထွန်းအောင်နှင့်ဇနီး ဒေါ်ခင်ဆွေလင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၆၃။ | ဦးအောင်စိုးနှင့်ဇနီး ဒေါ်အေးအေးမြင့်၊ (သား)မောင်မျိုးမင်းအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၆၄။ | ဦးရဲထွဋ်ဦးနှင့်ဇနီး ဒေါ်မြတ်မြတ်သူ၊ (သား)မောင်ဇွဲမြတ်အောင်၊ (သမီး)မသွန်းစုဝတီ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၆၅။ | ကိုသောင်းထိုက်စံနှင့်ဇနီး မဝတီလှိုင်းအိ၊ (သား)မောင်ရှင်းခန့်တည်ကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၆၆။ | ဦးလှမြင့်နှင့်ဇနီး ဒေါ်ထွေးရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၆၇။ | ဦးရဲတင်နှင့်ဇနီး ဒေါ်ချိုဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၆၈။ | တပ်ကြပ်ကြီးမျိုးလွင်နှင့်ဇနီး ဒေါ်အေးအေးမာ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၆၉။ | ဦးစဝ်ခွန်စံအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၇၀။ | ဦးမောင်အုံးနှင့်ဇနီး ဒေါ်သောင်းမြင့်၊ သား၊ သမီး၊ မြေး၊ မြစ် တစ်စုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၇၁။ | ဦးကျော်စွာဦးနှင့်ဇနီး ဒေါ်ကေသီခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၇၂။ | ဦးမျိုးလွင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၇၃။ | ကိုရဲဝင်းထွဋ်နှင့်ဇနီး မယဉ်မင်းဖြိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၇၄။ | ဦးဝင်းဘိုနှင့်ဇနီး ဒေါ်ဥမ္မာအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၇၅။ | မလီလီမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၇၆။ | ဦးစိုးနိုင်ဦးနှင့်ဇနီး ဒေါ်တင်တင်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၇၇။ | ကွယ်လွန်သူကိုဝင်းနိုင်အားရည်စူး၍ ဦးအောင်နိုင်နှင့်ဇနီး ဒေါ်ငယ်နီမျိုး၊ (သား)မောင်ကျော်ဇင်ဟိန်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၇၈။ | ဒေါ်နန်းနီနီဦး၊ (သမီး)မနန်းရတီရွှန်းလက်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၇၉။ | ကိုအောင်မိုးဝင်းနှင့်ဇနီး မသဇင်ဖြူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၈၀။ | ဦးဝင်းတင့်ထူးနိုင်နှင့်ဇနီး ဒေါ်အိဖြူခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၈၁။ | ဦးကျော်ကျော်ဦးနှင့်ဇနီး ဒေါ်မေသဥ္ဇာနွယ်၊ (သား)မောင်အောင်ဖုန်းခန့်ကျော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၈၂။ | ဦးဇော်ဝင်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၈၃။ | ဦးဇော်မြင့်အောင်နှင့်ဇနီး ဒေါ်တူးတူးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၈၄။ | ဦးနေဝန်းနှင့်ဇနီး ဒေါ်ဆွေသင်းလှိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၈၅။ | ဒေါ်စောညွန့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၈၆။ | ကိုဝင်းနိုင်နှင့်ဇနီး မဌေးဌေးမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၈၇။ | ဦးစိုးမြင့်နှင့်ဇနီး ဒေါ်စန်းနွဲ့၊ (သား)မောင်အာကာထက်နှင့်ဇနီး မအေးမြတ်နိုင်၊(မြေး)မောင်မင်းထက်မြတ် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၈၈။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးဇော်လင်း နှင့်ဇနီး ဒေါ်ဝင်းဝင်းမာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၈၉။ | ကိုမျိုးသိန်းနှင့်ဇနီး မချိုချိုအေးမိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆

(ခ) **ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆


ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# နှစ်နိုင်ငံကုန်သွယ်မှုဆက်ဆံရေးတိုးမြှင့်ရန် ကြိုးပမ်းလာသော အာဖဂန်နစ္စတန်နှင့်ပါကစ္စတန်

ဝင်းဇင်(သုတေသန)

အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်တို့ကြား နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုးသည် ၂၀၂၅ ခုနှစ် ပထမခြောက်လပတ်ကာလအတွင်း အမေရိကန်ဒေါ်လာ ၁ ဘီလီယံနီးပါးခန့်ရှိလာပြီဖြစ်ကြောင်း အာဖဂန်နစ္စတန်စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနက အစီရင်ခံထုတ်ပြန်သွားခဲ့သည်။ ကုန်သွယ်မှုတန်ဖိုးသည် ပါကစ္စတန်နိုင်ငံမှ အာဖဂန်နစ္စတန်နိုင်ငံသို့ ဆေးဝါးပစ္စည်းများ၊ ပြုတ်ဆန်များ၊ သကြား၊ အဝတ်အထည်များ၊ ကုန်ကြမ်းများတင်ပို့မှုကြောင့် တိုးတက်လာခြင်းဖြစ်သည်။

လက်ရှိကုန်သွယ်မှုတန်ဖိုးသည် အိမ်နီးချင်းနှစ်နိုင်ငံကြား ကုန်သွယ်မှုမြင့်တက်လာမှုကို ထင်ဟပ်စေလျက်ရှိပြီး မကြာသေးမီနှစ်များအတွင်း နှစ်နိုင်ငံကုန်သွယ်မှု တန်ဖိုးမြင့်တက်လာခြင်းမှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ်မဟုတ်ပေ။ ထို့ပြင် အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံတို့ကြား လက်ရှိကုန်သွယ်မှုဆက်ဆံရေးသည် ပုံမှန်တိုးတက်လျက်ရှိပြီး အတားအဆီးများကိုသာ ကျော်လွှားနိုင်မည်ဆိုလျှင် နှစ်စဉ်ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၈ ဘီလီယံမှ ၁၀ ဘီလီယံထိမြင့်တက်လာနိုင်ပေသည်။

မကြာသေးမီအချိန်အတွင်းက တိုးတက်လာသော ကုန်သွယ်မှုသည် နှစ်ဖက်စလုံးမှ အပြန်အလှန်ဝယ်လိုအားကို ပြသနေခြင်းပင်ဖြစ်သည်။ သို့သော တဲဟိခ်အီတာလီဘန်ပါကစ္စတန် (TTP) အကြမ်းဖက်အဖွဲ့၏ စစ်သွေးကြွတိုက်ခိုက်မှုများသည် အာဖဂန်နစ္စတန်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့ကြား ကုန်သွယ်မှုနှင့် စီးပွားရေးဆိုင်ရာဆက်ဆံရေးများ ပိုမိုခိုင်မာအားကောင်းရေးအပေါ် အတားအဆီးများ ဖြစ်ပေါ်စေလျက်ရှိသည်။

ပါကစ္စတန်နိုင်ငံအနေဖြင့် ကုန်သွယ်မှုဆွေးနွေးပွဲများအပါအဝင် အာဖဂန်နစ္စတန်နှင့် ဆက်ဆံရေးများထူထောင်သည့်အချိန်တွင် အကြမ်းဖက်ပြဿနာသည် အဓိကစိုးရိမ်ပူပန်စရာဖြစ်နေသည်။ ငြိမ်းချမ်းမှုလေ့လာရေးဆိုင်ရာ ပါကစ္စတန် အဖွဲ့အစည်း၏ အစီရင်ခံစာအရ ပါကစ္စတန်နိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် အကြမ်းဖက်တိုက်ခိုက်မှု ၅၂၁ ကြိမ်ကြုံတွေ့ခဲ့ရပြီး ၂၀၂၃ ခုနှစ်ကထက် ၇၀ ရာခိုင်နှုန်းမြင့်တက်လာခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုများကြောင့် ပါကစ္စတန်နိုင်ငံတစ်ဝန်းတွင် ပြည်သူ ၁၀၀၀ ခန့် သေကျေထိခိုက်ခဲ့သည်။

၂၀၂၅ ခုနှစ် ပထမခြောက်လတာကာလအတွင်း တဲဟိခ်အီတာလီဘန်ပါကစ္စတန် (TTP) အဖွဲ့သည် ပါကစ္စတန်နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှု ၁၃၀၀ ကျော် ပြုလုပ်ခဲ့ကြောင်းနှင့် အဆိုပါတိုက်ခိုက်မှုများကြောင့် ပြည်သူ ၁၆၀၀ ကျော် သေကျေထိခိုက်ခဲ့သည်။ အကြမ်းဖက်ဝါဒသည် အာဖဂန်နစ္စတန်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့ကြား ကုန်သွယ်မှုစာချုပ်များ သိသိသာသာ တိုးတက်လာစေရန် မလုပ်ဆောင်နိုင်သည့် အကြောင်းရင်းများအနက် မှတစ်ခုပင်ဖြစ်သည်။ ၂၀၂၃ ခုနှစ် မူဝါဒအပြောင်းအလဲ၌ ပါကစ္စတန်နိုင်ငံသည် ၎င်း၏ဆိပ်ကမ်းများကို အသုံးပြုကာ အာဖဂန်နစ္စတန်မှ တင်သွင်းလာသော ကုန်စည်များအပေါ် စည်းကြပ်ခွန် ၁၀ ရာခိုင်နှုန်းကောက်ခံခဲ့သည်။ ပါကစ္စတန်နိုင်ငံသည် အာဖဂန်နစ္စတန်နိုင်ငံအတွင်းမှနေကာ အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်နေသည့် အကြမ်းဖက်အုပ်စုများကို နှိမ်နင်းရေးအတွက် ကဘူလ်မြို့ကို ဖိအားပေးနိုင်ရန် ၎င်း၏စီးပွားရေးမောင်းနှင်အားကို အသုံးချနေခြင်းပင်ဖြစ်သည်။

နှစ်နိုင်ငံကုန်သွယ်မှုတွင် ရှိရင်းစွဲ ပုံမှန်တိုးတက်မှုများသည် နှစ်နိုင်ငံကြား တင်းမာမှုများ လျှော့ချရေးကြိုးပမ်းမှုနှင့် တိုက်ဆိုင်လျက်ရှိသည်။ မကြာသေးမီလများအတွင်း နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ရန် ကြိုးပမ်းမှုများကို တွေ့ရှိခဲ့ရသည်။ အဆိုပါ ကြိုးပမ်းမှုများကို တရုတ်နိုင်ငံက ကြားဝင်ဖြေရှင်း ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံသည် နှစ်နိုင်ငံကြား အဆင့်မြင့်သံခင်းတမန်ခင်းထိတွေ့ဆက်ဆံမှုများ လုပ်ဆောင်နိုင်ရေးအတွက် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိသည်။ သာဓကအနေဖြင့် ပါကစ္စတန်အစိုးရက ၎င်းတို့အနေဖြင့် အာဖဂန်နစ္စတန်ဆိုင်ရာ သံအမတ်ကြီးခန့်အပ်သွားမည်ဖြစ်ကြောင်း ယခုနှစ် မေလတွင် ထုတ်ပြန်သွားခဲ့သည်။ အာဖဂန်တာလီဘန်အဖွဲ့သည် ၂၀၂၁ ခုနှစ်တွင် ကဘူးလ်မြို့ကိုသိမ်းပိုက်ပြီး နောက်ပိုင်း ပါကစ္စတန်နိုင်ငံမှ သံအမတ်ကြီးခန့်အပ်မှုကို ပထမဆုံးဆောင်ရွက်ခြင်းဖြစ်သည်။



၂၀၂၅ ခုနှစ် ဧပြီလတွင် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး အီရှက်ဒါသည် အာဖဂန်နစ္စတန်သို့ ချစ်ကြည်ရေးခရီးသွားရောက်ချိန်မှစ၍ နှစ်နိုင်ငံဆက်ဆံရေးတွင် သိသာထင်ရှားသော ပြောင်းလဲမှုများဖြစ်ပေါ်လာခဲ့သည်။ ၎င်းခရီးစဉ်သည် နှစ်နှစ်ကျော်ပြီးနောက် ပါကစ္စတန်နိုင်ငံမှ အဆင့်မြင့်ပုဂ္ဂိုလ်တစ်ဦး၏ ပထမဆုံးသောခရီးစဉ်ပင်ဖြစ်သည်။ ယခုနှစ် ဖွန်လအတွင်း တရုတ်နိုင်ငံ၊ အာဖဂန်နစ္စတန်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့သည် တရုတ် - ပါကစ္စတန်စီးပွားရေးစင်္ကြံ(CPEC) ကို အာဖဂန်နစ္စတန်နိုင်ငံထိ တိုးချဲ့သွားရန် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

ပါကစ္စတန်နှင့်တရုတ်နိုင်ငံတို့သည် အာဖဂန်တီလီဘန်တို့ကို တဲဟိခ်အီတာလီဘန်ပါကစ္စတန် (TTP) နှင့် တခြားသောစစ်သွေးကြွအုပ်စုများအပေါ် ဖိအားပေးရေးစိတ်ဓာတ်မြှင့်တင်နိုင်ရန် ကုန်သွယ်မှုဆွေးနွေးပွဲများကို အလေးထားလုပ်ဆောင်နေဖွယ်ရာရှိနေသည်။ ထိုသို့လုပ်ဆောင်ခြင်းသည် အာဖဂန်တာလီဘန်တို့ကို စီးပွားရေးအခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့်အပြင် ၎င်းတို့အစိုးရအဖွဲ့ကို နိုင်ငံတကာအသိအမှတ်ပြုမှုများ ပိုမိုရရှိလာနိုင်မည်ဖြစ်ပေသည်။

မကြာသေးမီရက်များအတွင်းကပင် အာဖဂန်နစ္စတန်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့ကြား သံတမန်ဆက်ဆံရေးတိုးတက်လာပြီး ပါကစ္စတန်အနေဖြင့် တာလီဘန်အစိုးရအဖွဲ့ကို တရားဝင်အသိအမှတ်ပြုသွားရန် စဉ်းစားသုံးသပ်သွားမည်ဆိုသော ကောလာဟလသတင်းများ ထွက်ပေါ်ခဲ့သည်။ ရုရှားနိုင်ငံသည် အာဖဂန်ရှိတာလီဘန်အစိုးရအဖွဲ့ကို အသိအမှတ်ပြုရန် ယခုလအစောပိုင်း၌ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီး ပထမဆုံးအသိအမှတ်ပြုသည့် နိုင်ငံဖြစ်လာပြီးနောက် ပါကစ္စတန်နိုင်ငံကလည်း အာရုံစိုက်ဆောင်ရွက်လာခြင်းဖြစ်သည်။

အထူးသဖြင့် ပါကစ္စတန်နိုင်ငံသည် နှစ်နိုင်ငံကြား ဂယက်ရိုက်ခတ်မှုဖြစ်စေမည့် ကြေညာချက်များကို ထုတ်ပြန်ခြင်းမရှိပေ။ ပါကစ္စတန်၏ရှုထောင့်အရမူ နှစ်နိုင်ငံဆက်ဆံရေးအဆင့်မြှင့်တင်မှုများ မလုပ်ဆောင်သေးမီတိုင်းပြည်၏ လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများ၊ အထူးသဖြင့် တဲဟိခ်အီတာလီဘန်ပါကစ္စတန် (TTP) လှုပ်ရှားမှုများကို ဖြေရှင်းသွားရမည်ဖြစ်သည်။ အာဖဂန်တာလီဘန်အဖွဲ့သည် တဲဟိခ်အီတာလီဘန်ပါကစ္စတန် (TTP) တိုက်ခိုက်ရေးသမားများကို အုပ်ချုပ်ပံ့ပိုးမှုနှင့်လှုပ်ရှားမှုတို့အတွက် အထောက်အကူပြုနေကြောင်း ပါကစ္စတန်နိုင်ငံက တစိုက်မတ်မတ် ပြောဆိုလျက်ရှိသည်။ အာဖဂန်တာလီဘန်အဖွဲ့သည် ပါကစ္စတန်ရှိ တဲဟိခ်အီတာလီဘန်ပါကစ္စတန် (TTP) အဖွဲ့ကို ဆက်လက်ပံ့ပိုးလျက်ရှိကြောင်း ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ပိတ်ဆို့ချမှတ်မှုများဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့၏ နောက်ဆုံးအစီရင်ခံစာ၌ ဖော်ပြထားသည်။ အာဖဂန်နစ္စတန်ရှိ တဲဟိခ်အီတာလီဘန်ပါကစ္စတန် (TTP) အဆင့်အတန်းနှင့် အင်အားသည် ပြောင်းလဲမှုမရှိသော်လည်း ပါကစ္စတန်နိုင်ငံအပေါ် တိုက်ခိုက်မှုသည် သိသိသာသာမြင့်တက်လာခဲ့ကြောင်း ၎င်းအစီရင်ခံစာ၌ ဖော်ပြထားသည်။

အာဖဂန်တာလီဘန်အာဏာပိုင်များက ပါကစ္စတန်ဒုက္ခသည်ထောင်ပေါင်းများစွာကို နယ်စပ်ပြည်နယ်များမှ ဝေးကွာသည့်နေရာများသို့ ရွှေ့ပြောင်းမည့်အစီအစဉ်များကို မကြာသေးမီအချိန်အတွင်းကထုတ်ပြန်ကြေညာခဲ့သည်။ အာဖဂန်တာလီဘန်တို့သည် ပါကစ္စတန်ဒုက္ခသည်များကို တဲဟိခ်အီတာလီဘန်ပါကစ္စတန် (TTP) အပြင် ၎င်းတို့မိသားစုများနှင့်လည်း ဆက်နွှယ်မှုရှိသည်ဟု မကြာခဏရည်ညွှန်းပြောဆိုလျက်ရှိသည်။ ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး အီရှက်ဒါသည် မကြာသေးမီက အာဖဂန်နစ္စတန်နိုင်ငံသို့ သွားရောက်ခဲ့သည့်ခရီးစဉ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံကို တဲဟိခ်အီတာလီဘန်ပါကစ္စတန် (TTP) အဖွဲ့ များ နေရာပြန်လည်ချထားရေးအတွက် တောင်းဆိုခဲ့ဖွယ်ရာရှိနေသည်။ သို့သော် အာဖဂန်တာလီဘန်အဖွဲ့သည် အာဖဂန်နစ္စတန်တွင် တဲဟိခ်အီတာလီဘန်ပါကစ္စတန် (TTP) တည်ရှိမှုနှင့် ဆက်နွှယ်သော သတင်းများနှင့် စောဒကတက်မှုများကို ဆက်လက်ငြင်းဆိုလျက်ရှိသဖြင့် ပါကစ္စတန်ကအဆိုပြုထားသော စီမံကိန်းများ အကောင်အထည်ဖော်နိုင်မှုသည် မသေချာမရေရာဖြစ်ပေါ်လျက်ရှိသည်။

လွန်ခဲ့သော ခြောက်လတာကာလအတွင်း အာဖဂန်နစ္စတန်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့၏ နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဘီလီယံရှိလာခြင်းသည် မျှဝေနိုင်သည့် စီးပွားရေးဆိုင်ရာ အကျိုးစီးပွားများနှင့် ထုတ်ယူသွားရန်လိုအပ်သည့် အလားအလာကောင်းများရှိနေကြောင်းကို ထင်ဟပ်စေလျက်ရှိသည်။ သို့သော် ရှိရင်းစွဲနိုင်ငံရေးဆိုင်ရာ အတားအဆီးများ၊ အထူးသဖြင့် တဲဟိခ်အီတာလီဘန်ပါကစ္စတန် (TTP) နှင့် ဆက်စပ်သော အကြမ်းဖက်တိုက်ခိုက်မှုများသည် နှစ်နိုင်ငံကုန်သွယ်မှု၏ အလားအလာများအပေါ် သိသာထင်ရှားသော ခြိမ်းခြောက်မှုများ ဖြစ်ပေါ်စေလျက်ရှိသည်။

အာဖဂန်နစ္စတန် - ပါကစ္စတန်ဆက်ဆံရေးနှင့် စပ်လျဉ်း၍ တည်ငြိမ်အေးချမ်းမှုလမ်းကြောင်းသည် တိုးတက်လာသော ကုန်သွယ်မှု၊ စဉ်ဆက်မပြတ်လုပ်ဆောင်သော ဆွေးနွေးညှိနှိုင်းမှုများနှင့် တဲဟိခ်အီတာလီဘန်ပါကစ္စတန် (TTP) တို့ကို ထိန်းချုပ်နိုင်မှုအပေါ်တွင် လုံးလုံးလျားလျား မူတည်လျက်ရှိသည်။ နှစ်နိုင်ငံကုန်သွယ်မှုသည် အားတက်ဖွယ်ရာ တိုးတက်လျက်ရှိသော်လည်း အကြမ်းဖက်ဝါဒသည် အဓိကစိုးရိမ်ပူပန်မှုအဖြစ် ဆက်လက်တည်ရှိနေသရွေ့ကာလပတ်လုံး အနာဂတ်နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာ ဆက်ဆံရေးအပေါ် သက်ရောက်မှုဆက်လက်ဖြစ်ပေါ်နေဦးမည်ဖြစ်သည်။

အခြားတစ်ဖက်တွင်လည်း ကုန်းတွင်းပိတ်အာဖဂန်နစ္စတန်သည် ပင်လယ်ထွက်ပေါက်အထွက် ပါကစ္စတန်ကို မှီခိုအားထားနေရဆဲပင်ဖြစ်သည်။ အာဖဂန်နစ္စတန်သည် တည်နေရာကျယ်ပြန့်သည့် နိုင်ငံကြီးတစ်နိုင်ငံဖြစ်ပြီး တာလီဘန်အဖွဲ့သည် အိန္ဒိယ၊ ပါကစ္စတန်၊ တရုတ်စသည့် ဒေသတွင်း အိမ်နီးချင်းသုံးနိုင်ငံနှင့် ထိတွေ့ဆက်ဆံရန်စိတ်အားထက်သန်လျက်ရှိသည်။ တာလီဘန်အဖွဲ့သည် မဟာဗျူဟာမြောက် ပြိုင်ဆိုင်မှုများမှတစ်ဆင့် သံခင်းတမန်ခင်းနှင့် နိုင်ငံခြားရေးမူဝါဒချမှတ်ခြင်းတို့ကို အလျင်အမြန်လုပ်ဆောင်လျက်ရှိသည်။ နယူးဒေလီ၏ ရှုထောင့်အရမူ အာဖဂန်နစ္စတန်သည် အိန္ဒိယ၏ အလယ်အာရှမူဝါဒအတွက် အရေးပါလျက်ရှိသည်။

အာဖဂန်နစ္စတန်၏ တစ်မူထူးခြားသော ပထဝီနိုင်ငံရေးဆိုင်ရာ ရပ်တည်ချက်နှင့်ကြွယ်ဝပြီး ထုတ်ယူသုံးစွဲခြင်းမရှိသေးသော သဘာဝအရင်းအမြစ်များသည် အပြန်အလှန်အကျိုးဖြစ်ထွန်းသော ပူးပေါင်းဆောင်ရွက်မှုအတွက် အခွင့်အလမ်းများ ဖြစ်ပေါ်စေနိုင်သည်။ ပွင့်လင်းမြင်သာသော သဘောတူညီချက်များ ခိုင်မာသေချာအောင် ဆောင်ရွက်ခြင်း၊ ပြီးပြည့်စုံသော ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု၊ အမျိုးသားအကျိုးစီးပွားနှင့် အကျုံးဝင်သော အခြေခံအဆောက်အအုံစီမံကိန်းများ ဦးစားပေးဆောင်ရွက်ခြင်းဖြင့် အာဖဂန်နစ္စတန်နိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို တွန်းအားပေးနိုင်စေမည့် ရင်းနှီးမြှုပ်နှံမှုများ ထုတ်ယူသုံးစွဲသွားနိုင်မည်ဖြစ်သည်။

သို့သော် နိုင်ငံရေးနှင့်လုံခြုံရေးဆိုင်ရာ အတားအဆီးများ၊ အထူးသဖြင့် တဲဟိခ်အီတာလီဘန်ပါကစ္စတန် (TTP) နှင့် ဆက်နွှယ်သော အကြမ်းဖက်တိုက်ခိုက်မှုများသည် အာဖဂန်နစ္စတန်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့ကို နှစ်နိုင်ငံကုန်သွယ်မှု အပြည့်အဝဖော်ဆောင်နိုင်ရေးအပေါ် အတားအဆီးများ ဆက်လက်ဖြစ်ပေါ် နေဖွယ်ရာရှိပေသည်။

**ကိုးကား**

**– Pakistan–Afghanistan Trade Grows Amid Security Challenges by The Diplomat.**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀၂၅ ခုနှစ် ဇူလိုင် ၂၃ ရက်နေ့ထုတ် ရတနာပုံနေ့စဉ်သတင်းစာ စာမျက်နှာ (၂၉)၌ ဖော်ပြပါရှိသော ဆောင်းပါးရှင် ဝင်းဇင်(သုတေသန)၏ ဆောင်းပါးတွင်ပါရှိသော **စက်ဘက်** အစား **စစ်ဘက်** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာတည်းအဖွဲ့**

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

ဆေးပညာဘွဲ့ရဆရာဝန်(အမျိုးသမီး)နှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရ ဆရာဝန်(အမျိုးသမီး) ဗိုလ်လောင်းလျှောက်လွှာများအား ၂၆-၆-၂၀၂၅ ရက်နေ့မှ စ၍ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၃၁-၇-၂၀၂၅ ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့်** လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

ဗလ ငါးတန် ဖွံ့ဖြိုးဖို့ စာအုပ် စာပေ ဖတ်ကြစို့

ခြင်ဆေးခွေ သုံးလျှင် သတိယူဉ် အောက်တွင် ခံခွက် မမေ့နှင့်













စာအုပ် စာပေ လူ့မိတ်ဆွေ

## မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၅၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၅၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မုံရွာခရိုင်တွင် မတ်ပဲကေ ၂၁၀၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါမတ်ပဲစိုက်ပျိုးမှုကို ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မုံရွာမြို့နယ်တွင်ကေ ၅၃၀၊ အရာတော်မြို့နယ်တွင် ၄၉ ကေ နှင့် ချောင်းဦးမြို့နယ်တွင် ၄၇၈ ကေ စုစုပေါင်း ၁၀၅၇ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာခရိုင်မှာ မတ်ပဲကေ ၂၁၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိကေ ၁၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။မတ်ပဲလျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မတ်ပဲစိုက်ပျိုးရာမှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကို မြေပြင်ကွင်းဆင်းဆောင်ရွက်နေပါတယ်" ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ယခုနှစ် မုံရွာခရိုင်တွင် မတ်ပဲစိုက် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ဒေသနှင့် ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး တို့ကို အသိပညာပေးလျက်ရှိကြောင်းသိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

## ကျောင်းကုန်းမြို့နယ်တွင် ငါးသလောက်များ အရောင်းအဝယ်ကောင်းမွန်နေ

**ကျောင်းကုန်း ဇူလိုင် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက် ငါးသလောက်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ယခုနှစ် ဇူလိုင်ပထမပတ်မှ စတင်ပြီးယနေ့ထိ ငါးသလောက်များ ဝယ်ယူမှုကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ လက်ရှိအဆိုပါ ငါးသလောက်များ တစ်ရက်လျှင် ပိဿာချိန် ၃၅၀၀ မှ ၄၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။

" ဝယ်ယူတာကောင်းလာလို့ အရောင်းအဝယ် ကောင်းနေတာပါ။ အခုလမှာ ငါးသလောက်ပိဿာချိန် ၄၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေတာ။ လက်ရှိအရောင်းအဝယ်ဖြစ်နေတဲ့ ငါးသလောက်တွေက လတ်ဆတ်မှုနဲ့ အရွယ်အစားအပေါ်မူတည်ပြီး ဈေးအပြောင်းအလဲရှိပါတယ်။ လက်ရှိ ငါးသလောက်တွေ အဝယ်လိုက်နေပါတယ်။ ဒီဘက်ကနေ တင်ပို့တဲ့ ငါးသလောက်တွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကိုလဲ တင်ပို့ရောင်းချနေပါတယ်''ဟု ကျောင်းကုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် အရောင်းအဝယ်ကောင်းမွန်နေသည့် ငါးသလောက်အသေး တစ်ပိဿာလျှင်ငွေကျပ် ၁၈၅၀၀ ၊ အလတ်တစ်ပိဿာလျှင်ငွေကျပ် ၂၇၀၀၀ မှ ၃၅၅၀၀၊ အကြီး တစ်ပိဿာလျှင် ၅၅၀၀၀ မှ ၆၅၀၀၀ ထိအရွယ်အစားအပေါ်မူတည်ကာ ဈေးအပြောင်းအလဲရှိကြောင်း ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းထံမှ သိရသည်။ **ကျော်ကျော်လင်း**











## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိရှိစေရန် အသိပေးကြေညာခြင်း

တာချီလိတ်မြို့၊ ပါဆတ်ရပ်ကွက်၊ ပဆ-၁၁၂ နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အုံးယိမ် (ဘ) ဦးယောရှု၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/တခလ(နိုင်)၀၆၆၃၀၅)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အုန်းယိမ် (ဘ) ဦးယောရှု(၁၃/တခလ(နိုင်)၀၆၆၃၀၅)နှင့် ဦးကျခူး (ဘ) ဦးကျစူး(၁၃/တခလ(နိုင်)၀၇၂၃၄၆)တို့သည် (၁-၂-၂၀၀၅)ရက်နေ့မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်းမတိုက်ဆိုင်သည့်အပြင် အကြင်လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့သဖြင့် (၂၁-၇-၂၀၂၅) ရက်နေ့တွင် တာချီလိတ်ခရိုင်တရားရုံး၌ "နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်" ပြုလုပ်ချုပ်ဆို၍ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေးကိုယ်တာကိစ္စရပ်များကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောက်ယှက်ခြင်း၊ ကူညီဖြေရှင်းခြင်းများ မပြုလုပ်တော့ဘဲ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်းများ မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအသိပေးအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်အုန်းယိမ်
(၁၃/တခလ(နိုင်)၀၆၆၃၀၅)

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဆုမွန်ဖြိုး(LL.B)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၉၃၆၄)
ဖုန်း ၀၉-၄၄၀၀၄၅၃၅၂

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ အထက(၁)၊ Grade-10(ခရေ)ခန်းတွင် ပညာသင်ကြားနေသော မောင်နိုင်လင်းဝေ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဖြိုးဖြစ်ပါကြောင်း။
ဦးဖြိုး(၉/ကဆန(နိုင်)၁၆၂၈၃၃)

## ဖခင်အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ Grade-4(A) တွင်ပညာသင်ကြားနေသော မခေခေကို၏ဖခင်အမည်မှန်မှာ မွေးဖွားစာရင်းအရ ဦးကောင်းမြတ်ဖြစ်ပါကြောင်း။ ဦးကောင်းမြတ်(၉/မဟမ(နိုင်)၀၈၅၁၈၄)

## ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့နေ မမော်မော်မြင့် (ဘ) ဦးယုန်စိမ်း (၁၃/နခန(နိုင်)၁၁၁၃၂၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၇၆၅၁၀၁၀၀၇









## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့်အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ မြန်မာနိုင်ငံ၏ နိုင်ငံအရေးကို မြန်မာနိုင်ငံသားများကသာ ဆုံးဖြတ်ရမည်ဖြစ်...**

(ယာယီသမ္မတ (တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး(၁/၂၀၂၅)တွင် ပြောကြားမှုမှ ကောက်နုတ်ချက်)

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး “ရဋ္ဌနန္ဒက” မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၃

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော်အထီးကလေး တစ်စီးကို ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက်မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်ကလေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံးလုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန်ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ “ရဋ္ဌနန္ဒက”ဖြစ်ပြီး အဆိုပါဆင်ဖြူတော်ကလေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာရှစ်ချက်အနက်

စာမျက်နှာ ၂၀ ကော်လံ ၁ ☆

## နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

နေပြည်တော် ဇူလိုင် ၂၃

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း(Low Pressure Area) ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## လယ်ဝေးမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၆ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ




ပြစ်မှုကျူးလွန်သူ ချစ်နိုင်ထွေး(ခ)မိုးဒီ၊ စောနေပိုင်(ခ)နေပိုင်နှင့် သိန်းမြင့်(ခ)သိန်းဟန်တို့ကို ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၂၃

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၁ ရက် နံနက် ၈ နာရီခွဲတွင် လယ်ဝေးမြို့နယ် သစ်ကြိမ်းကျေးရွာအုပ်စု ကြာကန်ကျေးရွာအနီးတွင် အောင်နန်းချိုကျေးရွာဘက်မှ တောင်စဉ်အေးရွာဘက်သို့ စောနေပိုင်(ခ)နေပိုင် မောင်းနှင်လာသော LAND CRUISER မော်တော်ယာဉ်နှင့် ရှေ့နောက်လိုက်ပါလာသည့် ချစ်နိုင်ထွေး(ခ)မိုးဒီ မောင်းနှင်လာသော ALPHARD မော်တော်ယာဉ်တို့ကို

စာမျက်နှာ ၂၃ ကော်လံ ၁ ❍

Quality For You VEGA ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You




ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၇၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၄၉